Parliamentary Centre
Le Centre parlementaire

EMReF
Enlightened Myanmar Research Foundation

# လွှတ်တော်ရေးရာ
# သင်တန်း | သုတေသန
# လက်စွဲ






# လွှတ်တော်ရေးရာသုတေသန
## သင်တန်းလက်စွဲ

မူပိုင်ခွင့် © ၂၀၁၈ ပါလီမန်စင်တာ (ကနေဒါ) နှင့် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)

ဤထုတ်ဝေမှုကို ပါလီမန်စင်တာ (ကနေဒါ)နှင့် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) ထံမှ ကြိုတင်ခွင့်ပြုချက်မပါဘဲ ဤစာအုပ်၏ မည်သည့်အပိုင်းကိုမျှ ပြန်လည်ထုတ်ဝေခြင်း၊ ပြန်လည်ရယူအသုံးပြုနိုင်သည့်စနစ်အတွင်း သိမ်းဆည်းခြင်း၊ သို့မဟုတ် မိတ္တူကူးယူခြင်း၊ အသံသွင်းခြင်း (သို့) အခြားနည်းဖြစ်သော အီလက်ထရောနစ်၊ စက်ပစ္စည်းစသည့် မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းများဖြင့်မဆို ကူးယူဖြန့်ဝေခြင်းများမပြုလုပ်ရန် အသိပေးအပ်ပါသည်။

ဤစာအုပ်တွင်ဖော်ပြထားသော အမြင်များသည် IDRC (သို့မဟုတ်) IDRC စီမံအုပ်ချုပ်ရေးဘုတ်အဖွဲ့များ၏ အမြင်များကို ကိုယ်စားမပြုပေ။

Parliamentary Centre
Le Centre parlementaire

1000-66 Slater St.
Ottawa, Ont.
K1P 5H1
Canada

အီးမေးလ်- parlcent@parl.gc.ca
ဝက်ဘ်ဆိုက်- www.parlcent.org
ဖုန်း - +1 (613) 237-0143

EMReF
Enlightened Myanmar Research Foundation

တိုက်(၃)၊ အခန်း (အေ-၃၀၅)၊ သစ္စာဥယျာဉ်အိမ်ရာ၊ ၃ လမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။

အီးမေးလ်- info@emref.org
ဝက်ဘ်ဆိုက်- www.emref.org
ဖုန်း - +၉၅ ၁ ၈၅၆၂၄၃၉

ဤစာအုပ်ကို **ကနေဒါနိုင်ငံဆိုင်ရာ ကမ္ဘာ့ရေးရာအဖွဲ့ (GAC)နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)** တို့ထံမှ ရန်ပုံငွေထောက်ပံ့မှုဖြင့် စီစဉ်ရေးဆွဲခြင်းဖြစ်သည်။

Government of Canada Gouvernement du Canada

IDRC | CRDI


# ဥယျောဇဉ်

လွှတ်တော်ကိုယ်စားလှယ်များသည် အမြော်အမြင်ဖြင့်ပြည့်စုံသော ဆုံးဖြတ်ချက်များချရန်အတွက် ခိုင်လုံမှုရှိပြီး ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် လိုအပ်လှပေသည်။ တိုင်းပြည်စီမံ အုပ်ချုပ်ရေး၌ တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေပြု လွှတ်တော်များ၏အခန်းကဏ္ဍ ပို၍အရေးကြီးလာနေသော မြန်မာနိုင်ငံတွင် လွှတ်တော်များအား သုတေသနရေးရာ အထောက်အပံ့များပေးရန် အထူးလိုအပ်နေပြီး၊ အလွန်လည်းအရေးကြီးပေသည်။

ထိုအကြောင်းကြောင့်ပင် ပါလီမန်စင်တာ (ကနေဒါ) နှင့် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) တို့မှ 'လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်မြှင့်တင်ခြင်း- မြန်မာနိုင်ငံ ရှမ်းပြည်နယ်လွှတ်တော်' စီမံချက်တွင် ပူးတွဲ၍စီစဉ်ရေးဆွဲထားသော လွှတ်တော်ရေးရာ သုတေသနသင်တန်းလက်စွဲစာအုပ်ကို စာဖတ်ပရိတ်သတ်များအားမိတ်ဆက်ပေးနိုင်မှုကို ကျွန်ုပ်အနေဖြင့် အလွန်ဝမ်းမြောက်ပါသည်။

ယခုစာအုပ်သည် မြန်မာနိုင်ငံရှိ ရှမ်းပြည်နယ်လွှတ်တော်နှင့် အခြားသောလွှတ်တော်များအတွက်သာမက EMReF ကဲ့သို့ လွှတ်တော်များအား ထောက်ကူပေးနေသည့် မြန်မာ့အဖွဲ့အစည်းများအတွက်ပါ အဖိုးတန်သတင်းအချက်အလက်များကို ပံ့ပိုးပေးသည်။ ဤစာအုပ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ၏ သက်ဆိုင်ရာစွမ်းဆောင်ရည်များကို တိုးမြှင့်တည်ဆောက်ပံ့အပါအဝင် လွှတ်တော်ရေးရာ သုတေသနခေါင်းစဉ်နှင့်စပ်လျဉ်းသော လက်တွေ့ကျအသုံးဝင်သည့် အသိပညာများပါဝင်သည်။

ဤလက်စွဲစာအုပ်ကို စီစဉ်ရေးသားသော ပါလီမန်စင်တာ (ကနေဒါ)နှင့် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF) တို့အပြင် ဤစီမံချက်ဖြစ်မြောက်ရေးအတွက် ရန်ပုံငွေထောက်ပံ့ပေးသော ကနေဒါနိုင်ငံဆိုင်ရာ ကမ္ဘာ့ရေးရာအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာတို့အား ကျေးဇူးအထူးတင်ရှိကြောင်း ဤဥယျောဇဉ်ဖြင့် ဖော်ပြလိုပါသည်။



စိုင်းလုံးဆိုင်
ဥက္ကဋ္ဌ
ရှမ်းပြည်နယ်လွှတ်တော်

# မာတိကာ


**ဥယျောဇဉ်**

**နိဒါန်း** ..... ၆

**အကောင်အထည်ဖော်ဆောင်ရွက်သော အဖွဲ့အစည်းများ** ..... ၇

**ကျေးဇူးတင်လွှာ** ..... ၈

**လွှတ်တော်ရေးရာသုတေသန၏ သဘောသဘာဝနှင့် တန်ဖိုး** ..... ၉

လွှတ်တော်ရေးရာသုတေသနဆိုတာ ဘာလဲ ..... ၉

လွှတ်တော်ရေးရာ၏သုတေသနတန်ဖိုး ..... ၁၅

သုတေသနနည်းနာ ..... ၁၆

**ကျားမရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသန** ..... ၂၃

ကျားမရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသနဆိုတာ ဘာလဲ ..... ၂၃

သရုပ်ခွဲလေ့လာမှုအစီရင်ခံစာတွင် ကျား/မရေးရာထိခိုက်မခံမှုပြ (Gender-Sensitive) ဘာသာစကားများသုံးစွဲခြင်း ..... ၂၆

**သင်တန်းဖွဲ့စည်းမှုပုံစံ နှင့် သင်ကြားမှု** ..... ၂၈

နိဒါန်း ..... ၂၈

သင်တန်းလိုအပ်ချက်များကို ဖော်ထုတ်ခြင်း (လိုအပ်ချက်ဆန်းစစ်လေ့လာမှုများ-Needs Assessments) ..... ၃၁

သင်တန်းများကို စီစဉ်ရေးဆွဲခြင်း ..... ၃၆

သင်တန်းများကို အကဲဖြတ်ခြင်း ..... ၄၂

**နောက်ဆက်တွဲ - နည်းကိရိယာများနှင့် အရင်းအမြစ်များ** ..... ၅၀

(က) လိုအပ်ချက်ဆန်းစစ်လေ့လာမှုဆိုင်ရာ ကိစ္စရပ်လေ့လာမှုများ ..... ၅၀

(ခ) လိုအပ်ချက်ဆန်းစစ်လေ့လာရေး နည်းကိရိယာများ ..... ၅၄

(ဂ) သင်တန်းသင်ရိုးညွှန်းတမ်းပုံစံ ..... ၅၆

(ဃ) အင်္ဂလိပ်ဘာသာဖြင့်ရရှိနိုင်သော သုတေသနရင်းမြစ်များ ..... ၅၈

(င) ကျား/မရေးရာ ထိခိုက်မခံသောသုတေသနဆိုင်ရာ မြန်မာဘာသာရင်းမြစ်များ ..... ၆၅

# နိဒါန်း

၂၀၁၇ ဇူလိုင်လမှစတင်၍ ၂၀၁၈ ဇွန်လအထိ၊ ပါလီမန်စင်တာ (ကနေဒါ)သည် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)နှင့်တွဲဖက်၍ ကနေဒါနိုင်ငံဆိုင်ရာ ကမ္ဘာ့ရေးရာအဖွဲ့ (GAC)နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) တို့ထံမှ ထောက်ပံ့ရန်ပုံငွေဖြင့် 'လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်မြှင့်တင်ခြင်း - မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်လွှတ်တော်' စီမံချက်ကို အကောင်အထည်ဖော်ခဲ့သည်။ ဤစီမံချက်သည် အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီအကူးအပြောင်း နယ်ပယ်တွင် ကျား‌မရေးရာထည့်သွင်းစဉ်းစားမှုရှိသော မူဝါဒများနှင့်ဥပဒေပြုရေးအတွက် အထောက်အထားတစ်ခုတည်ဆောက်ရန် ရှမ်းပြည်နယ်လွှတ်တော်၏ လွှတ်တော်ရေးရာ သုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေးကို အာရုံစိုက်လုပ်ဆောင်ခြင်းဖြစ်သည်။

စီမံချက်တွင် ယုတ္တိကျကျချိတ်ဆက်ထားသောအပိုင်း သုံးပိုင်းပါဝင်သည်။ ပထမအပိုင်းသည် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ အတွက် ကျား/မရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ရေရှည်တည်တံ့သော အထောက်အပံ့ ပံ့ပိုးပေးပုံနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအခြေပြု အကြံပေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ပညာအလင်းပွင့်မြန်မာသုတေသန ဖောင်ဒေးရှင်း (EMReF)၏ လက်တွေ့အသုံးကျအသိပညာနှင့် စွမ်းဆောင်ရည်တိုးမြှင့်ရေးကို အလေးပေးလုပ်ဆောင်သည်။ ဒုတိယ အပိုင်းတွင်မူ ရှမ်းပြည်နယ်လွှတ်တော်၏ လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေးကို ဦးတည်သော လက်တွေ့အစပျိုး လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ရန်အတွက် ပါလီမန်စင်တာ (ကနေဒါ)သည် EMReF နှင့် ပူးပေါင်းခဲ့သည်။ တတိယအပိုင်းတွင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအတွင်း သုတေသန အထောက်အကူပေးရေးဝန်ဆောင်မှုများ၏လုပ်ငန်းစွမ်းဆောင် ရည်ကို တိုင်းတာခြင်းအတွက် နည်းနာဗေဒတစ်ခုဖော်ထုတ်စမ်းသပ်ရာတွင် EMReF အား အထောက်အကူများ ပံ့ပိုးပေးခဲ့သည်။

ဤသင်တန်းလက်စွဲစာအုပ်သည် လွှတ်တော်ရေးရာသုတေသန၏ အဓိကသဘောတရားများအပြင်၊ မြန်မာနိုင်ငံအတွင်းရှိလွှတ်တော် များ၏ သုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေးကို ဦးတည်သောစီမံချက်များနှင့် သင်တန်းများစီစဉ်ပုံ၊ အကောင်အထည်ဖော်ပုံနှင့် အကဲဖြတ်ပုံတို့ကို အလေးပေးရေးသားထားသည်။ အကြောင်းအရာများကို EMReF မှ သွင်းအားစုများဖြင့် ပါလီမန်စင်တာ (ကနေဒါ) မှ စီစဉ်ရေးဆွဲခဲ့သည်။ ပါလီမန်စင်တာ (ကနေဒါ) သည် ကမ္ဘာအနှံ့ရှိလွှတ်တော်များ၏ သုတေသနစွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ကျယ်ပြန့်သောအတွေ့အကြုံများမှရခဲ့သည့် သင်ခန်းစာများကို ထည့်သွင်းအသုံးချပြီး၊ အဆိုပါအသိပညာများကို မြန်မာနိုင်ငံအနေ အထားနှင့်ချိတ်ဆက်၍ ကိုက်ညီမှုရှိစေရေး အရေးကြီးအခန်းကဏ္ဍမှ EMReF က ပါဝင်ခဲ့သည်။

ဤလက်စွဲစာအုပ်တွင် အခန်း (၃) ခန်းပါဝင်သည်။

**အခန်း ၁ - လွှတ်တော်ရေးရာသုတေသန၏ သဘောသဘာဝနှင့် တန်ဖိုး**

ဤအခန်းသည် စာဖတ်သူအား လွှတ်တော်ရေးရာသုတေသနအကြောင်း အကျဉ်းမိတ်ဆက်ရှင်းလင်းပြီးနောက် လွှတ်တော်ရေးရာ သုတေသနပြုလုပ်ဆောင်ရွက်ပုံနှင့် သုံးသပ်စိတ်ဖြာသောအစီရင်ခံစာတစ်စောင်အသွင်ဖြင့် တွေ့ရှိချက်များအား ရှင်းလင်းတင်ပြပုံတို့ ပါဝင်သည်။

**အခန်း ၂ - ကျားမရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသန**

ဒုတိယအခန်းတွင် ကျားမရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသနအကြောင်း စာဖတ်ပရိသတ် နားလည်နိုင်စေသည့် သတင်းအချက်အလက်များ နှင့် ကျား/မရေးရာသရုပ်ခွဲလေ့လာမှုကို သုံးသပ်စိတ်ဖြာသော အစီရင်ခံစာများတွင် မည်သို့ပေါင်းစပ်ထည့် သွင်းနိုင်သည်ဆိုသည့် ခိုင်လုံသောသာဓကများ ပါဝင်သည်။

**အခန်း ၃ - လွှတ်တော်ရေးရာသုတေသနသင်တန်းများ ဖွဲ့စည်းတည်ဆောက်မှုပုံစံနှင့် သင်ကြားမှု**

သင်တန်းလက်စွဲစာအုပ်၏ နောက်ဆုံးအခန်းတွင် လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေးကို အလေးပေးသော စီမံချက်များနှင့်/သို့မဟုတ် သင်တန်းများကိုစီစဉ်ရန်နှင့် အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည့် မြန်မာနိုင်ငံရှိအဖွဲ့အစည်းများ အတွက် လမ်းညွှန်ချက်များပါဝင်သည်။ ၎င်းသည် လိုအပ်ချက်များကို ဆန်းစစ်လေ့လာခြင်း၊ စီမံချက်များနှင့်သင်တန်းများကို စီစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်ကို ဦးစွာရှင်းလင်းထားသည်။ ၎င်းသည် ရလဒ်များအား အကဲဖြတ်ပုံနှင့်စပ်လျဉ်း သည့် လမ်းညွှန်ချက်ကိုလည်း ပံ့ပိုးပေးထားသည်။

# အကောင်အထည်ဖော်ဆောင်ရွက်သော အဖွဲ့အစည်းများ

**ပါလီမန်စင်တာ (ကနေဒါ)**

ပါလီမန်စင်တာ (ကနေဒါ)သည် ကနေဒါနိုင်ငံနှင့် ကမ္ဘာအနှံ့တွင် ပါလီမန်ဒီမိုကရေစီအားကောင်းစေရေး လှုပ်ရှားဆောင်ရွက်နေသော သက်တမ်းအကြာဆုံး ဦးဆောင်အဖွဲ့အစည်းများထဲမှတစ်ခုအဖြစ် ၂၀၁၈ ခုနှစ်တွင် နှစ် ၅၀ သက်တမ်းပြည့်ပြီး၊ အကျိုးအမြတ်မယူသော ပါတီနှင့်မသက်ဆိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်း၏သုတေသနရလဒ်များနှင့် ချိတ်ဆက်လမ်းကြောင်းများကို ပေါင်းစပ်ပြီး ဆန်းစစ်လေ့လာမှု၊ မဟာဗျူဟာကျအစီအစဉ်ရေးဆွဲခြင်း နှင့် သင်တန်းပရိုဂရမ်များက လွှတ်တော်များနှင့်ဆက်စပ်နေသော ပါဝင်သက်ဆိုင်သူများအား ကူညီပေးသည့်အပြင် ယင်းတို့၏လုပ်ငန်းစွမ်းဆောင်ရည်ကို တိုင်းတာခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အရေးကြီးပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ကျားမရေးရာထည့်သွင်းစဉ်းစားသည့် ပုံစံဖြင့်နှစ်ဦးနှစ်ဖက်စလုံးမှ သင်ယူလေ့လာနိုင်ခြင်းတို့ကို မြှင့်တင်ပေးသည်။ အချုပ်ဆိုရသော် စင်တာ၏ရည်ရွယ်ချက်မှာ လွှတ်တော်များက ၎င်းတို့ကိုယ်စားပြုသည့် လူထုအား ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရေး ကူညီပေးရန်ဖြစ်သည်။ ပါလီမန်စင်တာ (ကနေဒါ)သည် သက်ဆိုင်ရာနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ယူမှုတို့ကို မြှင့်တင်ရင်းနှင့်ပင် နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် နိုင်ငံရေးထူးခြားမှုများအား လေးစားလိုက်နာသည့် အထောက်အကူမျိုးကို ပံ့ပိုးပေးသည်။ ပါလီမန်စင်တာ (ကနေဒါ) သည် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ကူပေးသော စီမံချက်များစွာကို ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် လုပ်ဆောင်လျက်ရှိသည်။

**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF)**

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော်များ အားကောင်းစေရန် ထောက်ကူပေးရာတွင် အထူးအလေးပေးဆောင်ရွက်သော အကျိုးအမြတ်ပဓာနမထားသည့် သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်သည်။ EMReF သည် (၂၀၁၀-၂၀၁၅) မြန်မာနိုင်ငံ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ၏ စွမ်းဆောင်ရည်လေ့လာသုံးသပ်မှုအပေါ် အာရုံစိုက်လုပ်ဆောင်ခဲ့ပြီး၊ ယခုအခါတွင် MyPILAR ဝက်ဘ်ဆိုက်(www.mypilar.org)မှတစ်ဆင့် တိုင်း (သို့) ပြည်နယ်လွှတ်တော်များ၏ လုပ်ဆောင်ချက်များပါဝင်သော သတင်းစာစောင်များကို နှစ်ပတ်တစ်ကြိမ်ထုတ်ဝေခြင်းအားဖြင့် လွှတ်တော်များနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဖြန့်ဝေပေးနေသည်။ EMReF သည် လွှတ်တော်ရေးရာသုတေသနအပါအဝင် နယ်ပယ်ကဏ္ဍအစုံတွင် တိုင်း/ပြည်နယ်လွှတ်တော်များအတွက် သင်တန်းနည်းပြများအဖြစ် စွမ်းဆောင်ရည် တိုးမြှင့်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

# ကျေးဇူးတင်လွှာ

ဤလက်စွဲစာအုပ်သည် ပါလီမန်စင်တာ (ကနေဒါ)နှင့် EMReF အဖွဲ့များ၏ အဖွဲ့ဝင်များဖြစ်သော ပါလီမန်စင်တာမှ အကြီးတန်းစီမံချက် အရာရှိ John Karalis၊ မိတ်ဖက်အဖွဲ့အစည်းနှင့် စီမံကိန်းဖွံ့ဖြိုးရေး ဒါရိုက်တာ Ivo Balinov ၊ လုပ်ငန်းပိုင်းဒါရိုက်တာ Lola Giraldo ၊ အလုပ်သင် Kaonga နှင့် EMReF မှ အမှုဆောင်အရာရှိချုပ် ဒေါ်မြတ်သက်သစ္စာ၊ ဒါရိုက်တာနှင့်မဟာဗျူဟာအကြံပေး ဒေါ်မြတ်သဲသစ္စာ၊ စီမံကိန်းညှိနှိုင်းရေးမှူး Thawng Za Pum၊ အကြီးတန်းသုတေသီ ဦးဇော်မင်းဦးနှင့် အကြီးတန်းသုတေသီ ဒေါ်ငြိမ်းသီရိဆွေတို့၏ စုပေါင်းကြိုးပမ်းအားထုတ်မှုများမှ ရလဒ်များပင်ဖြစ်သည်။

'လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်မြှင့်တင်ခြင်း- မြန်မာနိုင်ငံ ရှမ်းပြည်နယ်လွှတ်တော်' စီမံချက်အောက်ရှိ လုပ်ဆောင်ချက်များစွာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ပေးကြသော ရှမ်းပြည်နယ်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအားလုံးကိုလည်း အထူးကျေးဇူးတင်ကြောင်း ဤစာဖြင့်ဖော်ပြလိုက်ရပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံကိန်းဖြစ်မြောက်ရေးအတွက် ရန်ပုံငွေထောက်ပံ့ပေးခဲ့သော ကနေဒါနိုင်ငံဆိုင်ရာ ကမ္ဘာ့ရေးရာအဖွဲ့ (GAC) နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) တို့အားလည်း လေးလေးနက်နက်ကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။

# လွှတ်တော်ရေးရာသုတေသန၏ သဘောသဘာဝနှင့်တန်ဖိုး



ဓာတ်ပုံ- ရှမ်းပြည်နယ်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား သုတေသနသင်တန်းပေးစဉ်(စက်တင်ဘာလ၊ ၂၀၁၇)။

**သင်ကြားရေး ရည်ရွယ်ချက်များ**
ဤသင်ခန်းစာကို လေ့လာပြီးသည့်နောက်တွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

- လွှတ်တော်ရေးရာသုတေသနနှင့် ၎င်း၏တန်ဖိုးကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ခြင်း။
- သုတေသနနည်းနာအမျိုးမျိုးကို နားလည်စေခြင်း။
- ခွဲခြမ်းစိတ်ဖြာလေ့လာထားသော အစီရင်ခံစာ တည်ဆောက်ပုံကို နားလည်စေခြင်း။

## လွှတ်တော်ရေးရာ သုတေသန ဆိုတာ ဘာလဲ။

'သုတေသန'ဆိုသည့် စကားရပ်သည် ပညာရပ်ဆိုင်ရာနယ်ပယ်နှင့် လွှတ်တော်ဆိုင်ရာနယ်ပယ်တို့တွင် အဓိပ္ပာယ်ဖွင့်ဆိုပုံခြင်း မတူညီကြပေ။ ပညာရပ်ဆိုင်ရာသုတေသနသည် အသိပညာဗဟုသုတများ တိုးပွားစေရန်သော်လည်းကောင်း၊ နားလည်မှုတိုးပွားစေရန်သော်လည်းကောင်း ရည်ရွယ်လျက် လူ့အဖွဲ့အစည်းအတွင်းရှိ အမှန်တရားနှင့် အခြေခံအကျဆုံးသောဆက်စပ်မှုကို ရှာဖွေဖော်ထုတ်ရန်အတွက် စစ်မှန်သည့် အခြေခံသုတေသနအယူအဆအဖြစ် ဖွင့်ဆိုသည်။ အခြားတစ်ဖက်တွင် ဥပဒေပြုရေးမဏ္ဍိုင်တစ်ခုအတွက် သုတေသနကို သဘာဝအရှိတရား/ပြင်ပလောက၌ ပိုမိုအသုံးပြုသည်။ ထို့အပြင် ကျယ်ကျယ်ပြန့်ပြန့်တည်ရှိပြီး အသိပညာဗဟုသုတများကို ထုတ်ယူသုံးစွဲကာ လွှတ်တော်ကိုယ်စားလှယ်များအတွက် အသုံးဝင်သည့် အသွင်ပုံစံအဖြစ်ဖန်တီးခြင်းဖြစ်သည်။ ဤသတင်းအချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်များက သီးခြားပြဿနာရပ်များ သို့မဟုတ် အခြေအနေများကို နားလည်ရန်လည်းကောင်း၊ အဖြေရှာရာတွင်လည်းကောင်း အသုံးပြုကြသည်။[၁]

[၁] Cuninghame, Keith၊ *လွှတ်တော်စာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ (ဒုတိယအကြိမ်ပုံနှိပ်မှု)*၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ၂၀၀၉၊ စာမျက်နှာ ၆၁။

လွှတ်တော်ဒီမိုကရေစီစနစ်တွင် ဥပဒေပြုရေးမဏ္ဍိုင်သည် ပြည်သူ့အသံကိုပီပြင်စေသည့်အပြင် ပြည်သူ့အသံကို ကိုယ်စားပြုသူများသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်။ Inter Parliamentary Union လွှတ်တော်များသမဂ္ဂထုတ် Parliament and Democracy in the Twenty-First Century (၂၁ ရာစု လွှတ်တော်နှင့် ဒီမိုကရေစီ) စာစောင်အရ လွှတ်တော်ဖွံ့ဖြိုးရေး ကျွမ်းကျင်ပညာရှင်များက အောက်တွင်ဖော်ပြထားသည့် လုပ်ငန်းဆောင်တာများသည် လွှတ်တော်တိုင်းလုပ်သည့် အဓိကလုပ်ဆောင်ချက်များအဖြစ် သတ်မှတ်သည်ကို သဘောတူညီကြသည်။

- ဥပဒေပြုခြင်း
- အုပ်ချုပ်ရေး လုပ်ငန်းဆောင်ရွက်ချက်၊ မူဝါဒနှင့် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲခြင်း(ထိန်းကျောင်းခြင်း)
- နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်းဘတ်ဂျက်တွင် အသုံးစရိတ်ကို အတည်ပြုခြင်း
- နိုင်ငံ့အကျိုးစီးပွားနှင့် နိုင်ငံတကာအကျိုးစီပွားဆိုင်ရာ ပြဿနာများကို ဆွေးနွေးငြင်းခုံခြင်း
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲများကို အတည်ပြုခြင်း [၂]

ဤအနေအထားတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်စွမ်းသည် အချက်အလက်မှန်သော၊ ဓမ္မဓိဋ္ဌာန်ကျသော၊ ဘက်မလိုက်သော၊ ဥပဒေ ပြုရေးဆိုင်ရာသုတေသနပြုချက်များ ရရှိရန်လိုအပ်ပြီး ပြဿနာ၏ဘက်ပေါင်းစုံကို တင်ပြသည်မှာထင်ရှားသည်။[၃] ဥပမာ-သုတေသနဝန်ဆောင်မှုလုပ်ငန်းများသည်လွှတ်တော်ကိုယ်စားလှယ်များ၏ဥပဒေပြုရေးတာဝန်များကို အထောက်အကူပြုရန်အတွက် သက်ဆိုင်ရာသတင်းအချက်အလက်များကို ပံ့ပိုးပေးရန်လိုသည်။ ထိုသို့ပံ့ပိုးရာတွင် ဥပဒေပြုရေးဆိုင်ရာ အသိပညာများတိုးမြင့်စေရန်အတွက် လွှတ်တော်၌ဆွေးနွေးနေသည့် ဥပဒေပါအချက်အလက်များကို အကဲဖြတ်ပေးရန်နှင့် ခွဲခြမ်းစိတ်ဖြာပေးရန်လည်း လိုအပ်သည်။ အထူးသဖြင့် သုတေသနဝန်ဆောင်မှုလုပ်ငန်းသည် အစိုးရမှတင်သွင်းလာသည့် ဥပဒေကြမ်းများနှင့်ပတ်သက်၍ နောက်ခံအချက်အလက်များပံ့ပိုးပေးသည့်အပြင် အဆိုပြုထားသည့် ဥပဒေ၏ ဆိုလိုရင်း၊ တည်ဆဲဥပဒေများနှင့်အပြန်အလှန်သက်ရောက်မှုအကျဉ်းကိုလည်း ပြင်ဆင်ပေးသည်။ တစ်ချိန်တည်းတွင် သုတေသနဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများသည် အဆိုတင်သွင်းထားသောဥပဒေပါ ပြဿနာရပ်များ၏နက်နဲမှုကိုနားလည်ရန် ကြိုးစားနေသည့် လွှတ်တော်ကိုယ်စားလှယ်များအား တစ်ဦးချင်း လိုအပ်ချက်နှင့်အညီ သီးခြားလျှို့ဝှက်အကျဉ်းချုပ်တင်ပြရန်ဖြစ်သည်။[၄]

လွှတ်တော်ကိုယ်စားလှယ်များအတွက် အခြားအဓိကကျသော အခန်းကဏ္ဍသည် အစိုးရလုပ်ဆောင်ချက်များကို စစ်ဆေးခြင်း၊ လွှတ်တော်ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်မှုအား သေချာစေခြင်းဖြင့် အစိုးရမှတာဝန်ခံမှုရှိစေရန် လုပ်ဆောင်ရသည်။[၅] လွှတ်တော်လုပ်ငန်းစဉ်တိုင်း၌ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံ၏ဘတ်ဂျက်၊ အစိုးရ၏ ရသုံးမှန်းခြေ၊ စီးပွားရေးအခြေအနေ အရပ်အရပ်ကောင်းမွန်မှုများကို ဆန်းစစ်ရန် တာဝန်ရှိသည်။[၆] ဤပြဿနာများသည် ကျယ်ပြန့်ရှုပ်ထွေးပြီး အကြောင်းတရားများစွာပါဝင်သည်။ ထို့အပြင် မတူညီသည့် အကြောင်းတရားများကို အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းရန်အတွက် ပညာရပ်ပိုင်းဆိုင်ရာ အထူးကျွမ်းကျင်ရန် လိုအပ်သည်။ ရလဒ်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စောင့်ကြည့်ကွပ်ကဲရမည့်တာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်စွမ်းသည် အသိပညာဗဟုသုတကြွယ်ဝသော၊ ဓမ္မဓိဋ္ဌာန်ကျသော၊ အချက်အလက်မှန်ကန်သော၊ ဘက်မလိုက်သော ဥပဒေပြုရေးဆိုင်ရာသုတေသနကို ရရှိသုံးစွဲနိုင်ခြင်းအပေါ်မူတည်သည်။[၇]

ဤဥပမာများကပြဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များပံ့ပိုးပေးနိုင်သည့် သုတေသနဝန်ဆောင်မှုလုပ်ငန်းရှိခြင်း၏အရေးပါပုံဖြစ်သည်။ ထိုသို့မဟုတ်ပါက

---

[၂] Cuninghame, Keith ၊ *လွှတ်တော်စာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ (ဒုတိယအကြိမ်ပုံနှိပ်မှု)* ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ ၂၀၀၉၊ စာမျက်နှာ ၁၉-၂၀။

[၃] Cuninghame, Keith ၊ *လွှတ်တော်စာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ (ဒုတိယအကြိမ်ပုံနှိပ်မှု)*၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ၂၀၀၉၊ စာမျက်နှာ ၆၁။

[၄] Sonia L'Heureux ၊ 'စာကြည့်တိုက် သုတေသန - လွှတ်တော်ကိုယ်စားလှယ်များအတွက်ထပ်ပေါင်းတန်ဖိုးများ' *ကနေဒါလွှတ်တော်ဆန်းစစ်မှု*၊ ၂၀၁၃၊ စာမျက်နှာ ၁၈။

[၅] စာကြည့်တိုက်အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ *လွှတ်တော်စာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ*၊ ၂၀၁၃ စာမျက်နှာ ၁၁။

[၆] Sonia L'Heureux ၊ 'စာကြည့်တိုက် သုတေသန - လွှတ်တော်ကိုယ်စားလှယ်များအတွက်ထပ်ပေါင်းတန်ဖိုးများ' *ကနေဒါလွှတ်တော်ဆန်းစစ်မှု*၊ ၂၀၁၃၊ စာမျက်နှာ ၁၉။

[၇] Susan Swift ၊ 'လွှတ်တော်ရေးရာသုတေသန၏တန်ဖိုးနှင့် နည်းနာဗေဒ - အွန်တိုရီယိုလွှတ်တော်နှင့် အတွေ့အကြုံ' စက်တင်ဘာ ၄ ရက်၊ ၂၀၁၇ တွင်ပြုလုပ်ခဲ့သော ရှင်းလင်းတင်ပြမှု။

သုတေသနဝန်ဆောင်မှုမရရှိသော လွှတ်တော်ကိုယ်စားလှယ်များသည် လိုအပ်သည့် ဆက်စပ်သတင်းအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ရှာဖွေရမည့် အခက်အခဲဖြင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။[၇]

## *လွှတ်တော်ကိုယ်စားလှယ်များအား အထောက်အကူပေးရန် သုတေသနဝန်ဆောင်မှုလုပ်ငန်းအတွက် စဉ်းစားရမည့်အချက်များ*

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ ပြဿနာများစွာကို ချက်ချင်းလက်ငင်း တုံ့ပြန်ဖြေရှင်းပေးရန်မျှော်လင့်သည့်၊ စဉ်းစားတွေးတောချိန် အကန့်အသတ်ရှိသည့်ဝန်းကျင်တွင် ကျင်လည်ရသည်။ ဤအခင်းအကျင်းတွင် ဥပဒေပြုလွှတ်တော်အမတ်တစ်ဦးသည် ပေးထားသောခေါင်းစဉ်(အကြောင်းအရာ)အပေါ် ရိုးရှင်းတိုတောင်းသည့် ရှင်းလင်းချက်ပေးရန်လိုသည်။ ထိုသို့ဖြစ်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ခိုင်မာသည့် သတင်းအချက်အလက်များလိုအပ်သည်။ ထို့အပြင် ကျယ်ပြန့်ရှုပ်ထွေးသည့် ဥပဒေနှင့်နည်းပညာပြဿနာရပ်များဆိုင်ရာ အကျဉ်းရှင်းလင်းချက်များလည်းလိုသည်။ ၎င်းရှင်းလင်းချက်များကို အထောက်အပံ့ဖြစ်စေရန် အချက်အလက်နှင့် သတင်းစကားတို့ကို ပုံဖျက်ခြင်းမပြုဘဲ ရိုးရိုးရှင်းရှင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်တည်ချက်ကို ပုံဖော်ပြောဆိုရန်ဖြစ်သည်။




ဖြစ်ရပ်များစွာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ဖြစ်ပေါ်လာနိုင်သည့်ပြဿနာအတိုင်းအဆကို သိနိုင်စွမ်း၊ အသိပညာ ဗဟုသုတကြွယ်ဝမှုနှင့် ၎င်းတို့၏ တုံ့ပြန်ဖြေရှင်းနိုင်စွမ်းများသည် လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုလုပ်ငန်း၏ အထောက်အကူပြုမှုဖြင့် များစွာတိုးတက်လာသည်။ ပို၍တိတိကျကျဆိုရလျှင် ထိုဝန်ဆောင်မှုလုပ်ငန်းသည် လွှတ်တော်ကိုယ်စားလှယ်များအား မူဝါဒဆိုင်ရာပြဿနာများနှင့် ၎င်းတို့၏နောက်ခံအကြောင်းရင်းများကို ကောင်းမွန်စွာ နားလည်စေရုံသာမက ပေးထားသည့် မူဝါဒနှင့်စပ်လျဉ်း၍ အဓိကကျသော ပုဂ္ဂိုလ်များနှင့် ထိုသူတို့၏အမြင်ကိုလည်း သိရှိနိုင်သည်။ လွှတ်တော်ကိုယ်စားလှယ်များသည် အလုပ်များသည့်အတွက်ကြောင့် သုတေသနပြုလုပ်ရန် အချိန်အကန့်အသတ်ရှိသည်။ လွှတ်တော်ရေးရာသုတေသနအကူအညီသည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏တာဝန်ဝတ္တရားများကို ကျွမ်းကျင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေသည်။ ရလဒ်အနေဖြင့် လွှတ်တော်ရေးရာသုတေသန ဝန်ဆောင်မှုလုပ်ငန်းသည် ဆက်နွယ်မှုရှိပြီး ယုံကြည်ရသည့် သတင်းအချက်အလက်များကို လျင်မြန်စွာရှာဖွေကူညီနိုင်သည့်အပြင် ရရှိလာသည့်သတင်းအချက်အလက်များ၏ ကြောင်းကျိုးဆီလျော်မှုကိုလည်း ဆန်းစစ်လေ့လာခြင်းပြုလုပ်နိုင်သည်။[၈]

ထိုမြင်သာသည့် ကောင်းကျိုးများအပြင် လွှတ်တော်ကိုယ်စားလှယ်များအား သုတေသီများက ပံ့ပိုးနိုင်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများစွာလည်းရှိသည်။

- **လွှတ်တော်ရေးရာသုတေသန ဝန်ဆောင်မှုလုပ်ငန်းသည် လွှတ်တော်အတွက် ရည်စူးသည်-** ဤအချက်က သုတေသီများသည် လွှတ်တော် မည်သို့အလုပ်လုပ်သည်ကို နားလည်ရမည့်အပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ လိုအပ်ချက်ကို မည်သို့ဖြည့်ဆည်းရမည်ကိုလည်း နားလည်သဘောပေါက်ရန် အရေးကြီးသည်ဟု ဆိုလိုသည်။

[၇] စာကြည့်တိုက်အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ *လွှတ်တော်စာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ၊* ၂၀၁၃ စာမျက်နှာ ၁၁။
[၈] Sonia L'Heureux၊ 'စာကြည့်တိုက်သုတေသန - လွှတ်တော်ကိုယ်စားလှယ်များအတွက် ထပ်ပေါင်းတန်ဖိုးများ' *ကနေဒါလွှတ်တော်ဆန်းစစ်မှု၊* ၂၀၁၃၊ စာမျက်နှာ ၁၇။

- **အစိုးရအတွက်မဟုတ်၊ လွှတ်တော်အတွက် အလုပ်လုပ်ခြင်း-** လွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရများ တာဝန်ခံမှုရှိလာစေရန် လွတ်လပ်သည့် သတင်းအချက်အလက်ရင်းမြစ်များ လိုအပ်သည်။ ဤအချက်သည် အစိုးရက လွှတ်တော်ကိုယ်စားလှယ်များအား သတင်း အချက်အလက် မပေးဟု မဆိုလိုပါ။ သို့သော်လည်း အစိုးရ၏ မူဝါဒဆိုင်ရာ ရပ်တည်ချက်ကို အထောက်အကူပြုသည့် သတင်းအချက်အလက်များကိုသာပေးလေ့ရှိသည့် သဘောဖြစ်သည်။ ထို့ကြောင့် သုတေသနဝန်ဆောင်မှုလုပ်ငန်းမှ လွတ်လပ်အမှီအခိုကင်းသည့် သတင်းအချက်အလက်များနှင့် ဆန်းစစ်ချက်များကို အပြန်အလှန်ထိန်းညှိချက်အနေဖြင့် လိုအပ်သည်။

- **မတူညီသည့်အရင်းအမြစ်များပေါင်းစပ်မှု-** သုတေသီတစ်ဦးသည် ယုံကြည်ရသည့် အမြင်အမျိုးမျိုးမှ အဓိကအချက်အလက်များကို ယူဆောင်လာပြီး လွယ်ကူရှင်းလင်းနိုင်သည့်ပုံစံဖြင့် လွှတ်တော်ကိုစားလှယ်များကို တင်ပြသည်။ ထိုအကျဉ်း ရှင်းလင်းတင်ပြချက်သည် ဘက်မျှပြီး အဂတိကင်းသည့် တင်ပြချက်ဖြစ်သည်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်များ အချက်အလက်အခြေပြု ဆုံးဖြတ်ချက်ချနိုင်ရန်နှင့် ၎င်းတို့၏အမျိုးမျိုးသော တာဝန်ဝတ္တရားများကျေပွန်စွာထမ်းဆောင်နိုင်ရန် နိုင်ငံရေးအသိအမြင်ဖြင့် ရေးသားထားသည်။

- **ပြည်သူ့ရေးရာဝါဒအားလုံး ခြုံငုံထည့်သွင်းပါ-** လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုလုပ်ငန်းသည် လွှတ်တော်ကိုယ်စားလှယ်များအတွက် အကြောင်းအရာခေါင်းစဉ်အမျိုးမျိုးနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များရှာဖွေရရှိနိုင်သော အစုံရနေရာ (one-stop shops) ကဲ့သို့ ဝန်ဆောင်မှုပေးနိုင်သည်။ အဆိုပါဝန်ဆောင်မှုမှ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုအမြင် များ သို့မဟုတ်/နှင့် အထောက်အထားများအား သုံးသပ်ထားသည့် အကဲဖြတ်ချက်အခြေပြုအမြင်များ ပံ့ပိုးကူညီပေးရန် မျှော်လင့်ထားသည်။

- **လိုအပ်ပါက လွှတ်တော်ကိုယ်စားလှယ်များကိုသာ သီးခြားလျှို့ဝှက်စွာတင်ပြခြင်း-** လွှတ်တော်စာကြည့်တိုက်များမှထုတ်သော သတင်းအချက်အလက်အများစုသည် လွှတ်တော်ကိုယ်စားလှယ်အားလုံးအတွက် လက်လှမ်းမီရရှိနိုင်သည်။ သို့သော်လည်း အချို့ကိစ္စရပ်များတွင် သတင်းအချက်အလက်ရှာဖွေလိုသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ၎င်းစုံစမ်းနေသည့်အချက်အလက်မှာ ၎င်းတို့၏နိုင်ငံရေးအတိုက်အခံများ သိထားပြီးသောအချက်ဖြစ်မည်ကို မလိုချင်ပေ။ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတောင်းခံလာသော ၎င်းလိုချင်သည့် သုတေသန (သို့မဟုတ်) ပုဂ္ဂိုလ်ရေးနှင့်သက်ဆိုင်သော သုတေသနများအတွက် ဝန်ဆောင်ပေးမှုအားလုံးသည် လျှို့ဝှက်ဖြစ်သည်။ ဤအချက်သည် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတင်းပေါက်ကြားမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းမရှိဘဲ သတင်းအချက်အလက်ရယူရန် ယုံကြည်မှုရှိစေသည်။

- **စုပေါင်းမှတ်တမ်း-** လွှတ်တော်စာကြည့်တိုက်များသည် အသိပညာဗဟုသုတရင်းမြစ်များဖြစ်ပြီး တရားဝင် ရုံးမှတ်တမ်းအစိတ်အပိုင်းမဖြစ်နိုင်သည့် ဥပဒေပြုရေးလုပ်ငန်းစဉ်၏ အရေးကြီးအစိတ်အပိုင်းများတည်ရှိရာဖြစ်သည်။

- **ဘက်လိုက်မှု/အဂတိတရားကင်းခြင်း-** လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုသည် နိုင်ငံရေးနယ်ပယ်ရှိ နိုင်ငံရေးပါတီအားလုံး၏ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအတွက် အညီအမျှ လက်လှမ်းမီရရှိစေရမည်။ ဝန်ဆောင်မှုမှရရှိသော သတင်းအချက်အလက်များသည် ဘက်လိုက်မှုကင်းပြီး မျှတမှုရှိသည်ဆိုသည့်အချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များ ယုံကြည်ရန်လိုသည်။[၁၀]

## *ဘက်လိုက်မှုရှိသောသုတေသနနှင့် ဘက်လိုက်မှုကင်းသောသုတေသန*

လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုလုပ်ငန်းမှ ပံ့ပိုးသော သုတေသနတိုင်းသည် ဘက်လိုက်မှု/ပါတီစွဲကင်းသည်ဆိုသည့်အချက်ကို သေချာမှုရှိစေရန် အရေးကြီးကြောင်း အလွန်အကျူးဖော်ပြ၍ မရနိုင်ပါ။ ဘက်လိုက်မှုရှိသော သုတေသနသည် နိုင်ငံရေးရည်ရွယ်ချက်များကို အထောက်အပံ့ဖြစ်စေသည်။ ပြဿနာ၏ ဘက်တစ်ဘက်တည်းကသာ ရပ်တည်ပြောဆိုသည့်အတွက် ရှုမြင်ချက်များတွင် မျှတမှုမရှိပါ။ ဆန့်ကျင်ဘက်အနေဖြင့် ဘက်လိုက်မှုကင်းသော သုတေသနသည် ဓမ္မဓိဋ္ဌာန်ကျသည်၊ အချက်အလက်အပေါ် အခြေခံသည်၊ ဘက်မျှသည်၊ ပြဿနာ၏ ဘက်ပေါင်းစုံကိုတင်ပြသည်။ ၎င်းသည် ရှုမြင်ချက်တစ်ခုကို အခြားရှုမြင်ချက်တစ်ခုထက် ပိုဦးစားပေးခြင်းမရှိပါ။ [၁၁]

---

[၁၀] Cuninghame, Keith၊ *လွှတ်တော်စာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ (ဒုတိယအကြိမ် ပုံနှိပ်မှု)*၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ၂၀၀၉၊ စာမျက်နှာ ၂၁-၂၂။

[၁၁] Cuninghame, Keith၊ *လွှတ်တော်စာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ (ဒုတိယအကြိမ် ပုံနှိပ်မှု)*၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ၂၀၀၉၊ စာမျက်နှာ ၆၁။

ထို့ကြောင့် လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုလုပ်ငန်း၏ အခန်းကဏ္ဍသည် ဘက်လိုက်မှုကင်းသည့် ဆန်းစစ်ချက်များကို ပံ့ပိုးကူညီပေးရမည်။ ၎င်းဆန်းစစ်ချက်သည် အစိုးရကိုပေးသည်ဖြစ်စေ၊ အတိုက်အခံကိုပေးသည်ဖြစ်စေ တူညီရမည်ဖြစ်ပြီး ပြဿနာရပ်တိုင်းအတွက် မတူညီသော ရှုမြင်ချက်အမျိုးမျိုးပါဝင်သည်။[၁၂] ဘက်လိုက်မှုကင်းသော သုတေသနသည် အစိုးရနှင့်အတိုက်အခံဘက်မှ လွှတ်တော်ကိုယ်စားလှယ်များအား အငြင်းပွားခြင်းနှင့်စပ်လျဉ်းသည့်ဘက်များအားလုံးကို နားလည်စေရန်ကူညီရာတွင် အရေးပါသည်။ ထို့အပြင် ၎င်းသည် လွှတ်တော်ကိုယ်စားလှယ်များအား တူညီသော သတင်းအချက်အလက်အပေါ်အခြေခံသည့် မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်စေသည်။ [၁၃]

ထို့ကြောင့် လွှတ်တော်သုတေသနဝန်ဆောင်မှုလုပ်ငန်း၏ အခန်းကဏ္ဍသည် ခိုင်မာပြီးယုံကြည်ရသည့် သတင်းအချက်အလက်ဆိုင်ရာ ကြားခံဆောင်ရွက်သူဖြစ်လာသည်။ ၎င်းဝန်ဆောင်မှုလုပ်ငန်းများသည် သတင်းအချက်အလက်နှင့် သဘောတရားများအတွက် အသိပညာလောကကို အဆက်မပြတ် ကြည့်ရှုလေ့လာနေကြသည်။ ထိုသတင်းအချက်အလက်များနှင့် သဘောတရားများသည် ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ ပြဿနာများ၏ သဘာဝနှင့်နယ်ပယ်အပေါ် သိမြင်စေမည်ဖြစ်သည်။ ထို့အပြင် ဤအချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်များ လွယ်ကူစွာနားလည်နိုင်သည့် စကားရပ်များဖြင့်ဖော်ပြရသည်။[၁၄] လွှတ်တော်ရေးရာ သုတေသနဝန်ဆောင်မှုလုပ်ငန်းများသည် လွှတ်တော်ကိုယ်စားလှယ်များအား ဆက်စပ်မှုရှိသည့် သတင်းအချက်အလက်များကိုရှာဖွေရာတွင် ကူညီသည့်အပြင် ရရှိလာသော သတင်းအချက်အလက်များကိုလည်း ဘက်ပေါင်းစုံမှ ဆန်းစစ်လေ့လာပြီး ကြောင်းကျိုးဆက်စပ်မှုကို ဖော်ထုတ်ရာတွင်လည်း အကူအညီရသည်။ ထို့အပြင် လွှတ်တော်၏ လက်ရှိအလုပ်နှင့်ချိတ်ဆက်ပေးရာတွင်လည်း အကူအညီဖြစ်သည်။[၁၅] ကမ္ဘာတစ်ဝန်းရှိလွှတ်တော်များတွင် လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုလုပ်ငန်းမှ သုတေသီများကိုမှီခိုရသည်။[၁၆] လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏နေ့စဉ်အလုပ်များတွင် အကူအညီပေးရန်အတွက် လေ့လာစုံစမ်းမှုအဆင့်ဆင့်ကိုဖော်ဆောင်မည့် စနစ်တကျတည် ဆောက်ထားသော၊ လက်ခံထားသော အကြောင်းပြချက်များကို အသုံးပြုရန်အလို့ငှာ သုတေသီများအပေါ် မှီခိုရသည်။ ထို့အပြင် အစိုးရသည် မကြာခဏပြောင်းလဲနေပြီး သုတေသနဝန်ထမ်းများကမူ မကြာခဏပြောင်းလဲရခြင်းမရှိသောကြောင့် သုတေသနအလုပ်သည် အဖွဲ့အစည်းဆိုင်ရာမှတ်တမ်းနှင့် အဆောက်အအုံကြီးသဖွယ် လုပ်ဆောင်ပံ့ပိုးပေးနိုင်သည်။[၁၇]

---

[၁၂] IPU၊ 'လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုများအတွက် လမ်းညွှန်ချက်များ' ဩဂုတ်လ ၂၀၁၃၊ စာမျက်နှာ ၁၃။


[၁၃] Susan Swift၊ 'လွှတ်တော်ရေးရာသုတေသန၏ တန်ဖိုးနှင့်နည်းနာဗေဒ - အွန်တိုရီယိုလွှတ်တော်နှင့် အတွေ့အကြုံ' စက်တင်ဘာ ၄ ရက်၊ ၂၀၁၇ တွင်ပြုလုပ်ခဲ့သော ရှင်းလင်းတင်ပြမှု။

[၁၄] Cuninghame, Keith၊ *လွှတ်တော်စာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ (ဒုတိယအကြိမ်ပုံနှိပ်မှု)*၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ၂၀၀၉၊ စာမျက်နှာ ၆၁။

[၁၅] Sonia L'Heureux၊ 'စာကြည့်တိုက် သုတေသန - လွှတ်တော်ကိုယ်စားလှယ်များအတွက် ထပ်ပေါင်းတန်ဖိုးများ' ကနေဒါလွှတ်တော်ဆန်းစစ်မှု၊ ၂၀၁၃၊ စာမျက်နှာ ၁၇။

[၁၆] IPU၊ 'လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုများအတွက် လမ်းညွှန်ချက်များ' ဩဂုတ်လ ၂၀၁၃၊ စာမျက်နှာ ၁၃။

[၁၇] Susan Swift၊ 'လွှတ်တော်ရေးရာသုတေသန၏ တန်ဖိုးနှင့်နည်းနာဗေဒ - အွန်တေရီယို လွှတ်တော်နှင့် အတွေ့အကြုံ' စက်တင်ဘာ ၄ ရက်၊ ၂၀၁၇ မြန်မာနိုင်ငံ၊ တောင်ကြီးမြို့၌ 'လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်မြှင့်တင်ခြင်း - မြန်မာနိုင်ငံအတွင်းရှိ ဒေသန္တရအစိုးရ ရှမ်းပြည်နယ်လွှတ်တော်အခြေအနေ' စီမံချက်အောက်တွင် ပြုလုပ်ခဲ့သော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအား ရှင်းလင်းတင်ပြမှု။


ဘက်လိုက်မှုရှိသော သုတေသန
ဘက်လိုက်မှုကင်းသော သုတေသန
နိုင်ငံရေးရည်ရွယ်ချက်များကို အထောက်အကူပြုသည်
ဓမ္မဓိဋ္ဌာန်ကျသည်
ဘက်မျှမှု မရှိပါ
ဘက်မျှသည်
ပြဿနာ၏ ဘက်တစ်ဘက်ကိုသာ တင်ပြသည်
ပြဿနာ၏ ဘက်ပေါင်းစုံကို တင်ပြသည်



**ဓာတ်ပုံ- ရှမ်းပြည်နယ်လွှတ်တော်ဝန်ထမ်းများ ဥပဒေပြုရေးရာသုတေသန လက်တွေ့အသုံးချလေ့ကျင့်နေစဉ်။ (ဇန်နဝါရီလ၊ ၂၀၁၈)**

# လွှတ်တော်ရေးရာသုတေသန၏ တန်ဖိုး

လွှတ်တော်ရေးရာသုတေသန၏တန်ဖိုးသည် လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက်များကို ကြိုတင်ခန့်မှန်း လုပ်ဆောင်ရခြင်းနှင့် ၎င်းတို့လိုအပ်ချက်အရ တုံ့ပြန်ဆောင်ရွက်ပေးရခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက်များကို ကြိုတင်ခန့်မှန်းရာတွင် သုတေသီများသည် လက်ရှိဥပဒေနှင့်စပ်လျဉ်းသည့် နောက်ခံအခြေအနေကိုလည်း သိထားရန်လိုအပ်သည်။ အထူးသဖြင့် ၎င်းဥပဒေကို ဆွေးနွေးငြင်းခုံရန် စီစဉ်ထားချိန်တွင်ဖြစ်သည်။ တစ်ချိန်တည်းတွင် သုတေသီများသည် ဆွေးနွေးနိုင်ဖွယ်ရှိသည့် မူဝါဒပြဿနာများကဲ့သို့သော လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက်များကိုလည်း သိထားရန်လိုသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်ကို တုံ့ပြန်ပေးသည့်အနေအထားတစ်ခုတွင် ရှိနေစေရန်အလို့ငှာ သုတေသီများသည် အကြောင်းအရာခေါင်းစဉ်နှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတကောင်းစွာရှိရမည့်အပြင် ယင်းအကြောင်းအရာနှင့်လည်း ရင်းနှီးကျွမ်းဝင်နေရန်လိုသည်။ တစ်ပြိုင်တည်းတွင် လက်ရှိနောက်ဆုံးအခြေအနေများ အချိန်နှင့်တပြေးညီ သိရှိနေစေရန်အတွက် အဓိကသတင်းအချက်အလက်နှင့် အရင်းအမြစ်မှတ်တမ်းများ လက်လှမ်းမီရရှိရန်လိုသည်။ ထိုအရင်းအမြစ်များတွင် အစိုးရဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ think tank ခေါ် မူဝါဒရေးရာအဖွဲ့အစည်းများ၏ ဆက်သွယ်ရန်လိပ်စာများ ပါဝင်သည်။ [၁၈]

ခြားနားချက်အနေဖြင့် သုတေသီ၏အလုပ်ဖြစ်သည့် လိုအပ်ချက်များကိုတုံ့ပြန်ဆောင်ရွက်ခြင်းတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ တောင်းဆိုချက်များကို အကြောင်းပြန်ခြင်း ပါဝင်သည်။ တစ်ခါတရံတွင် ထိုကဲ့သို့သော တောင်းဆိုချက်နယ်ပယ်သည် အလွန်ကျယ်ပြန့်နိုင်ခြေရှိပြီး မူဝါဒပြဿနာတစ်ခုအပေါ် သုတေသနများ လုံလောက်စွာ ပြုလုပ်ရန်လိုအပ်သည်။ ထို့နောက် သုတေသနတွေ့ရှိချက်များကို အတိုချုပ်အကျဉ်းနည်းဖြင့် ရှင်းလင်းတင်ပြသည်။ ထို့ကြောင့် သတင်းအချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်များက အလွယ်တကူနားလည်ပြီး အသုံးပြုနိုင်သည်။ [၁၉]

ယေဘုယျအားဖြင့် လွှတ်တော်ရေးရာသုတေသီများ၏တန်ဖိုးသည် လွှတ်တော်ကိုယ်စားလှယ်များအတွက် သင့်လျော်မှုအရှိဆုံးသော သတင်းအချက်အလက်များကိုရှာဖွေပြီး အကျဉ်းချုပ်၍ တင်ပြနိုင်သည့်စွမ်းရည် ရှိခြင်းဖြစ်သည်။ ၎င်းတို့၏ အတတ်ပညာများတွင် အဖွဲ့အစည်းဆိုင်ရာကိစ္စများ၊ အမျိုးအစားခွဲခြား သတ်မှတ်နိုင်သည့် အရည်အချင်း၊ စူးစမ်းလေ့လာရှာဖွေနိုင်ခြင်းတို့ပါဝင်ပြီး ဆန်းစစ်ခြင်း၊ ရေးသားခြင်းနှင့်ပေါင်းစပ်သုံးစွဲနိုင်ခြင်းစသည့် အတတ်ပညာများလည်းပါဝင်သည်။ ယင်းအတတ်ပညာများ၊ အကြောင်းအရာခေါင်းစဉ်နှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများသည် ဆွေးနွေးငြင်းခုံမှုအတွက် သတင်းအချက်အလက် ပံ့ပိုးကူညီပေးရာရောက်သည်။ [၂၀]

---

[၁၈] Cuninghame, Keith၊ *လွှတ်တော်စာကြည့်တိုက်ဆိုင်ရာလမ်းညွှန်ချက်များ (ဒုတိယအကြိမ် ပုံနှိပ်မှု)*၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ၂၀၀၉၊ စာမျက်နှာ ၆၃-၆၄။

[၁၉] Ibid စာမျက်နှာ ၆၄။

[၂၀] Ibid စာမျက်နှာ ၆၄။

# သုတေသနနည်းနာ

လွှတ်တော်ကိုယ်စားလှယ်များအတွက် သုတေသနစာတမ်းအကျဉ်းကို ရေးသားပြုစုရာတွင် မှတ်သားရမည့်အရေးကြီးအချက် (၃)ချက်ရှိသည်။

- သင်၏ အစီရင်ခံစာတည်ဆောက်ပုံသည် တောင်းဆိုထားသည့် အကြောင်းအရာပေါ်မူတည်၍ ကွဲပြားနိုင်သည်။
- သီးခြားပြဿနာတစ်ခုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များကို ၎င်းတို့သိလိုသည့် အချက်ကိုသာ ပံ့ပိုးကူညီရသည်။
- ပထမဆုံးသောအပိုဒ်သည် အရေးကြီးဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အကျဉ်းတင်ပြချက်မှ ပြောပြလိုသော အကြောင်းအရာကို အမြဲဖော်ပြထားသောကြောင့်ဖြစ်သည်။

သုတေသနစာတမ်းအကျဉ်းမရေးသားခင် အရေးပါသောစဉ်းစားချက်တစ်ခုမှာ သင်၏ပရိသတ်အကြောင်း အလေးအနက်ထားတွေးတောခြင်းဖြစ်သည်။ ဤအချက်သည် ထိရောက်သည့် စာတမ်းအကျဉ်းရေးသားရာတွင် အခြေခံကျသောကြောင့်ဖြစ်သည်။ ဥပမာ- သင်၏ပရိသတ်အကြောင်းတွေးပါ။ မိမိကိုယ်ကိုယ် အောက်ပါမေးခွန်းများမေးပါ။ သူတို့သိချင်တာ ဘာလဲ။ သူတို့ ဘယ်အချိန်လိုအပ်သလဲ။ သတင်းအချက်အလက်တွေကို ဘယ်လိုတင်ပြသင့်သလဲ။[၂၁] တစ်ချိန်တည်းတွင် အောက်တွင်ဖော်ပြထားသော သုတေသနစာတမ်းအကျဉ်းရေးနည်း အဆင့် ၆ ဆင့်ကိုလိုက်နာလျက် သင်၏သုတေသနစာတမ်းအကျဉ်းကို ရေးသားရန်ပြင်ဆင်ပါ။

သုတေသနစာတမ်းတိုအကျဉ်းရေးနည်းကို အောက်ပါအဆင့်များဖြင့် ဖော်ပြထားသည်။

၁။ မေးခွန်းကို ရှင်းလင်းအောင်လုပ်ခြင်း

၂။ သုတေသနစာတမ်းအကျဉ်းအတွက် အစီအစဉ်ရေးဆွဲခြင်း

၃။ ထိရောက်သည့်ရှာဖွေမှု ပြုလုပ်ခြင်း

၄။ သတင်းအချက်အလက်ရင်းမြစ်များကို ဝေဖန်အကဲဖြတ်ခြင်း

၅။ သုတေသနစာတမ်းအကျဉ်း ရေးသားပြုစုခြင်း

၆။ အရည်အသွေးကောင်းမွန်စေရေးအတွက် ပြန်လည်သုံးသပ်ခြင်း

## *၁။ မေးခွန်းကို ရှင်းလင်းအောင်လုပ်ခြင်း*

သုတေသနစာတမ်းအကျဉ်းပြုစုရန် ပြင်ဆင်ရာတွင် ပထမအဆင့်သည် သင်အဖြေရှာလိုသည့်မေးခွန်းကို ရှင်းလင်းအောင်လုပ်ခြင်းဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ သီးခြားလိုအပ်ချက်များကို ရှင်းလင်းစွာသိအောင်လုပ်သင့်သည်။ ထို့အပြင် သုတေသီသည် သုတေသနဆက်လက်မလုပ်ဆောင်မီ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏တောင်းဆိုချက်ကို သေချာစွာနားလည်သဘောပေါက်ရန်လိုသည်။ မေးခွန်းကို ရှင်းလင်းစွာနားလည်ခြင်းမရှိဘဲ ကောင်းမွန်သည့် သုတေသနစာတမ်းအကျဉ်းတစ်ခုပြုစု၍ မရနိုင်ပေ။ လွှတ်တော်ရေးရာသုတေသီများ အသုံးပြုသောမေးခွန်းကို နားလည်အောင် အကူအညီပေးနိုင်သည့် လမ်းညွှန်ချက်အချို့ကို အောက်တွင် ဖော်ပြထားသည်။

---

[၂၁] Oliver Bennett, ပြည်သူ့လွှတ်တော်စာကြည့်တိုက်သုတေသနဝန်ဆောင်မှု UK၊ ***<u>မြန်မာနိုင်ငံလွှတ်တော် -လွှတ်တော်ရေးရာ သုတေသနစာကြမ်းများရေးသားခြင်းဆိုင်ရာ လမ်းညွှန်ချက်</u>***၊ ဇွန်လ ၂၀၁၅ စာမျက်နှာ ၆။

- သုံးစွဲမည့်သူသည် ဘယ်သူလဲ။

- ရည်ရွယ်ချက်က ဘာလဲ။

- သတ်မှတ်ထားသည့် အချိန်ကာလက ဘာလဲ(ဘယ်တော့လဲ)။

- ပြဿနာအကြောင်း သင်သိထားပြီးသော သတင်းအချက်အလက်အချို့ ရှိနေပြီးသားလား။

- သုတေသနဝန်ဆောင်မှုတောင်းဆိုသည့် လွှတ်တော်ကိုယ်စားလှယ်များကို အဖွင့်မေးခွန်း(ကြိုက်ရာဖြေဆိုနိုင်သည့် မေးခွန်း/ အဖြေကြိုတင်သတ်မှတ်ချက်မရှိသောမေးခွန်း)များ အမြဲမေးမြန်းပါ။ ထိုသို့မေးမြန်းခြင်းဖြင့် မိမိထင်မြင်ယူဆသလို လုပ်ကိုင်ခြင်းထက် တောင်းဆိုချက်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ၎င်းတို့ထံမှ ကောက်နုတ်ရယူနိုင်သည်။[၂၂]

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထံမှ မေးမြန်းစုံစမ်းမှုတစ်ခု လက်ခံရရှိသည့်အခါတိုင်း ၎င်းတို့ကို မေးခွန်းများမေးပါ။ ထိုမေးခွန်းများက ၎င်းတို့၏လိုအပ်ချက်နှင့် တောင်းဆိုချက် ဘာလဲဆိုသည်ကို သင့်အား နားလည်စေ၊ ယုံကြည်မှုရှိစေမည်ဖြစ်သည်။ အလေးထား စဉ်းစားသင့်သည့် လမ်းညွှန်ချက်အချို့-

- သတင်းအချက်အလက်၏ အဓိကအစိတ်အပိုင်းများကို စစ်ဆေးအတည်ပြုပါ။ ဥပမာ- အဓိကကျသော နာမည်များ၊ နေရာများ၊ စကားစုများကို မှတ်သားထားပါ။

- နောက်ဆက်တွဲမေးခွန်းများမေးပါ။ လွှတ်တော်ကိုယ်စားလှယ်များ အမှန်တကယ်စိတ်ဝင်စားသည့်အရာမှာ ဘာလဲဆိုသည်ကို နားလည်သဘောပေါက်ရန်ဖြစ်သည်။

- သင်နားမလည်သည့်မေးခွန်းကို သင်ထိရောက်စွာ ဖြေဆိုနိုင်မည်မဟုတ်သည့်အတွက် မေးခွန်းကိုနားမလည်လျှင် အဆိုပါကိုယ်စားလှယ်ကိုပြောပါ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ၎င်း၏တောင်းဆိုချက်နှင့်ပတ်သက်၍ ကောင်းစွာရှင်းပြပါလိမ့်မည်။

- တောင်းဆိုချက်ကို လွှတ်တော်ကိုယ်စားလှယ်အား နှုတ်ဖြင့် အကျဉ်းချုပ် ပြန်ပြောပြပါ။ ဤအချက်သည် မေးမြန်းစုံစမ်းသည့်အရာက ဘာလဲဆိုသည်ကို သင်တို့နှစ်ဦးစလုံးအား သေချာစွာ နားလည်သဘောပေါက်စေမည်ဖြစ်သည်။

- နေ့စဉ်သတင်းများ ဖတ်ဖြစ်အောင်ဖတ်ပါ။ လွှတ်တော်ကိုယ်စားလှယ်များသည် လက်ရှိဖြစ်ပေါ်နေသည့် ပြဿနာများကို အမြဲတစေ မေးမြန်းလေ့ရှိသည်။ ထို့ကြောင့် နံနက်ခင်းတိုင်းတွင် နေ့စဉ်သတင်းများကို နားထောင်သင့်သည်၊ သို့မဟုတ် ဖတ်သင့်သည်။

- နောက်ဆုံးရက် သတ်မှတ်ပါ။ ၎င်းတို့အနေဖြင့် သတင်းအချက်အလက်များ အချိန်လွန်မှရလျှင် သုတေသနသည် အသုံးမဝင်ဖြစ်မည်။

- လွှတ်တော်ကိုယ်စားလှယ်များ၏ အသေးစိတ်အချက်အလက်များကို ရယူပါ။

  - √ နာမည်

  - √ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဖုန်းနံပါတ်နှင့် အီးမေးလ်)

  - √ တင်ပြချက်ကို ၎င်းတို့လက်ခံရရှိလိုသည့် နည်းလမ်း (အီးမေးလ် သို့မဟုတ် စာရွက်ဖြင့်)[၂၃]

---

[၂၂] Susan Swift၊ 'လွှတ်တော်ရေးရာသုတေသန၏ တန်ဖိုးနှင့်နည်းနာဗေဒ - အွန်တိုရီယို လွှတ်တော်နှင့် အတွေ့အကြုံ' စက်တင်ဘာ ၄ ရက်၊ ၂၀၁၇ တွင်ပြုလုပ်ခဲ့သော ရှင်းလင်းတင်ပြမှု။

[၂၃] Oliver Bennett, ပြည်သူ့လွှတ်တော်စာကြည့်တိုက်သုတေသနဝန်ဆောင်မှု UK ၊ ***မြန်မာနိုင်ငံလွှတ်တော် -လွှတ်တော်ရေးရာသုတေသနစာကြမ်းများ ရေးသားခြင်းဆိုင်ရာ လမ်းညွှန်ချက်၊*** ဇွန်လ ၂၀၁၅ စာမျက်နှာ ၁၀။

## ၂။ သုတေသနစာတမ်းအကျဉ်းအတွက် အစီအစဉ်ရေးဆွဲခြင်း

မေးခွန်းများကို ရှင်းလင်းအောင်မေးပြီး ခေါင်းစဉ်ကို ကောင်းစွာနားလည်သဘောပေါက်သည့်အခါ သုတေသနစာတမ်းအကျဉ်းပြုစုရန် အကြမ်းဖော်ပြချက်(outline)ရေးပါ။ စာတမ်းအကျဉ်းတွင် ကြောင်းကျိုးညီညွတ်စွာ အစီအစဉ်တကျပြုစုထားသော အကြမ်းရေးသားချက်သည် မတူညီသည့်အကြောင်းအရာများကို ဖော်ပြရမည့်နေရာ၌ စတင်သည်။[၂၄] ထိုအကြမ်းရေးသားချက်သည် အဖြေရှာလိုသည့် အဓိကမေးခွန်းများကို သတ်မှတ်ရာတွင်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရမည့် အဓိကကျသောယူဆချက်များ သို့မဟုတ် နည်းနာဆိုင်ရာဝေါဟာရများကို ဖွင့်ဆိုရာတွင်လည်းကောင်း အထောက်အကူပြုသည်။[၂၅] ကောင်းမွန်သည့် အကြမ်းဖော်ပြချက်တစ်ခုသည် အရေးကြီးသောမေးခွန်းများအားလုံးနှင့်/သို့မဟုတ် အယူအဆသဘောတရားများအားလုံးကို ခြုံငုံမိစေသည်။



## ၃။ ထိရောက်သောရှာဖွေမှု

သုတေသနစာတမ်းအကျဉ်း၏ အကြမ်းဖော်ပြချက် ရေးသားပြင်ဆင်သည့်အခါ သုတေသီသည် လိုအပ်သည့် သတင်းအချက်အလက်များရှာဖွေရန် သတင်းအချက်အလက်ရင်းမြစ်များနှင့် နေရာများကို စဉ်းစားရမည်။ စတင်စဉ်းစားနိုင်မည့် နေရာအချို့သည် ဂူဂယ်လ်(Google)၊ ဝီကီပီးဒီးယား(Wikipedia)၊ သတင်းဝက်ဘ်ဆိုက်များ၊ လွှတ်တော်စာကြည့်တိုက်အတွင်းရှိ အရင်းအမြစ်များ၊ လွှတ်တော်များ (မိမိနိုင်ငံနှင့် အခြားနိုင်ငံ)၊ အစိုးရ ဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်း ဝက်ဘ်ဆိုက်များဖြစ်သည်။

အင်္ဂလန်အောက်လွှတ်တော်နှင့် DFID UK က သုတေသီများအသုံးပြုသင့်သည့် အရေးကြီးအရင်းအမြစ်သုံးခုကို အနှစ်ချုပ်ဖော်ပြထားသော မြန်မာဘာသာစကားဖြင့်ရရှိနိုင်သည့် "Myanmar Parliament: Guide to writing parliamentary briefings- မြန်မာ့လွှတ်တော်- လွှတ်တော်တင်ပြချက်အကျဉ်းရေးနည်းလမ်းညွှန်" လက်စွဲကို မြန်မာနိုင်ငံ၌ ဖွန်လ ၂၀၁၅ တွင်ပြုစုခဲ့သည်။

ထိုလက်စွဲအရ ပထမရင်းမြစ်သည် လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်။ လွှတ်တော်ရေးရာသုတေသနဝန်ဆောင်မှုလုပ်ငန်းကို ဆက်သွယ်သည့်အခါ အလားတူမေးခွန်းများ မေးထားပြီးသားလား သို့မဟုတ် စာကြည့်တိုက်ဝန်ထမ်းတစ်ဦးမှ ဖြေဆိုပေးထားသလားဆိုသည်ကို စစ်ဆေးပါ။ ဤနည်းအားဖြင့် သုတေသနထပ်မံလုပ်စရာမလိုဘဲ အချိန်ကိုချွေတာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လွှတ်တော်ကိုယ်စားလှယ်များသည် အကြောင်းအရာခေါင်းစဉ်တူကိစ္စများကို တစ်ခါတရံတွင် စိတ်ဝင်စားတတ်သောကြောင့်ဖြစ်သည်။

ပထမတစ်ခုမအောင်မြင်ပါက ဒုတိယအရင်းအမြစ်သည် ဂူဂယ်လ်(Google)တွင် ရှာဖွေခြင်းဖြစ်သည်။ သတင်းအချက်အလက်အများစုသည် ယခုအခါ အင်တာနက်ပေါ်တွင် ရှာဖွေတွေ့ရှိနိုင်ပြီး အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် သတင်းဌာနများမှ အွန်လိုင်းပေါ်တွင် ထုတ်ပြန်ထားသည့် မှတ်တမ်းများနှင့် အစီရင်ခံစာများအားလုံးကို တွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံရှိ သီးခြားလူပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများကို သုတေသီများရှာဖွေနေသော သတင်းအချက်အလက်များရှိနိုင်သည့် တတိယအရင်းအမြစ်အဖြစ် စဉ်းစားပါ။ ထိုအဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုက်များကို ဦးစွာကြည့်နိုင်သည်။ သို့သော်လည်း သတင်းအချက်အလက်များ အွန်လိုင်းတွင်မတွေ့ ရှိနိုင်ပါက ၎င်းအဖွဲ့ အစည်းများထံသို့ ဖုန်းဆက်ခြင်း သို့မဟုတ် အီးမေးလ်ပို့ဆက်သွယ်ခြင်း လုပ်ရန် တုံ့ဆိုင်းမနေပါနှင့်။

သို့သော်လည်း ပြင်ပအဖွဲ့ အစည်းတစ်ခုနှင့်ဆက်သွယ်သည့်အခါတိုင်း အောက်ပါအချက်များကို သတိပြုမိရန်အရေးကြီးသည်။

- √ သုတေသနပြုစုချက်များကို တောင်းဆိုထားသော လွှတ်တော်ကိုယ်စားလှယ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်တစ်စုံတစ်ခုကိုမျှ ထုတ်မပေးပါနှင့်။ (အထက်တွင်ဖော်ပြထားသည့် လျှို့ဝှက်ခြင်းနှင့်စပ်လျဉ်းသည့် အချက်များကို ကြည့်ပါ)

[၂၄] Oliver Bennett, ပြည်သူ့လွှတ်တော်စာကြည့်တိုက်သုတေသနဝန်ဆောင်မှု UK ၊ ***<u>မြန်မာနိုင်ငံလွှတ်တော် -လွှတ်တော်ရေးရာသုတေသနစာကြမ်းများရေးသားခြင်းဆိုင်ရာလမ်းညွှန်ချက်</u>***၊ ဇွန်လ ၂၀၁၅ စာမျက်နှာ ၁၁။

[၂၅] Susan Swift၊ 'လွှတ်တော်ရေးရာသုတေသန၏ တန်ဖိုးနှင့် နည်းနာဗေဒ - အွန်တိုရီယို လွှတ်တော်နှင့် အတွေ့အကြုံ' စက်တင်ဘာ ၄ ရက်၊ ၂၀၁၇ တွင်ပြုလုပ်ခဲ့သော ရှင်းလင်းတင်ပြမှု

√ သုတေသနစာတမ်းအကျဉ်းသည် ပါတီစွဲ/ဘက်လိုက်မှုကင်းရန်လိုကြောင်း ထိုအဖွဲ့အစည်းများအား ရှင်းပြပါ။ ထို့အပြင် ပံ့ပိုးပေးသည့် သတင်းအချက်အလက်ကို စဉ်းစားမည်ဖြစ်ကြောင်း၊ သို့သော် အကျဉ်းတင်ပြချက်တွင် မဖြစ်မနေ ထည့်သွင်းတင်ပြမည်ဟုမဆိုနိုင်ကြောင်း ပြောပါ။

√ သတင်းအချက်အလက်များအတွက် စစ်မှန်သည့် သတင်းအချက်အလက်ရင်းမြစ်ကို ဆီလျော်သော ကျမ်းကိုးအညွှန်း ထည့်ပေးပါ။

## *၄။ ရင်းမြစ်များကို ဝေဖန်အကဲဖြတ်ခြင်း*


သုတေသနစာတမ်းအကျဉ်းအတွက် သတင်းအချက်အလက်ရင်းမြစ်အားလုံးကို ရှာဖွေသတ်မှတ်ပြီးနောက်တွင် အရင်းအမြစ်တိုင်းကို ဝေဖန်အကဲဖြတ်ရန်လိုအပ်သည်။ သုတေသနစာတမ်းအကျဉ်းရေးသားပြုစုရာတွင် ရနိုင်သည့် အကောင်းဆုံးအရင်းအမြစ်ကိုသာ လျှင် အသုံးပြုသင့်သည့်အတွက်ကြောင့် ဖြစ်သည်။ အရင်းအမြစ်များကို အောက်ပါအချက်များဖြင့် အကဲဖြတ်နိုင်သည်။

- ယုံကြည်ကိုးစားရမှု (စာရေးဆရာ၊ အဖွဲ့အစည်း သို့မဟုတ် ထုတ်ဝေသူ၏အမှတ်တံဆိပ်။ ထိုအရင်းအမြစ်သည် အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ ယုံကြည်ထိုက်ပြီး ဩဇာတိက္ကမ ရှိသလား။

- တိကျမှု (အရင်းအမြစ်သည် ယေဘုယျအားဖြင့် တိကျမှုရှိပြီး ကောင်းစွာရေးသားဖော်ပြထားသလား။ စာရေးဆရာ၊ ထုတ်ဝေသည့် အဖွဲ့အစည်းနှင့် ၎င်းတို့၏ လိပ်စာအပြည့်အစုံကို ရေးမှတ်ဖော်ပြထားသလား။)

- ဓမ္မဓိဋ္ဌာန်ကျမှု (အရင်းအမြစ်ကို ကောင်းစွာကိုးကားထားသလား။ တစ်ခုသော ရှုထောင့်အမြင်ကို အားပေးခြင်းလား သို့မဟုတ် ဆိုလိုခြင်းလား။)

လက်ရှိအနေအထား (သတင်းအချက်အလက်များသည် ယခုလက်ရှိနောက်ဆုံးရအချက်အလက်များ ဖြစ်သလား။)[၂၆] သတင်းအချက်အလက်ရင်းမြစ်တစ်ခုစီ၏ တိကျမှု၊ ယုံကြည်ထိုက်မှုနှင့် လက်ရှိအနေအထား များကို အကဲဖြတ်ရန်နှင့် ဆန်းစစ်ရန်သည် သုတေသီတစ်ဦးချင်းစီပေါ်တွင်တည်မှီသည်။ ထို့အပြင် သတင်းရင်းမြစ်တစ်ခုစီကို ဖတ်သည့်အခါ သုတေသီသည် အသုံးဝင်သည့် သတင်းအချက်အလက်များအားလုံးကို အကျဉ်းပြုစုပြီး ကျမ်းကိုးအပြည့်အစုံကို အမြဲသေချာစွာရေးမှတ်ရမည်။ အနာဂတ်တွင် သတင်းအချက်အလက်ရင်းမြစ်ကို လွယ်ကူစွာ ရှာဖွေနိုင်မည်ဖြစ်သည်။[၂၇]



## *၅။ သုတေသနစာတမ်းအကျဉ်း ရေးသားပြုစုခြင်း*

သုတေသနစာတမ်းအကျဉ်း ရေးသားသောအခါ ရိုးရှင်းတိကျစွာရေးသားရန် အရေးကြီးသည်။ ရှင်းလင်းစွာရေးသားခြင်းဆိုသည်မှာ

- ကြောင်းကျိုးဆီလျော်မှုရှိပြီး လိုရင်းကိုရေးသည်။ ထို့အပြင် ၎င်းကိုနားလည်မှုမလွဲနိုင်အောင် လုပ်ရသည်။

- စာကြောင်းကို တိုတိုရေးပါ။ ( စာကြောင်းတစ်ကြောင်းကို အကြောင်းအရာတစ်ခု)

- စာပိုဒ်တိုများ ( စာပိုဒ်တစ်ခုကို အကြောင်းအရာတစ်ခု)

- လိုအပ်ပြီး ရင်နှီးကျွမ်းဝင်မှုရှိသော စကားလုံးများကိုသာ သုံးပါ။ စာဖတ်ပရိသတ် နားမလည်နိုင်သည့် ဗန်းစကားများအသုံးပြုခြင်းကို ရှောင်ရမည်။ ပညာရပ်ဆိုင်ရာစကားလုံးများကို သုံးစွဲရန်လိုအပ်ပါက ၎င်းစကားလုံးများကို ရှင်းပြပါ။

---

[၂၆] Oliver Bennett, ပြည်သူ့လွှတ်တော်စာကြည့်တိုက်သုတေသနဝန်ဆောင်မှု UK၊ ***<u>မြန်မာနိုင်ငံလွှတ်တော် -လွှတ်တော်ရေးရာသုတေသနစာကြမ်းများရေးသားခြင်းဆိုင်ရာ လမ်းညွှန်ချက်၊</u>*** ဇွန်လ ၂၀၁၅ စာမျက်နှာ ၁၆။

[၂၇] Susan Swift၊ 'လွှတ်တော်ရေးရာသုတေသန၏ တန်ဖိုးနှင့် နည်းနာဗေဒ - အွန်တိုရီယို လွှတ်တော်နှင့် အတွေ့အကြုံ' စက်တင်ဘာ ၄ ရက်၊ ၂၀၁၇ တွင် ပြုလုပ်ခဲ့သော ရှင်းလင်းတင်ပြမှု။

သုတေသနဌာနများနှင့် သုတေသီများလုပ်ဆောင်ပေးသော အရေးအကြီးဆုံးဝန်ဆောင်မှုတစ်ခုသည် အကြောင်းအရာခေါင်းစဉ်နှင့် ပတ်သက်၍ ကျွမ်းကျင်မှုမရှိသော စာဖတ်ပရိသတ်များအတွက် သတင်းအချက်အလက်များစွာကို ပေါင်းစပ်ဝေဖန်ဆန်းစစ်နိုင်စွမ်း ဖြစ်သည်။ ရလဒ်အနေဖြင့် သုတေသနစာတမ်းအကျဉ်းသည် ပိုတိုလေ ပိုကောင်းလေဖြစ်သည်။ ဤအကောင်းဆုံးအလေ့အကျင့်များကို လိုက်နာပါက သုတေသီတစ်ဦးသည် ကျစ်လျစ်တိုတောင်းသည့် သုတေသနစာတမ်းအကျဉ်းကို ရေးသားနိုင်သည်။

- *အထပ်ထပ်အခါခါရေးခြင်းကို ရှောင်ပါ။*

- **အချို့အရေးကြီးသောအကြောင်းအရာများကို ချန်ခဲ့ပါ။** သင်သိသမျှသော ပြဿနာနှင့်နှင့်စပ်လျဉ်းသည်များကို ထည့်သွင်းရန် မလိုပေ။ အဘယ်ကြောင့်ဆိုသော် စာဖတ်ပရိသတ်အတွက် အကြောင်းအရာတိုင်းသည် အရေးပါမည်မဟုတ်ပေ။ သင်၏ စာဖတ်ပရိသတ်နှင့် တောင်းဆိုချက်နောက်ကွယ်မှရည်ရွယ်ချက်ကို သတိရပါ။

- **နောက်ဆက်တွဲကို အသုံးပြုပါ။** သုတေသီတစ်ဦးထည့်သွင်းလိုသည့် သတင်းအချက်အလက်များရှိလျှင် ၎င်းကိုသုံးပါ။ ဤအချက်သည် စာတမ်းအကျဉ်း ရှည်လွန်းခြင်းကို ရှောင်ရှားနိုင်သည်။ ဥပမာ- အချက်အလက်စာရင်း၊ ကိုးကားစာရင်း၊ ဖြည့်စွက် သတင်းအချက်အလက်စာရင်းများကို နောက်ဆက်တွဲတွင် ထည့်သွင်းနိုင်သည်။

- **ကိုးကားချက်များကို လုံးဝလိုအပ်မှသာလျှင် အသုံးပြုပါ။** အခြားမှတ်တမ်းများမှ အပိုင်းလိုက် တိုက်ရိုက်ကူးယူသုံးစွဲခြင်းထက် ကိုယ်ပိုင်ဝေါဟာရဖြင့် နားလည်သလို အကျဉ်းပြန်လည်ရေးသားခြင်းက ပိုမိုကောင်းမွန်ပေသည်။

- **ကိုးကားစာစုများ၊ သတင်းအချက်အလက်များ၊ ယူဆချက်များအားလုံးအတွက် ကျမ်းကိုးများကို ရှင်းလင်းစွာပေးသင့်သည်။**

နားလည်ရန်လွယ်ကူပြီး ကြောင်းကျိုးဆက်စပ်မှုရှိသည့် ဖွဲ့စည်းပုံ ရှိခြင်းသည် စာဖတ်ပရိသတ်များ သတင်းအချက်အလက်စီးဆင်းမှုနှင့်အတူ လိုက်ပါရာတွင် အကူအညီဖြစ်စေသည်။ ကြောင်းကျိုးဆီလျော်မှုရှိသည့် ဥပမာတစ်ခုကို အောက်တွင်ဖော်ပြထားပါသည်။

- ➢ သုတေသနစာတမ်းအကျဉ်း၏အစတွင် သုတေသနမေးခွန်းကို ဖြေဆိုပါ။ ပထမအနေဖြင့် သင်အဖြေရှာနေသည့် မေးခွန်းကို မေးပါ။ ထို့နောက် စာတမ်းအကျဉ်း၏အစပိုင်းတွင် ထိုမေးခွန်းကို တိုက်ရိုက်ဖြေဆိုပါ။ ထို့ကြောင့် စာဖတ်ပရိသတ်သည် ၎င်းတို့ ရှာဖွေလိုသည့်အရာများကို မတွေ့ရှိသေးခင် စာတမ်းကို ထဲထဲဝင်ဝင်ဖတ်ရန်မလိုပေ။

- ➢ အရေးကြီးဆုံးသော သတင်းအချက်အလက်များကို အစပထမပိုင်းတွင်တွေ့နိုင်သည်။ စာဖတ်ပရိသတ်၏အာရုံကို ဖမ်းစားနိုင်သော အဓိကအချက်အလက်များနှင့်အတူ ခေါင်းစဉ်များ၊ စာပိုဒ်များပါဝင်သည့် သုတေသနစာတမ်းအကျဉ်းကို စတင်ရေးသားပြုစုပါ။ သတင်းအချက်အလက်များအား နားလည်ရလွယ်ကူသော အကြောင်းအရာခေါင်းစဉ်များအဖြစ် ပိုင်းခြားဖော်ပြရန်အတွက် ခေါင်းစဉ်ကြီးများကိုသုံးစွဲရန် အရေးကြီးသည်။

- ➢ သတင်းအချက်အလက်များတင်ပြသည့်အခါ ဖြစ်စဉ်အလိုက် အစီအစဉ်တကျ ဖွဲ့စည်းထားသည့်ပုံစံကို အသုံးပြုပါ။ စာဖတ်ပရိသတ်သည် အဓိကကျသည့် သင်၏အတွေးလမ်းကြောင်းကို တစ်ချက်ကြည့်ရုံဖြင့် မြင်နိုင်စေရန်ဖြစ်သည်။

စာသားများကို စာရင်းများ၊ ဇယားများ၊ ဘောင်ခတ်ပြချက်များဖြင့် ပိုင်းခြားဖော်ပြထားခြင်းသည် စာတမ်းအကျဉ်းကိုလွယ်ကူပြီး စာဖတ်ချင်စရာကောင်းစေရန်ပြုလုပ်သော နည်းလမ်းဖြစ်သည်။ ကောင်းစွာပုံစံထုတ်/ ဒီဇိုင်းရေးဆွဲထားသော ပုံပြဇယားနှင့်စာရင် ဇယားများသည် သင်၏စာဖတ်ပရိသတ်များအား စာများစွာဖတ်ရန်မလိုဘဲ ကြည့်ရုံဖြင့် သင်ပြောလိုသည့်အဓိကအချက်များကို ကောင်းစွာ နားလည်စေမည်ဖြစ်သည်။ ကိန်းဂဏန်းများသည် လွှတ်တော်ကိုယ်စားလှယ်များအတွက် အမြဲအရေးပါသည်ကို သတိထားပါ။ ထို့ကြောင့် သင်ပြောလိုသည့်အချက်ကို အထောက်အကူပြုရန်အတွက် ၎င်းကိန်းဂဏန်းများကို ဖြစ်နိုင်သမျှ အကြိမ်ရေများများ သုံးစွဲသင့်သည်။


နောက်ဆုံးအနေဖြင့် ဆိုရလျှင် သုတေသီတစ်ဦးသည် ရေးသားချက်များ၌ ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံရေးအမြင်များ ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် နိုင်ငံရေးဘက်လိုက်ဖော်ပြခြင်းမပြုသင့်ပေ။ သို့မဟုတ် နိုင်ငံရေးလှုံ့ဆော်မှုအရ ဆုံးဖြတ်ပေးခြင်းများကိုလည်း ဘယ်သောအခါမျှ ထည့်သွင်းဖော်ပြခြင်းမပြုသင့်ပေ။ စာတမ်းအကျဉ်း အစီရင်ခံစာတိုင်းသည် ပါတီစွဲ/ဘက်လိုက်မှုကင်းသင့်သည်။

- စိတ်ခံစားမှုမပါသည့် စကားလုံးများကိုသာ သုံးစွဲခြင်း- စာအရေးအသား၏ အတိမ်အနက်ပေါ်တွင် သက်ရောက်မှုရှိနိုင်သည့် နာမဝိသေသနနှင့် ကြိယာဝိသေသနများကို အထူးအာရုံစိုက်ပါ။

- မျှတမှုရှိပါ - စာတမ်းအကျဉ်းတွင် ယုံကြည်ထိုက်သည့် အမြင်အားလုံးကို အမြဲတင်ပြရန် သေချာစွာလုပ်ဆောင်ပါ။

- ရရှိနိုင်သည့် မူလရင်းမြစ်များနှင့် အထောက်အထားများကိုသုံးစွဲပါ- ဤသတင်းအချက်အလက်များကို မည်သည့်နေရာက ရသည်ဆိုသည်နှင့် ထိုအရင်းအမြစ်ထဲတွင် ချို့ယွင်းချက်ရှိနိုင်သည့်နေရာများကို ရှင်းလင်းအောင်ဖော်ပြပါ။

## ယေဘုယျ ဥပဒေပြုရေးရာသုတေသန အကြမ်းဖော်ပြချက် (OUTLINE)




### ၆။ အရည်အသွေးစစ်ဆေးခြင်း

သုတေသနစာတမ်းအကျဉ်းကိုရေးသားပြုစုပြီးနောက် မန်နေဂျာ သို့မဟုတ် အကြီးတန်းသုတေသီတစ်ဦးမှ အမြဲတမ်းပြန်လည် သုံးသပ်သင့်သည်။ တည်းဖြတ်ပြုပြင်ခြင်းသည်စာတမ်းအကျဉ်းကို ပိုမိုရှင်းလင်း၊ တိကျ၊ ထိရောက်မှုကိုဖြစ်စေသည်။ ထို့အပြင် နိုင်ငံရေးအရ 'ကြားနေ'သည်ကို သေချာစေသည်။

UKAid က ငွေကြေးပံ့ပိုးသောစီမံကိန်းဖြင့် အင်္ဂလန်အောက်လွှတ်တော်မှ ပြုစုထုတ်ဝေသော Myanmar Parliament: Guide to writing parliamentary briefings ခေါ် "မြန်မာ့လွှတ်တော်-လွှတ်တော်တင်ပြချက် အကျဉ်းရေးနည်းလမ်းညွှန်" လက်စွဲစာအုပ်တွင် စာတမ်းတင်ပြချက်အကျဉ်းတစ်ခုကို တည်းဖြတ်ခြင်း၊ စာစစ်ခြင်းလုပ်ရာတွင် စစ်ဆေးရမည့်အချက်များကို ပြုစုထားသည်။

#### ယေဘုယျစစ်ဆေးချက်များ

- ခေါင်းစဉ်နှင့် ရက်စွဲရှိသလား။

- ပထမစာပိုဒ်သည် စာတမ်းအကျဉ်းအကြောင်း ရှင်းလင်းစွာဖော်ပြထားသလား (သို့မဟုတ်) လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် အကြောင်းအရာကိုလည်း ရှင်းလင်းစွာဖော်ပြထားသလား။

- စာတမ်းအကျဉ်းတွင် အဓိကအချက်များ၏အနှစ်ချုပ်ကို ဖော်ပြမှုရှိသလား။

- စာမျက်နှာနံပါတ်များ တပ်ထားသလား။

- စာသားနှင့် စာလုံး(ဖောင့်) အရွယ်အစားမှန်ကန်သလား။
- စားလုံးပေါင်းသတ်ပုံ ထပ်မံစစ်ဆေးပါ။ အမည်များနှင့် ပညာရပ်ဆိုင်ရာ စကားရပ်များကိုလည်း ထပ်မံစစ်ဆေးပါ။
- သဒ္ဒါ၊ ပုဒ်ဖြတ်၊ ပုဒ်ရပ် အားလုံးကို ထပ်မံစစ်ဆေးပါ။
- အထောက်အထားနှင့် ကျမ်းကိုးဆိုင်ရာ ဝန်ခံချက် (ကျေးဇူးတင်လွှာရေးခြင်း)

## *သတင်းအချက်အလက်များ ရှင်းလင်းစွာဖော်ပြခြင်း*

သင်၏စာတမ်းအကျဉ်းတွင် အဓိကအချက်အလက်များအားလုံး ပါရှိရသည်။

- စာပိုဒ်အားလုံးတွင် အယူအဆတစ်ခုပါဝင်ပြီး ယင်းအယူအဆသည် ပထမဆုံးသောစာကြောင်းတွင် မိတ်ဆက်ထားသည်။ ရေးသားချက်သည် စာပိုဒ်တစ်ခုမှတစ်ခု၊ အပိုင်းတစ်ပိုင်းသို့ ချောမွေ့စွာ ကူးပြောင်းချိတ်ဆက်မှုရှိပါသလား။

## *လွှတ်တော်ကိုယ်စားလှယ်များအတွက် အသုံးဝင်သည့် သတင်းအချက်အလက်များ*

- သက်ဆိုင်သည့် လွှတ်တော်ဆိုင်ရာသတင်းအချက်အလက်ကို ပံ့ပိုးပေးသည်။ ဥပမာ-ဆွေးနွေးငြင်းခုံချက်များ၊ ကော်မတီ အစီရင်ခံစာများ၊ လွှတ်တော်နှင့်စပ်လျဉ်းသည့် မေးခွန်းများ အစရှိသဖြင့်။
- အစိုးရမူဝါဒကို ရှင်းလင်းစွာဖော်ပြထားပါ။
- နိုင်ငံရေးအရ အရေးကြီးဆုံးသော သတင်းအချက်အလက်များသာလျှင် ထည့်သွင်းထားသည်။

## *ဘက်လိုက်မှုကင်းသော*

- တိုက်ရိုက်ကိုးကားချက်မဟုတ်လျှင် စိတ်ခံစားမှုနှင့်ဆိုင်သော၊ ဘက်လိုက်မှုရှိသောစကားများ မသုံးစွဲခြင်း။
- အမြင်ရပ်တည်ချက်အမျိုးမျိုးကို ဖော်ပြသည်။
- ကောင်းမွန်ခိုင်မာသည့် အထောက်အထားများရှိမှသာလျှင် ကောက်ချက်ချရသည်။

# ကျား/မရေးရာ ထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသန



ဓာတ်ပုံ- ရှမ်းပြည်နယ်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား သုတေသနသင်တန်းပေးစဉ်(စက်တင်ဘာလ၊ ၂၀၁၇)။

**သင်ကြားရေး ရည်ရွယ်ချက်များ**

ဤသင်ခန်းစာကို လေ့လာပြီးသည့်နောက်တွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

- ကျား/မရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာ သုတေသနဆိုသည်ကို အဓိပ္ပာယ် ဖွင့်ဆိုနိုင်ခြင်း။
- သရုပ်ခွဲလေ့လာမှုအစီရင်ခံစာတွင် ကျား/မရေးရာနှင့် စပ်လျဉ်းသည့် ဆန်းစစ်လေ့လာမှုအား မည်သို့ပေါင်းစပ်ထည့်သွင်းရသည်ကို နားလည်နိုင်ခြင်း။

## ကျား/မရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသန ဆိုတာဘာလဲ။

ကျား/မရေးရာထိခိုက်မခံသော သုတေသနသည် အမျိုးသမီး၊ အမျိုးသား၊ ယောက်ျားလေး၊ မိန်းကလေးများအပေါ် ပြဿနာ၏ သက်ရောက်မှုသည် ခြားနားမှုရှိသလား။ မည်သို့ခြားနားစွာ သက်ရောက်သလဲဆိုသည်ကို ထည့်သွင်းစဉ်းစားခြင်း ဖြစ်သည်။ ထို့အပြင် သုတေသနပြုလုပ်နေသော ပြဿနာ အကြောင်းအရာတစ်ခုအပေါ် မတူညီသော ထိုအုပ်စုများ၏ အမြင်နှင့်ယူဆချက်များအကြားက ခြားနားချက်ကိုလည်း စစ်ဆေးသည်။

သုတေသနတွင် ကျား/မရေးရာထိခိုက်မခံသောရှုထောင့်ကို ထည့်သွင်းဖော်ပြခြင်းသည် အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးနှင့် အမျိုးသားများသည် ကွဲပြားခြားနားသော အခန်းကဏ္ဍများ၊ ဩဇာလွှမ်းမိုးမှုများနှင့် အာဏာများရှိကြသည့်အပြင် ပြဿနာတစ်ရပ်အပေါ်တွင်လည်း မတူညီသည့် ရှုမြင်ပုံများရှိနိုင်သည်။ ၎င်းတို့၏မတူညီသော အတွေ့အကြုံများ

နှင့်အမြင်ရပ်တည်ချက်များကို ပေါင်းစပ်ပေးခြင်းဖြင့် သုတေသီများသည် လွှတ်တော်ကိုယ်စားလှယ်များအား ပြဿနာတစ်ရပ်၏ နက်နဲရှုပ်ထွေးမှုကို ကောင်းစွာနားလည်စေနိုင်သည့် အပြင် ၎င်းတို့၏ ဥပဒေပြုမှု၊ ကိုယ်စားပြုမှု၊ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ အခန်းကဏ္ဍ/ တာဝန်များကို ထမ်းဆောင်ရာတွင်လည်း ထည့်သွင်းစဉ်းစားနိုင်သည်။

ထို့ အပြင် ကျား/မရေးရာ ထိခိုက်မခံသော သုတေသနသည် အမျိုးသမီး၊အမျိုးသား၊ ယောက်ျားလေး၊ မိန်းကလေး အမျိုးအစားအတွင်း၌ လူမျိုး၊ လူတန်းစား၊ အလုပ်အကိုင်စသည့် အကြောင်းခြင်းရာများအပေါ်အခြေပြုသည့် မတူညီသော ရှုမြင်ချက်များစွာရှိနိုင်သည်ကို အသိအမှတ်ပြုသင့်သည်။[၂၈]

ကျား/မရှုထောင့်အမြင်ကို ထည့်သွင်းခြင်းသည် သုတေသနနယ်ပယ်အတိုင်းအတာကို ပြောင်းလဲမှု မဖြစ်စေပါ။ ထိုအချက်သည် ပြဿနာကို ပြည့်စုံစွာပုံဖော်နိုင်သည့် ကျယ်ပြန့်သောရှုမြင်ချက်ကိုသာ ဖြစ်စေသည်။



## *သုတေသန မေးခွန်းများကို ဖွင့်ဆိုသတ်မှတ်ခြင်း*

သုတေသနမေးခွန်းသတ်မှတ်သည့်အခါ ကျား/မရေးရာရှုထောင့်ထည့်သွင်းခြင်းမှာ မည်သည့်သတင်းအချက်အလက်ကို မည်သို့ ကောက်ယူစုဆောင်းမည်ကို ဖော်ပြပေးသည့်အတွက်ကြောင့် အရေးပါသည်။

ဤအဆင့်တွင် မေးမြန်းနိုင်သော ကျား/မနှင့်စပ်လျဉ်းသည့် မေးခွန်းအချို့တွင် အောက်ပါမေးခွန်းများပါဝင်သည်။

- ပြဿနာသည် မည်သူ့အပေါ် လက်ရှိသက်ရောက်နေသလဲ။ အမျိုးသမီးနှင့်အမျိုးသားများအပေါ် ခြားနားစွာသက်ရောက်မှုရှိသလား။ ရှိလျှင် မည်သို့သက်ရောက်မှုရှိသလဲ။ အမျိုးသမီးနှင့် အမျိုးသားများအနေဖြင့် ပြဿနာကိုဖြေရှင်းရန် လုပ်ဆောင်ပြီးပြီလား။ ဘယ်လိုလုပ်ဆောင်ပြီးပြီလဲ။ ၎င်းတို့ချဉ်းကပ်ဖြေရှင်းပုံတွင် ခြားနားချက်များရှိသလား။
- ခေါင်းစဉ်အကြောင်းအရာနှင့်စပ်လျဉ်း၍ ယခင်က မည်သည့်သုတေသနများ လုပ်ထားပြီးပြီလဲ။ ထိုသုတေသနတွင် ကျား/မ ရေးရာရှုထောင့်အမြင်များ ထည့်သွင်းစဉ်းစားခဲ့သလား။
- ခေါင်းစဉ်အကြောင်းအရာနှင့်စပ်လျဉ်းသော ကျား/မ-ခွဲခြားကောက်ယူထားသော မည်သည့်အချက်အလက်ဒေတာများ ရရှိနိုင်သလဲ။[၂၉]

[၂၈] ဆွီဒင်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ - နည်းဥပဒေသများနှင့်အပိုင်းများ၊ အောက်ပါလင့်ခ်တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ https://www.sida.se/contentassets/3a820dbd152f4fca98bacde8a8101e15/gender-tool-analysis.pdf

[၂၉] INSTRAW: ကျားမရေးရာသုတေသန - မည်သို့လုပ်ဆောင်ရမည်နှင့်ဆိုင်သောလမ်းညွှန်၊ အောက်ပါလင့်ခ်တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ http://www.gendervh2020.cz/files/gender-research-a-how-to-guide.pdf

## *သတင်းအချက်အလက်ရင်းမြစ်များ*

ထိုလွှတ်တော်ရေးရာသုတေသီများသည် မူလမဟုတ်သည့် တစ်ဆင့်ခံသုတေသန (secondary research)ကိုသာ အများဆုံးပြုလုပ်သည့်အတွက် သတင်းအချက်အလက်ရင်းမြစ်များအား မှန်ကန်စွာသတ်မှတ်ပေးခြင်းသည် သုတေသီများ ၎င်းတို့အလုပ်တွင် ကျား/မ ရှုထောင့်ကို ထည့်သွင်းကြည့်ရှုနိုင်စွမ်းအတွက် အရေးပါသည်။ ကျား/မ-ခွဲခြားကောက်ယူထားသည့် ဒေတာ/အချက်အလက်ရရှိနိုင်မှုသည်လည်း အထူးအသုံးဝင်သည်။ ဥပမာ- စီးပွားရေးလုပ်ငန်းတွင် အမျိုးသမီးပါဝင်မှု ( ) %၊ အမျိုးသားပါဝင်မှု ( )%။ တစ်ခုသော ရောဂါကြောင့် ရောဂါရ အမျိုးသား ( ) %၊ ရောဂါရ အမျိုးသမီး ( ) %။ တစ်ခုသောအသက်အရွယ်တွင် ကျောင်းထွက်သည့် မိန်းကလေး ( )%၊ ကျောင်းထွက်သည့် ယောက်ျားလေး ( )% အစရှိသဖြင့်။

လွှတ်တော်ရေးရာသုတေသီများ ကျား/မရေးရာထိခိုက်မခံသော သုတေသနပြုလုပ်ရန် သတင်းအချက်အလက်များ ရှာဖွေသည့်အခါ ဆန်းစစ်လေ့လာနိုင်သည့် မြန်မာဘာသာအရင်းအမြစ်စာရင်းကို (နောက်ဆက်တွဲ-င)တွင် ထည့်သွင်းထားသည်။

ကျား/မရေးရာနှင့်စပ်လျဉ်းသည့် အကြောင်းအရာများအပေါ် နိုင်ငံတကာအမြင်များအား သုတေသီများရရှိနိုင်ရန်အတွက် အဓိကကျသည့် အင်္ဂလိပ်ဘာသာရင်းမြစ်အချို့ကို (နောက်ဆက်တွဲ-ဃ)တွင် ထည့်သွင်းထားသည်။

ထိုလက်စွဲတွင် မှတ်သားထားသည့်အတိုင်း၊ လွှတ်တော်ရေးရာသုတေသီများ၏အခန်းကဏ္ဍသည် သုတေသီ၏ကိုယ်ပိုင်အကဲဖြတ်ချက်နှင့် အဆိုပြုထားသော အခြားရွေးချယ်စရာများနှင့်အတူ ပြဿနာတစ်ခုနှင့်စပ်လျဉ်း၍ ဖြေရှင်းရာတွင် မတူညီသည့်အမြင်များကို ဘက်မလိုက်ဘဲ ပါတီစွဲကင်းသည့် နှိုင်းယှဉ်တင်ပြထားသော သတင်းအချက်အလက်များနှင့် သရုပ်ခွဲလေ့လာမှုများကို လွှတ်တော်ကိုယ်စားလှယ်များအား ပံ့ပိုးပေးရန် ဖြစ်သည်။

အခြားသောနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံတွင် အမျိုးသမီးအခွင့်အရေးနှင့် ကျား/မရေးရာကို ထည့်သွင်းစဉ်းစားလာသည့် think-tanks ခေါ် မူဝါဒရေးရာအဖွဲ့အစည်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့အစည်းများ၊ ကွန်ရက်များရှိကြသည်။ ၎င်းတို့သည် သုတေသနလုပ်ရာတွင် ကျား-မ ရှုထောင့်နှင့် သက်ဆိုင်သည့် အသုံးဝင်သော သတင်းအချက်အလက်နှင့်သရုပ်ခွဲလေ့လာမှုရင်းမြစ်တစ်ခု ဖြစ်နိုင်သည်။ ထိုအစိုးရအုပ်ချုပ်ရေးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ/လူပုဂ္ဂိုလ်များအကြားတွင် ခြားနားသောအမြင်ရှုထောင့်များ ရှိနိုင်သည်။ လွှတ်တော်ရေးရာသုတေသီများ၏ အခန်းကဏ္ဍသည် အမြင်ရှုထောင့်များခွဲခြားသတ်မှတ်ခြင်းနှင့် ယင်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ မျှတစွာနှိုင်းယှဉ်တင်ပြရသည်။

# သရုပ်ခွဲလေ့လာမှုအစီရင်ခံစာတွင် ကျား/မရေးရာထိခိုက်မခံမှုပြ (Gender-Sensitive)ဘာသာစကားများသုံးစွဲခြင်း

ကျား/မရေးရာထိခိုက်မခံမှုပြ ဘာသာစကားများသုံးစွဲခြင်းသည် သုတေသနပြုလုပ်နေသောအကြောင်းအရာ၏ ကျား/မရေးရာနှင့် စပ်လျဉ်းသည့်ရှုထောင့်ကို မီးမောင်းထိုးပြရာတွင် အရေးပါသည်။ ဘာသာစကားသည်ပင်လျှင် ဘက်လိုက်မှုမကင်းပါ။ ဘာသာစကား သည် ယဉ်ကျေးမှုဓလေ့များစွာတွင် ပုရိသဝါဒကြီးစိုးသည့် လူ့အဖွဲ့အစည်း၏ တန်ဖိုးစံများကို ထင်ဟပ်နိုင်သည်။ ယေဘုယျ စကားရပ်များကို ယေဘုယျအခြေအနေများအား တင်ပြရာတွင် အသုံးပြုနိုင်သည်။ ထို့အပြင် ကျား/မရေးရာနှင့်စပ်လျဉ်းသည့် စကားရပ်များကို အမျိုးသားနှင့်အမျိုးသမီးများ၏ အမြင်ရှုထောင့်များနှင့် အခန်းကဏ္ဍများကို မြင်သာစေရန် အသုံးပြုနိုင်သည်။ [၂၀]

ဥပမာ- လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများ၏ အခန်းကဏ္ဍကိုပြောလိုလျှင်အမျိုးသား လယ်/ယာသမားအကြောင်းကို တိကျစွာ ပြောလျှင် ပိုကောင်းသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအကြောင်းကိုပြောလျှင် အမျိုးသမီးလယ်သူမ အကြောင်းပြောရန်ဖြစ်သည်။ ယေဘုယျဆန်သည့် "လယ်လုပ်သူ" စကားရပ်ကိုသာသုံးစွဲလျှင် လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသား များနှင့် အမျိုးသမီးများကြားက သိသာထင်ရှားသော ခြားနားချက်များသည် သုတေသနအစီရင်ခံစာတွင် မမြင်တွေ့ နိုင်ပေ။ ထို့အပြင် ယဉ်ကျေးမှုနှင့်နွယ်သည့် ဘက်လိုက်မှုအပေါ်တည်မှီလျက် စာဖတ်ပရိသတ်သည် ယေဘုယျဆန်သည့် စကားရပ်တစ်ခုသည် အမျိုးသား များကိုသာညွှန်းသည် သို့မဟုတ် အမျိုးသမီးများကိုသာညွှန်းသည်ဟု ယူဆနိုင်သည်။ ဥပမာ- န္တားကျောင်းသားဆိုသည့် စကားရပ်သည် အမျိုးသားများကိုသာ ညွှန်းဆိုသည်ဟု စာဖတ်ပရိသတ်များက အလိုအလျောက်ဖွင့်ဆိုကြမည် ဖြစ်သည်။

## *ကျား/မရေးရာ ထိခိုက်မခံသော သုတေသန ဥပမာများ*

### *ကျန်းမာရေး စောင့်ရှောက်မှု*

သုတေသနပြုရာတွင် အမျိုးသမီးများနှင့် အမျိုးသားများကြားက ခြားနားချက်များထည့်သွင်းစဉ်းစားခြင်း၏ အရေးပါပုံကို ကျန်းမာရေး စောင့်ရှောက်မှုနှင့်စပ်လျဉ်းသည့် ဥပမာဖြင့်ဖော်ပြနိုင်သည်။ သုတေသီများသည် ကျား-ဖြစ်မှုအား တန်ဖိုးစံအနေဖြင့်အသုံးပြု၍ အမျိုးသမီးများနှင့် အမျိုးသားများအပေါ် ရောဂါ၏မတူညီသောဆိုးကျိုးသက်ရောက်မှုများ၊ အမျိုးသမီးနှင့်အမျိုးသားများကြားရှိ ဇီဝခန္ဓာ ဖြစ်တည်ပုံ ခြားနားမှု၊ ဆေးဝါးများစမ်းသပ်ရာတွင် ခြားနားချက်[၂၁]များစသည်တို့ကို နှစ်ပေါင်းများစွာ လျစ်လျူရှုခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ကုသရေးဆိုင်ရာလက်တွေ့သုတေသနမှ အမျိုးသမီးများကို ဖယ်ထုတ်ထားခြင်းသည် အမျိုးသမီးများ၏ကျန်းမာရေးကို ထိခိုက်စေခဲ့ သည်ဆိုသည့်အချက်ကို အမေရိကန်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့က တွေ့ရှိခဲ့သည်။ ယခုအခါ ကျား/မဟော် မုန်း(hormones)သည် ဆေးဝါးများ၏ထိရောက်မှုအပေါ် လွှမ်းမိုးနိုင်စွမ်းရှိသည်ကို ကျွန်ုပ်တို့သိနေကြပြီဖြစ်သည်။ ဓမ္မတာ/ရာသီလာ ချိန်၊ ကိုယ်ဝန်ဆောင်ချိန်နှင့် သွေးဆုံးချိန်များသည် အမျိုးသမီးများ၏ခန္ဓာတွင် ဆေးဝါးများ၏တုံ့ပြန်ပုံကို သက်ရောက်နိုင်သည်။ ထို့ အပြင် သန္ဓေတားဆေးနှင့် ဟော်မုန်းအစားထိုးကုထုံးဆိုင်ရာ ဆေးဝါးများသည် အမျိုးသမီးများတွင် ဆေးဝါးဓာတ်ပြုမှုကို ပြောင်းလဲ စေနိုင်သည်။[၂၂]

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)သည် အမျိုးသမီးနှင့်အမျိုးသားကြား ဇီဝခန္ဓာခြားနားမှု (ကျား/မခြားနားမှု)ကို စတင်အာရုံစိုက်လာ သည့်အပြင် ကျန်းမာရေးနှင့်စပ်လျဉ်း၍ (ယဉ်ကျေးမှုဓလေ့အရ) ကျား/မပိုင်းဆိုင်ရာရှုထောင့်ကိုလည်း အလေးထားကြည့်လာသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျား/မခြားနားမှုသည် အမျိုးသမီးများနှင့် အမျိုးသားများအကြား ကျန်းမာရေးအဆင့်နှင့် ကျန်းမာရေး စောင့်ရှောက်မှုအခွင့်အလမ်းရရှိမှုတွင် မမျှတမှုကိုဖြစ်စေနိုင်သည်ဟုဆိုသည်။ ဥပမာ-

[၂၀] ICIMOD: *ကျား/မရေးရာသုတေသနလမ်းညွှန်*။ အောက်ပါလင့်ခ်တွင် ကြည့်နိုင်သည်: https://www.icimod.org/resource/1290

[၂၁] လူသားတို့၏ကျန်းမာရေးသုတေသနဆိုင်ရာ ဇီဝဗေဒကွာခြားချက်များနှင့်စပ်လျဉ်းသည့် ပိုမိုသောအချက်အလက်များအတွက် အမျိုးသမီးကျန်းမာရေးသုတေသနဆိုင်ရာ လူ့အဖွဲ့အစည်းကို ကြည့်ရှုပြီး (http://www.womenshealthresearch.org) ဆေးဝါးကုသရေးအဖွဲ့အစည်း၏အစီရင်ခံစာဖြစ်သည့် *လူသားများ၏ကျန်းမာရေးတွင် ဇီဝဗေဒ ပါဝင် သက်ဆိုင်ပုံကို ရှာဖွေခြင်း - လိင်အရေးကြီးသလား၊* အစီရင်ခံစာတွင်ဖတ်နိုင်သည်။ အောက်ပါလင့်မှ ဖတ်ရှုနိုင်သည်။ http://www.nap.edu/books/0309072816/html/

[၂၂] အမျိုးသမီးများ ကျန်းမာရေးသုတေသနဆိုင်ရာ လူ့အဖွဲ့အစည်း။ အောက်ပါလင့်ခ်တွင်ကြည့်ရှုနိုင်သည်။
http://www.womenshealthresearch.org/site/PageServer?pagename=hs_facts_dat

- အမျိုးသမီးတစ်ဦးသည် အမျိုးသမီးတစ်ဦးတည်း ဆေးခန်းကိုသွားပြခွင့်မပြုသည့် သူမနေထိုင်ရာ လူ့အဖွဲ့အစည်းရှိ စည်းကမ်းစံနှုန်းများကြောင့် လိုအပ်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုကို မရရှိနိုင်ပါ။

- လူငယ်ကလေးတစ်ဦးသည် မတော်တဆထိခိုက်မှုတစ်ခုတွင် သေဆုံးသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လူငယ်များသည် ရဲဝင့်စွန့်စားသူများဖြစ်သင့်သည်ဆိုသည့် မိတ်ဆွေအပေါင်းအသင်းများ၏ မျှော်လင့်ချက်များအတိုင်း နေထိုင်ရန်ကြိုးစားခဲ့သောကြောင့်ဖြစ်သည်။

- နိုင်ငံတစ်ခုတွင် အမျိုးသားများ၏ အဆုတ်ကင်ဆာရောဂါဖြင့်သေနှုန်းသည် အမျိုးသမီးများ၏ သေနှုန်းထက်များသည်။ အဘယ်ကြောင့်ဆိုသော် ဆေးလိပ်သောက်ခြင်းသည် ယောကျ်ားပီသမှုလက္ခဏာရပ်အဖြစ်မြင်ပြီး အမျိုးသမီးများတွင်မူ မိန်းမမဆန်ဟုယူဆသော ကြောင့်ဖြစ်သည်။[၄၄]

## *အလုပ်အကိုင်*

အာရှဒေသတွင် အလုပ်အကိုင်ခန့်ထားမှုနှင့်စပ်လျဉ်းသည့် ကျား/မရေးရာ ထိခိုက်မခံသော သုတေသန ဥပမာတစ်ခုမှာ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ Women in Workforce (အလုပ်ခွင်မှ အမျိုးသမီးများ) ၂၀၁၅ ခုနှစ် အစီရင်ခံစာဖြစ်သည်။ စစ်ဆေးပြီး အထောက်အထားများက ပြဆိုသည်မှာ အာရှဒေသရှိ အမျိုးသမီးများသည် အမျိုးသားများထက် လုပ်သားအင်အားတွင် ပျှမ်းမျှအားဖြင့် ၇၀% လျော့နည်းသည်။ နိုင်ငံတစ်ခုနှင့်တစ်ခုခြားနားချက်ရာခိုင်နှုန်းသည် ၃% မှ ၈၀% ထိရှိသည်။ ဤကွာဟချက်သည် စီပွားရေးဖွံ့ဖြိုးမှု၊ မွေးနှုန်းလျော့ကျမှု၊ ပညာရေးမြင့်မားမှုများ ရှိနေသော်လည်း ဆက်လက်ဖြစ်ပေါ်နေသည်။[၄၅] ထိုအစီရင်ခံစာအရ အရေအတွက်အခြေပြု သုတေသနကပြဆိုသည်မှာ အလုပ်ခွင်တွင် အမျိုးသမီးပါဝင်နှုန်းကိုမြှင့်တင်ခြင်းသည် စီပွားရေးဖွံ့ဖြိုးမှုနှင့် စီပွားရေးသက်သာချောင်ချိမှုအတွက် သိသာထင်ရှားသည့်ကောင်းကျိုးများဖြစ်စေနိုင်သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှု နှစ်ခုစလုံးသည် အမျိုးသမီးများ လုပ်သားအင်အားတွင် ပါဝင်လာစေရန်အတွက် မလုံလောက်ပေ။ အစီရင်ခံစာတွင်ကိုးကားထားသော new simulation model ခေါ် ပုံစံတူဖန်တီးလေ့လာခြင်းနည်းသစ်၏ တွေ့ရှိချက်ရလဒ်က ဆိုလိုသည်မှာ- ကျား/မခြားနားမှု ကွာဟချက်ကို လျှော့ချခြင်းသည် မျိုးဆက်တစ်ခုအတွင်း မှန်းဆထားသော အာရှစီပွားရေး၏ပျမ်းမျှတစ်ဦးချင်းဝင်ငွေကို ၃၀% တိုးစေနိုင်သည်။ စစ်တမ်းများအရ အလုပ်သမားဈေးကွက်တွင် အမျိုးသားများနှင့်နှိုင်းယှဉ်လျှင် အမျိုးသမီးများသည် စွမ်းဆောင်ရည်နိမ့်သည်၊ ကျွမ်းကျင်မှုနည်းသည်ဟု အထင်ခံရသည်။ အချို့နိုင်ငံများတွင် အမျိုးသမီးများ၏ အဓိကတာဝန်သည် အိမ်တွင်းမှုအလုပ်ဖြစ်သည်ဟု သတ်မှတ်ထားသော လူမှုစံနှုန်းများသည် အမျိုးသမီးများ၏ လူမှုလုပ်ငန်းဆောင်တာများနှင့် လူမှုအဆင့်အတန်းအပြောင်းအလဲများအတွက် ထင်ရှားသော အဟန့်အတားဖြစ်သည်။ အစီရင်ခံစာတွင် မူဝါဒချမှတ်သူများလုပ်ဆောင်နိုင်သည့် အကြံပြုချက်များကို ယခုကဲ့သို့ တင်ပြထားသည်။

- လုပ်သားအင်အားထုထဲသို့ အမျိုးသမီးများ၏စွမ်းရည်များ ပိုမိုဆွဲဆောင်လာနိုင်ရန်အတွက် မူဝါဒများသည် ပြုသာပြင်သာရှိပြီး အိမ်ထောင်စုဝင်များကြားတွင် အချိန်ကိုမျှတအကျိုးရှိစွာ ခွဲဝေပေးခွင့်ပြုထားသည့်၊ ရင်းနှီးကျွမ်းဝင်သော၊ လိုက်လျောညီထွေရှိသော လုပ်ငန်းခွင်ကို အားပေးသင့်သည်။

- အာရှဒေသရှိ အချို့သောနိုင်ငံများတွင် လုပ်ဆောင်ရမည့် အစီအမံများသည် ၁) အမျိုးသမီး လုပ်သား/အလုပ်သူမများ လုံခြုံမှုနှင့် ကာကွယ်မှုတိုးမြှင့်ရန်၊ ၂) အလုပ်ခွင်သို့သွားရာတွင် သင့်လျော်သည့် သယ်ယူပို့ဆောင်ရေးအစီအစဉ်များ ထောက်ပံ့ပေးရန်၊ ၃) အမျိုးသမီးများ ပစ္စည်းပိုင်ဆိုင်ခွင့်မရှိသည့်နေရာများ၊ ငွေချေးယူနိုင်မှုအကန့်အသတ်ရှိသည့်နေရာများနှင့် အမျိုးသမီးလုပ်သားပါဝင်နှုန်းနိမ့်သည့်နေရာများတွင် အမျိုးသမီးများ၏ (ကုန်စည်)ထုတ်လုပ်မှုများ တိုးတက်ကောင်းမွန်စေရေး ပိုမိုအာရုံစိုက်ရန်ဖြစ်သည်။

အမျိုးသမီးများ ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင်အခွင့်အလမ်းများ ရှာဖွေတောင်းဆိုလာရန်နှင့် ပိုမိုအားပေးရန် အမျိုးသမီးများအတွက် ကျွမ်းကျင်မှုအတတ်ပညာသင်တန်းများကို မြှင့်တင်သည့် မူဝါဒများချမှတ်လုပ်ဆောင်သင့်သည်။

---

[၄၄] ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO) - ကျားမရေးရာနှင့် ကျန်းမာရေး၊ အောက်ပါလင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ http://www.who.int/gender/genderandhealth/en/index.html

[၄၅] အာရှဖောင်ဒေးရှင်း၊ လုပ်ငန်းခွင်အမျိုးသမီး- အာရှနှင့် ပစိဖိတ်ဒေသတွင်း ဖြည့်ဆည်းနိုင်ခြေမရှိသည့် အလားအလာတစ်ခု။ အောက်ပါလင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ https://www.adb.org/sites/default/files/.../women-workforce-unmet-potential.pdf

# သင်တန်းဖွဲ့စည်းမှုပုံစံနှင့်

# သင်ကြားမှု



ဓာတ်ပုံ- ရှမ်းပြည်နယ်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား သုတေသနသင်တန်းပေးစဉ်(စက်တင်ဘာလ၊ ၂၀၁၇)။

**သင်ကြားရေး ရည်ရွယ်ချက်များ**
ဤသင်ခန်းစာကို လေ့လာပြီးသည့်နောက်တွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

- သင်တန်းလိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊
- သင်တန်း သင်ရိုးညွှန်းတမ်းတစ်ခုကို စီစဉ်ရေးဆွဲခြင်း၊
- သင်တန်းများကို အကဲဖြတ်ခြင်း။

## နိဒါန်း

သင်တန်းတစ်ခုကို စီစဉ်ရေးဆွဲခြင်းမပြုမီတွင် စီမံချက်စက်ဝန်း၊ ယင်း၏ကွဲပြားသောအဆင့်များနှင့် စီမံချက်တစ်ခု၏ အဓိပ္ပာယ်ကိုနားလည်သဘောပေါက်ရန် အရေးကြီးသည်။

စီမံချက်တွင် အသေးစားစီမံချက်များမှ ကြီးမားရှုပ်ထွေးသော စီမံကိန်းများအထိ လုပ်ငန်းဆောင်တာများစွာ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သောကြောင့် စီမံချက်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကွဲပြားမှုများစွာရှိနိုင်သည်။

အချုပ်ဆိုရသော် အလားအလာကောင်းပြီး အောင်မြင်မှုရရှိနိုင်ရန်အတွက်မူ စီမံချက်တစ်ခုကို အောက်ဖော်ပြပါ ဥပဒေသများဖြင့် လမ်းညွှန်မှုပြုလုပ်ရမည်ဖြစ်သည် -

- ➢ *စီမံချက်တစ်ခု၏ စမှတ်သည် အုပ်စုတစ်ခုခုအား သက်ရောက်နေသော ပြဿနာ သို့မဟုတ် လိုအပ်ချက်တစ်ရပ်တည်ရှိမှုပင်ဖြစ်သည်။*

- ပြဿနာ သို့မဟုတ် လိုအပ်ချက် အဓိပ္ပာယ်ဖွင့်ဆိုချက်သည် စီမံချက်လိုအပ်ကြောင်း သိသာထင်ရှားစေပြီး၊ စီမံချက်က ဖြေရှင်းချက်များအား မည်သို့ပံ့ပိုးပေးကြောင်းကိုမူ စီမံချက်ဆိုင်ရာ စာရွက်စာတမ်းများက ဖော်ပြပေးမည် ဖြစ်သည်။

- ဥပမာအားဖြင့် - ရှမ်းပြည်နယ်တွင် ပြုလုပ်သော လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုပြုလုပ်နေစဉ်အတွင်း ကျား/မ ရေးရာ ထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသနပြုလုပ်ရန် လွှတ်တော်၏စွမ်းဆောင်ရည်တွင် လိုအပ်ချက်တစ်ရပ်ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ရလဒ်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လွှတ်တော်၏ သုတေသနစွမ်းရည်ကိုမြှင့်တင်ရန် စီမံကိန်းတစ်ခုကို စီစဉ်ရေးဆွဲခဲ့သည်။

➢ *ရေရှည်တည်တံ့သောစီမံချက်တစ်ခုကို ပိုမိုကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးရည်မှန်းချက်များဖြင့်ပေါင်းစပ်၍ တစ်သားတည်း ဖြစ်စေသည်။*

- အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ခု၏ အစိတ်အပိုင်းတစ်ခုနှင့် ချိတ်ဆက်ထားခြင်းဖြင့် စီမံချက်တစ်ခု၏ သက်ရောက်မှုနှင့် ထိရောက်မှုကို တိုးမြှင့်နိုင်စေသည်။ ဥပမာအားဖြင့် - စီမံချက်တစ်ခု၏ ရည်ရွယ်ချက်သည် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြဿနာများစွာကို ဖြေရှင်းနိုင်စေရန် UN မှ ချမှတ်ထားသော ကမ္ဘာလုံးဆိုင်ရာ အဓိက ပန်းတိုင်များစုပေါင်းထားသော ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်များ (Sustainable Development Goals-SDGs)နှင့် လိုက်လျောညီထွေရှိပြီး၊ အပြန်အလှန် ချိတ်ဆက်ထားမည်ဖြစ်သည်။

- စီမံချက်တစ်ခုသည် အစမှအဆုံးထိ ပူးပေါင်းပါဝင်ဆောင်ရွက်သော လုပ်ငန်းတစ်ခုပင်ဖြစ်သည်။

- စီမံချက်၏သက်ရောက်မှုကိုခံရနိုင်သော လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် စီမံကိန်းဖွဲ့စည်းပုံ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းစသည့်အဆင့်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

- ရေရှည်တည်တံ့သော စီမံချက်များသည် ကျား/မရေးရာကို ထည့်သွင်းစဉ်းစားမှုရှိသည်။

- သင်တန်းကဏ္ဍများကို စီစဉ်ရေးဆွဲပြီး အကောင်အထည်ဖော်သောအခါတွင် ကျား/မရေးရာ ကွဲပြားခြားနားမှုများနှင့် တန်းတူမညီမျှမှုများကို စိစစ်လေ့လာ၍ မဖြစ်မနေထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထိုသို့မပြုလုပ်ပါက စီမံချက်များ၏ ထိရောက်မှုနှင့် ရေရှည်တည်တံ့မှုကို ပျက်စီးစေနိုင်ပြီး အဆိုးဆုံးအနေဖြင့် အဆိုပါ ကျား/မရေးရာ မညီမျှမှုများကို ပိုမိုဆိုးရွားစေသည်။

## *စီမံချက်တစ်ခုကို မည်သို့စီစဉ်ရေးဆွဲမည်နည်း။*

စီမံချက်တစ်ခုကို စီစဉ်ရေးဆွဲရာတွင် မတူညီသော ချဉ်းကပ်နည်းများစွာ ရှိသည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့အစည်းအများစုသည် သင်တန်းများကို စီစဉ်ရာ တွင် သင်တန်းစီမံခန့်ခွဲမှုစက်ဝန်းကို အသုံးပြုကြသည်။


သင်တန်းစီမံခန့်ခွဲမှုစက်ဝန်းတွင် စီမံချက်တိုင်းသည် ပြဿနာကိုဖော်ထုတ်သောအချိန်မှစတင်၍ ဖြေရှင်းသည်အထိ လုပ်ငန်းစဉ်တစ်ရပ်လုံးကို လမ်းညွှန်မှုပေးသော အတွဲလိုက်ရှိသောအဆင့်များကို လိုက်နာကြသည်။ အဆိုပါအတွဲလိုက်ရှိသောအဆင့်များကို စီမံချက်စက်ဝန်းဟုခေါ်သည်။ အဆင့်တိုင်းသည် အရေးကြီးပြီး နောက်တစ်ဆင့်သို့မသွားခင် ယခင်အဆင့်ကို ပြည့်ပြည့်ဝဝပြီးမြောက်အောင် ဆောင်ရွက်သင့်သည်။ စီမံချက်အားလုံးတွင် အစီအစဉ်ရေးဆွဲခြင်းသည် စီမံချက်စက်ဝန်း၏စမှတ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ပြီးမြောက်အောင်မြင်ရမည့်ကိစ္စများ၊ အကောင်အထည်ဖော်ပုံနှင့် လုပ်ငန်းတိုးတက်မှုအားစိစစ်အတည်ပြုပုံ စသည်တို့နှင့်စပ်လျဉ်းသောစီမံချက်ဖွဲ့စည်းပုံကို ပံ့ပိုးပေးသောကြောင့်ဖြစ်သည်။ အချုပ်ဆိုရသော် အစီအစဉ်ရေးဆွဲသည့်အဆင့်သည် အရေးကြီးဆုံးအဆင့်ပင်ဖြစ်သည်။

---

၃၇ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း, *စီမံချက်ဖွဲ့စည်းပုံလက်စွဲ*၊ ၂၀၁၀၊ စာမျက်နှာ 12-14. အောက်ပါလင့်ခ်တွင် ရနိုင်သည်။ http://www.ilo.org/wcmsp5/groups/public/---ed_emp/---emp_ent/---coop/documents/instructionalmaterial/wcms_159819.pdf

၃၈ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း, *စီမံချက်ဖွဲ့စည်းပုံ လက်စွဲ*၊ ၂၀၁၀၊ စာမျက်နှာ 16-17. အောက်ပါလင့်ခ်တွင် ရနိုင်သည်။ http://www.ilo.org/wcmsp5/groups/public/---ed_emp/---emp_ent/---coop/documents/instructionalmaterial/wcms_159819.pdf

# သင်တန်းစက်ဝန်း






## *သင်တန်းကဏ္ဍအပိုင်းများကို မိတ်ဆက်ခြင်း*

သင်တန်းကဏ္ဍအပိုင်းများကို စီစဉ်ရေးဆွဲရာတွင် လိုအပ်ချက်ဆန်းစစ်လေ့လာမှုမှရလာသော ရလဒ်များကိုအခြေခံ၍ သင်တန်းလိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ ရည်ရွယ်ချက်များနှင့် ရလဒ်များကို အကြံပြုချက်ပေးခြင်းနှင့် အဆိုပါရည်ရွယ်ချက်များအား မည်သို့ပြည့်မီအောင် ဆောင်ရွက်နိုင်ပုံနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းတို့ ပါဝင်သည်။ သင်တန်းအစီအစဉ်တစ်ခုသည် သင်တန်းစီမံကိန်းတစ်ခုနှင့်ဆိုင်သော မည်သည်၊ မည်သူ၊ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သို့နှင့် မည်သည့်အတွက်ကြောင့်ဟူသော မေးခွန်းများကို ဆုံးဖြတ်ပေးသလို ထိရောက်မှုရှိသော သင်တန်းစီမံကိန်းတစ်ခု၏ အခြေခံအုတ်မြစ်ကိုလည်း ဖြစ်ပေါ်စေသည်။ ထိရောက်မှုရှိသော သင်တန်းများတွင် သင်တန်းသားများမှ သင်ယူတတ်မြောက်ထားသော ကျွမ်းကျင်မှုများနှင့်အသိပညာများကို ပြန်လည်အသုံးချပုံနှင့်ဆိုင်သော ရှင်းလင်းသည့်အမြင်လည်း လိုအပ်ပေသည်။[၃၇]

[၃၇] ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းရေးအေဂျင်စီ၊ နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ ဒေသတွင်းအုပ်ချုပ်ရေးတိုးတက်မှုဆိုင်ရာ စီမံချက်၊ သင်တန်းအစီအစဉ်လက်စွဲစာအုပ်၊ စာမျက်နှာ ၄၊ အောက်ပါလင့်ခ်တွင်ရနိုင်သည်။
https://www.jica.go.jp/project/cambodia/0601331/pdf/english/2_Training_01.pdf.

# သင်တန်းလိုအပ်ချက်များကို ဖော်ထုတ်ခြင်း (လိုအပ်ချက်ဆန်းစစ်လေ့လာမှုများ-Needs Assessments)

လွှတ်တော်ရေးရာသုတေသနသင်တန်းများ၏ ဖွဲ့စည်းပုံ၊ အကောင်အထည်ဖော်မှုနှင့် အကဲဖြတ်မှုတို့သည် လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုမှ စတင်သည်။ လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည် လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုသည် လွှတ်တော်၏ သုတေသနစွမ်းဆောင်ရည်/ဝန်ဆောင်မှုများနှင့် ရလဒ်များဆိုင်ရာ လက်ရှိအဆင့်နှင့် ရောက်လိုသောအဆင့်တို့ကြားရှိ လိုအပ်ချက်များ သို့မဟုတ် ကွက်လပ်များကို သတ်မှတ်ဖော်ထုတ်ပေးသော စနစ်ကျသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ တစ်နည်းဆိုသော် လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်ဆန်းစစ်လေ့လာမှုသည် အောက်ပါတို့ကို ပြီးမြောက်စေသည် -

- သုတေသနဝန်ဆောင်မှုပေးခြင်း တိုးတက်စေရန်အတွက် သုတေသနစွမ်းဆောင်ရည်/ဝန်ဆောင်မှုများနှင့် ရလဒ်များတွင်ရှိသော လိုအပ်ချက်များကို ဖော်ထုတ်ပြီး ယင်းတို့ကိုဖြေရှင်းရန် ခိုင်မာသောအဆင့်များချမှတ်ခြင်း

- (တစ်ခါတစ်ရံတွင် အကန့်အသတ်ဖြစ်နေသော) လက်ရှိအရင်းအမြစ်များသည် ဦးစားပေးဖြစ်ပြီး လက်တွေ့ကျသော လွှတ်တော်ရေးရာသုတေသနဖြေရှင်းချက်များကို ရေးဆွဲဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆီသို့ ဦးတည်စေရန် ကူညီပေးခြင်း

- လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည် အကောင်အထည်ဖော်ရေးအစီအစဉ်ကို ရေးဆွဲရာ/ပိုကောင်းစေရာတွင် ကူညီပေးခြင်းနှင့်

- လွှတ်တော်ရေးရာသုတေသနသင်တန်းများနှင့် အခြားသော စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ဆောင်ချက်များ၏ ရလဒ်များကို တိုင်းတာခြင်းအတွက် အခြေခံမျဉ်းတစ်ခုကို သတ်မှတ်ပေးခြင်း

သုတေသနဝန်ဆောင်မှု သို့မဟုတ် သုတေသနဌာနတစ်ခုသည် မည်သည့်သုတေသနရလဒ်များနှင့် ဝန်ဆောင်မှုများက လွှတ်တော်ကိုယ်စားလှယ်များအတွက်တန်ဖိုးရှိကြောင်း နားလည်မှသာ အောင်မြင်မည်ဖြစ်ကြောင်း သိထားသင့်ပေသည်။ ဆိုလိုသည်မှာ - မည်သည်ကအလုပ်ဖြစ်သည်၊ မဖြစ်သည်၊ မည်သူ့အတွက်ဖြစ်သည်စသည်တို့ကို ဖော်ထုတ်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို ထည့်သွင်းစဉ်းစားထားသော သုတေသနဝန်ဆောင်မှုများအား အကဲဖြတ်သည့် နည်းလမ်း များဖော်ထုတ်ခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် - အချို့သောလွှတ်တော်ကိုယ်စားလှယ်များသည် ရှုပ်ထွေးသော ပြည်သူ့ရေးရာ မူဝါဒပြဿနာများ၏ အသေးစိတ်ဆန်းစစ်လေ့လာချက်များကို လက်လှမ်းမီလိုသော်လည်း၊ အခြားသော လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏လွှတ်တော်ရေးရာအလုပ်များကိုထောက်ကူပေးသည့် လိုတိုရှင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ ရယူလိုကြပေသည်။

ထို့ကြောင့်ပင် လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်များဆိုင်ရာ လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုကို လုပ်ဆောင်ရာတွင် အဖွဲ့အစည်းတစ်ခုသည် ရှိပြီးသားသုတေသနဌာနများ၏ လက်ရှိစွမ်းဆောင်ရည်များဖြင့် မည်သည့်သုတေသနရလဒ်များနှင့် ဝန်ဆောင်မှုများကို ဖော်ထုတ်နိုင်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏အလုပ်များကို လုပ်ဆောင်ရန် မည်သည့်သတင်းအချက်အလက်အမျိုးအစား(များ)ကို အလိုအပ်ဆုံးဖြစ်ကြောင်း ဆုံးဖြတ်သတ်မှတ်ရန် လိုအပ်သည်။ အကယ်၍ ကော်မတီများအား ပထမဆုံး အကြိမ်အဖြစ် သုတေသနဝန်ဆောင်မှုပေးရန် ရည်ရွယ်ပါက ကော်မတီများ သူတို့၏အလုပ်ကို မည်သို့ဆောင်ရွက်ကြကြောင်းနှင့် ၎င်းတို့၏ အရေးကြီးသုတေသနဦးစားပေးအရာများ (ဥပဒေကြမ်း၊ ဘဏ္ဍာရေးကြီးကြပ်မှုတာဝန်၊ တာဝန်ယူမှုစသည်တို့ကို) သိရန် လိုအပ်ပေသည်။

လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခု မည်သို့ပြုလုပ်ရမည်ဟူသော အသေးစိတ်သတ်မှတ်ရေးဆွဲထားသည့် အစီအစဉ်ဟူ၍မရှိပေ။ သို့ရာတွင် အများအသုံးပြုသော လိုအပ်ချက် ဆန်းစစ်လေ့လာမှုများသည် အောက်ပါ အဆင့် ၃ ဆင့် လုပ်ငန်းစဉ်ကို လိုက်နာကြသည်-

၁။ ***အဆင့်(၁)-အကြိုဆန်းစစ်လေ့လာမှုမတိုင်မီ (စူးစမ်းရှာဖွေခြင်း)-*** ဤအဆင့်တွင် ဖွဲ့စည်းပုံတစ်ခုနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစီအစဉ်တစ်ရပ်ကို ပြင်ဆင်ခြင်း၊ ဆန်းစစ်လေ့လာမှုဆိုင်ရာနည်းနာဗေဒနှင့် သတ်မှတ်ကာလတို့ကို သတ်မှတ်

ခြင်း၊ အလိုရှိသော သုတေသနဝန်ဆောင်မှုများနှင့် ရလဒ်များ/စွမ်းဆောင်ရည်တို့အတွက် တိုင်းတာ၍ရသော ညွှန်ကိန်းများကို သတ်မှတ်ခြင်း၊ အချက်အလက်ရင်းမြစ်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် သုတေသနစွမ်းရည်ဆိုင်ရာ ဦးစားပေးအရာများကို သတ်မှတ်ခြင်းတို့ ပါဝင်သည်။

၂။ ***အဆင့်(၂)- အဓိကဆန်းစစ်လေ့လာမှု (အချက်အလက်စုဆောင်းခြင်းနှင့် သရုပ်ခွဲလေ့လာခြင်း)*** - ဤအဆင့်တွင် 'ဖြစ်သင့်သည့်' အမြင်အပေါ် ရှိလာမည့်အနေအထားကို နှိုင်းယှဉ်ရန်နှင့် သုတေသနဝန်ဆောင်မှုများနှင့်ရလဒ်များ/စွမ်းဆောင်ရည်နှင့် ယင်းတို့ကဖြစ်လာစေသော အဆိုပါလိုအပ်ချက်များ သို့မဟုတ် လစ်ဟာမှုများ၏ ပမာဏကိုတိုင်းတာရန် သုတေသန ဝန်ဆောင်မှုများနှင့်ရလဒ်များ/ စွမ်းဆောင်ရည်၏ လက်ရှိအနေအထား ('ဖြစ်နေသည်')နှင့်စပ်လျဉ်းသော အချက်အလက်များကို ကောက်ယူခြင်းတို့ ပါဝင်သည်။

၃။ ***အဆင့်(၃)- ဆန်းစစ်လေ့လာမှုအလွန် (ဆုံးဖြတ်ချက်ချခြင်း/တွေ့ရှိချက်များကို အသုံးချခြင်း)*** - ဤအဆင့်သည် ဆန်းစစ်လေ့လာသည့်အဆင့်မှ လုပ်ဆောင်ချက် (လိုအပ်ချက်ဆန်းစစ်လေ့လာမှု၏ တွေ့ရှိချက်များကို အသုံးပြုသည့်) အဆင့်သို့ ကူးပြောင်းပေးသည်။ ယင်းသည် အရေးကြီးမေးခွန်းများဖြစ်သည့်- မည်သည့်သုတေသနလိုအပ်ချက်များသည် အရေးကြီးဆုံးနည်း၊ ဖြစ်နိုင်သောဖြေရှင်းချက်များသည် အဘယ်နည်း၊ မည်သည့်ဖြေရှင်းချက်များသည် အကောင်းဆုံးဖြစ်သနည်း စသည့် မေးခွန်းများကို ဖြေဆိုပေးသည်။

## *လိုအပ်ချက်ဆန်းစစ်လေ့လာမှုလုပ်ဆောင်ရန်အချိန်*

လွှတ်တော်၏အလုပ်သဘော၊ ပေါင်းစပ်ဖွဲ့စည်းပုံနှင့် စီမံအုပ်ချုပ်ပုံတို့သည် သုတေသနပြုလုပ်ရန်အတွက် ထူးခြားသော လိုအပ်ချက်တစ်ရပ် ကို ဖြစ်ပေါ်စေသည်။ ဤအကြောင်းကြောင့်ပင် ယေဘုယျအကြောင်းတရား သို့မဟုတ် လွှတ်တော်၏ သုတေသနဝန်ဆောင်မှုများ သို့မဟုတ် ဌာနများ၏ လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုကို အောက်ဖော်ပြပါနည်းလမ်းသုံးခုထဲမှ တစ်ခုဖြင့်လုပ်ဆောင်နိုင်သည်၊ (၁) သုတေသနဝန်ဆောင်မှုပေးခြင်းကို တိုးတက်စေသော အခွင့်အလမ်းများဖော်ထုတ်ရန်အတွက် (ရင်းမြစ်များရနိုင်သောအခါ) ***ကြိုတင်ဆောင်ရွက်ခြင်း***၊ (၂) လွှတ်တော်တွင်းရှိပြောင်းလဲမှုများ (ကိုယ်စားလှယ်သစ်များအား အလုပ်လွှဲပြောင်းခြင်း၊ ဥပဒေသစ်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းဆောင်တာများ၊ ပြင်ပပြောင်းလဲမှုများ)အပေါ် ***တုံ့ပြန်ဆောင်ရွက်ခြင်း***၊ သို့မဟုတ် (၃) လွှတ်တော်ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ခေတ်နှင့်အညီဆောင်ရွက်ခြင်းဆိုင်ရာ ပေါင်းစပ်အပိုင်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ***စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း*** တို့ဖြစ်သည်။

လက်တွေ့တွင်မူ ထိုစီမံချက်အကောင်အထည်ဖော်ရေး အစီအစဉ်များရေးဆွဲခြင်းနှင့် စီမံချက်ရလဒ်များတိုင်းတာခြင်းအတွက် အခြေခံမျဉ်းများချမှတ်ရာတွင် ကူညီပေးနိုင်သည့် စီမံချက်အဆိုပြုလွှာတင်သည့်အဆင့် သို့မဟုတ် စီမံချက်အစတွင် လိုအပ်ချက်ဆန်းစစ်လေ့လာမှုများကို ဆောင်ရွက်လေ့ရှိသည်။ လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုဆောင်ရွက်ရန် သတ်မှတ်ထားသောအချိန်မရှိသော်လည်း၊ ဆန်းစစ်လေ့လာမှုများစွာသည် အဆိုပါအဆင့်နှစ်ဆင့်ကို ပေါင်းစပ်လုပ်ဆောင်လေ့ရှိသည်။

လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်ဆန်းစစ်လေ့လာမှုကို လွှတ်တော်ကိုယ်တိုင် (ကိုယ်တိုင်ဆန်းစစ်လေ့လာမှု) ဆောင်ရွက်နိုင်သလို၊ နောက်တစ်နည်းအနေဖြင့် ပြင်ပကျွမ်းကျင်ပညာရှင်များ (ပြင်ပဆန်းစစ်လေ့လာမှုများ)နှင့်လည်း ဆောင်ရွက်နိုင်ကြောင်း သိထားသင့်သည်။ လွှတ်တော်၏သုတေသနစွမ်းဆောင်ရည်ကို ဆန်းစစ်လေ့လာရန်အတွက် အဆိုပါနည်းလမ်းများထဲမှ မည်သည့်နည်းလမ်းကို အသုံးပြုရမည်ဟူသော စည်းမျဉ်းစည်းကမ်းများမရှိသော်လည်း ထည့်သွင်းစဉ်းစားရမည့် အရေးကြီးဆုံးစံနှုန်းမှာ ဆန်းစစ်လေ့လာမှုကိုဆောင်ရွက်ရန်အတွက် စုပေါင်းဖွဲ့စည်းထားသော အဖွဲ့ပင်ဖြစ်သည်။



### *ဆန်းစစ်လေ့လာရေးအဖွဲ့*

လွှတ်တော်ရေးရာသုတေသနလိုအပ်ချက်များကို ဆန်းစစ်လေ့လာမှု အောင်မြင်စေရန်မှာ လိုအပ်ချက်ဆန်းစစ်လေ့လာရေးအဖွဲ့ကို အောက်ပါကျွမ်းကျင်မှုများရှိသော လူများဖြင့်ဖွဲ့ထားခြင်းပင်ဖြစ်သည်။

- လွှတ်တော်ရေးရာသုတေသနဆိုင်ရာ ခိုင်မာနက်နဲသော ဗဟုသုတနှင့်အတွေ့အကြုံရှိခြင်း

- အချက်အလက်သိုမှီးထားပြီး သတင်းအချက်အလက်များအား ပေါင်းစည်းမှု ရှိခြင်း
- နိုင်ငံ၊ လေ့လာနေသောလွှတ်တော်၊ ထူးခြားသောအလုပ်လုပ်ဆောင်ပုံဓလေ့၊ လေ့လာနေသော လွှတ်တော်အတွင်းရှိ ပညာရှင်ဆန်သော ဆက်သွယ်မှု/ ရင်းနှီးမှုတို့နှင့်ဆိုင်သော အသိပညာဗဟုသုတရှိခြင်း
- လွှတ်တော်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ/ လွှတ်တော်ရေးရာသုတေသနစသည်တို့နှင့် အကျွမ်းတဝင်ရှိမှု
- ပါဝင်လုပ်ဆောင်မှုရှိသော လုပ်ငန်းစဉ်များဆိုင်ရာ အတွေ့အကြုံရှိခြင်း
- အရည်အသွေးဆန်းစစ်လေ့လာမှု အတွေ့အကြုံရှိခြင်း (ဥပမာ- ပါဝင်သက်ဆိုင်သူများနှင့် အကြံပြုဆွေးနွေးမှုများ၊ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှုများ)

ဆန်းစစ်လေ့လာရေးအဖွဲ့တွင်ပါဝင်နိုင်သည့် အဖွဲ့ဝင်သာဓကများမှာ -

- လက်ရှိတာဝန်ထမ်းဆောင်ဆဲနှင့် ယခင်တာဝန်ထမ်းဆောင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ
- နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်ပညာရှင်များ
- အထူးသဖြင့် ဥပဒေပြုလွှတ်တော်များအား ဆန်းစစ်လေ့လာမှုပြုလုပ်ခြင်းတွင် အတွေ့အကြုံရှိသော လိုအပ်ချက်ဆန်းစစ်လေ့လာမှု ကျွမ်းကျင်ပညာရှင်များ

ဆန်းစစ်လေ့လာရေးအဖွဲ့ဖွဲ့စည်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများသည် မိမိတို့၏လုပ်ဖော်ကိုင်ဖက်များနှင့်သာ အပြန်အလှန်ဆက်သွယ်လိုကြသည့်အတွက် လုပ်ဖော်ကိုင်ဖက်-မှ-လုပ်ဖော်ကိုင်ဖက်ရင်းနှီးမှုဟူသောအချက်၏ လွှမ်းမိုးမှုရှိပုံကို ထည့်သွင်းစဉ်းစားရန်နှင့် လျှော့မတွက်ကြရန် လိုအပ်ပေသည်။ ထို့ကြောင့် ယခင်တာဝန်ထမ်းဆောင်ခဲ့သောနှင့်/သို့မဟုတ် ယခုတာဝန်ထမ်းဆောင်ဆဲဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအား အဖွဲ့တွင်ထည့်သွင်းခြင်းသည် ဆန်းစစ်လေ့လာမှုတစ်ခုအောင်မြင်ခြင်းအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုတစ်ခုရှိနိုင်သည်။

## *လိုအပ်ချက်ဆန်းစစ်လေ့လာမှုအတွက် အသုံးပြုမည့်နည်းကိရိယာ (Tools)များ*

လိုအပ်ချက်ဆန်းစစ်လေ့လာရေးအဖွဲ့ကို ဖွဲ့စည်းပြီးသည်နှင့် လေ့လာရေးလုပ်ငန်းကို အစပြုနိုင်မည်ဖြစ်သည်။ လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ရပ် လုပ်ဆောင်နေစဉ်အတွင်း အချက်အလက်များကောက်ယူစုဆောင်းရာတွင် မှတ်တမ်းဆန်းစစ်မှုများ(desk reviews) အဓိကသတင်းပေးနှင့် ပြုလုပ်သောအင်တာဗျူးများ/သီးသန့်အစည်းအဝေးများနှင့် စစ်တမ်းကောက်ယူမှုများ/နှင့် ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်းများစသည့် အသုံးများသောနည်းလမ်းများရှိသည်။ အဆိုပါနည်းလမ်းများဆိုင်ရာ အနှစ်ချုပ်ကို နောက်ဆက်တွဲ (ခ) တွင် ဖတ်ရှုနိုင်သည်။

၁။ **မှတ်တမ်းဆန်းစစ်မှုများ(Desk Reviews)-** ပုံနှိပ်စာ သို့မဟုတ် အီလက်ထရောနစ်စနစ် (အင်တာနက်)ဖြင့် ရနိုင်သော သတင်းအချက်အလက်များကို စုဆောင်းခြင်းနှင့် သရုပ်ခွဲလေ့လာခြင်းဖြစ်သည်။ ဤသတင်းအချက်အလက်များတွင် ဆန်းစစ်လေ့လာမှုနှင့်သက်ဆိုင်သော အဖွဲ့အစည်းမဟာဗျူဟာစီမံချက်များ၊ တည်မြဲအမိန့်များ၊ အချို့သောလွှတ်တော်အက်ဥပဒေများ အစရှိသည့် စာရွက်စာတမ်းများနှင့် အစီရင်ခံစာများကို ပြန်လည်ဆန်းစစ်ခြင်းတို့ပါဝင်သည်။ ဤနည်းလမ်းသည် ဆန်းစစ်လေ့လာမှု၏ ကနဦးအဆင့်တွင် အသုံးပြုနိုင်သည်သာမက လုပ်ငန်းစဉ်ကို စံသတ်မှတ်ရာတွင်လည်း အသုံးပြုနိုင်သော၊ မြန်ဆန်ထိရောက်မှုရှိသော အချက်အလက်ကောက်ယူသည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်။

၂။ **သီးသန့်အစည်းအဝေးများ/အဓိကသတင်းပေးသူနှင့်ပြုလုပ်သောအင်တာဗျူးများ -** အဓိကပါဝင်သက်ဆိုင်သူများနှင့် အင်တာဗျူးများ မေးမြန်းကြပြီး အဆိုပါမေးမြန်းခံရသူများကို ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများနှင့် ၎င်းတို့၏လွှတ်တော်တွင်း လက်ရှိအခန်းကဏ္ဍပေါ်မူတည်၍ လေ့လာရေးအဖွဲ့မှ ရွေးချယ်ခြင်းဖြစ်သည်။ ပုံမှန်ရွေးချယ်ခံရလေ့ရှိသော အဓိကသတင်းပေးများ

ဆိုင်ရာ သာဓကအချို့မှာ လွှတ်တော်ကိုယ်စားလှယ်များ၊ သုတေသန ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ ညွှန်ကြားရေးမှူးများ၊ လွှတ်တော်ရုံးဝန်ထမ်းများနှင့် လွှတ်တော်ကော်မတီဥက္ကဋ္ဌများပင်ဖြစ်သည်။ အဆိုပါသီးသန့် အစည်းအဝေးများမှတစ်ဆင့် အဓိကပါဝင်သက်ဆိုင်သူများ၏ စွမ်းဆောင်ရည်နှင့် အသိပညာဗဟုသုတများအကြောင်း၊ လွှတ်တော်အကြောင်း သို့မဟုတ် သုတေသနရလဒ်များနှင့် ဝန်ဆောင်မှုများဆိုင်ရာ အသေးစိတ်အကြောင်းများစသည့် ပို၍နက်နဲသော သတင်းအချက်အလက်များကို စုဆောင်း ရရှိသည်။

၃။ **စစ်တမ်းကောက်ယူမှုများ/ မေးခွန်းလွှာများ** - စစ်တမ်းကောက်ယူမှုများနှင့် မေးခွန်းတိုများသည် အချို့သော အကြောင်းအရာများနှင့်စပ်လျဉ်းသော အချို့သောသတင်းအချက်အလက်များကို လိုအပ်ချက်ဆန်းစစ်လေ့လာရေးအဖွဲ့အား ပံ့ပိုးပေးနိုင်သည့် အချက်အလက်ကောက်ယူခြင်းဆိုင်ရာ အသုံးများသော နည်းလမ်းတစ်ခုပင်ဖြစ်သည်။ ဥပမာအားဖြင့် - လွှတ်တော်တစ်ရပ်၏ ကျား/မရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသန စွမ်းဆောင်ရည်များနှင့်စပ်လျဉ်းသည့် ပိုမိုများပြားသော အချက်အလက်များစုဆောင်းရန်အတွက် စစ်တမ်းတစ်ခုကို စီစဉ်ရေးဆွဲနိုင်သည်။ ထို့နောက်တွင်မူ ကောက်ယူရရှိသော အချက်အလက်များကို စစ်တမ်း/မေးခွန်းများဖြေဆိုခဲ့သူများကြားရှိ အတွေးများနှင့် သဘောထားအမြင်များဆိုင်ရာ စာရင်း ဇယားအနှစ်ချုပ်အတိုတစ်စောင်အဖြစ် ပေါင်းစည်းမည်ဖြစ်သည်။

၄။ **ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း** - အချက်အလက်ကောက်ယူမှုဆိုင်ရာအခြားနည်းလမ်းတစ်ခုမှာ ကြိုတင်သတ်မှတ်ထားသည့် ဦးတည်ဆွေးနွေးမှုတစ်ရပ်တွင်ပါဝင်မည့် ဂရုတစိုက်စိစစ်ရွေးချယ်ထားသော လူအုပ်စုတစ်ခုအား အတွေ့အကြုံရှိ အကဲဖြတ်သူ တစ်ဦးမှ ဦးဆောင်မေးမြန်းမှုပင်ဖြစ်သည်။ သုတေသနရလဒ်များ၊ ဝန်ဆောင်မှုများ၏ အရည်အသွေး၊ အမျိုးအစားတို့နှင့် သက်ဆိုင်သည့် ပို၍အသေးစိတ်နက်နဲသော အတွေးအခေါ်နှင့်သဘောထားအမြင်များကို ကောက်ယူရာတွင် ဤနည်းလမ်းမှ ကူညီနိုင်သည်။

## *အရည်အသွေး နှင့် အရေအတွက်ပြ အချက်အလက်များ*

လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုကို ပြုလုပ်ပြီးပါက လိုအပ်ချက်ဆန်းစစ်လေ့လာမှုအစီရင်ခံစာတွင် ထည့်သွင်းရမည့် ဆန်းစစ်ပေါင်းစည်းထားရန်လိုအပ်သော အရည်အသွေးနှင့်အရေအတွက်ပြ အချက်အလက်များပေါင်းစပ်၍ လေ့လာရေးအဖွဲ့တွင် ရှိနေမည်ဖြစ်သည်။ ဤနေရာတွင် အရည်အသွေးပြအချက်အလက်နှင့် အရေအတွက်ပြအချက်အလက်တို့ကြားရှိ ကွဲပြားခြားနားမှုကို မေးလာနိုင်ဖွယ်ရှိသည်။ အရည်အသွေးပြအချက်အလက်ဆိုသည်မှာ အရည်အချင်းနှင့် ဂုဏ်သတ္တိပေါ်တွင် အခြေခံသောအချက်အလက်များဖြစ်ပြီး အရေအတွက်ပြအချက်အလက်ဆိုသည်မှာ ကိန်းဂဏန်းများဖြင့် တိုင်းတာ၍ဖော်ပြနိုင်သော အချက်အလက်အမျိုးအစားဖြစ်သည်။ အောက်ပါဇယားတွင် အဆိုပါအချက်အလက်အမျိုးအစားနှစ်မျိုး၏ အကျိုး၊ အပြစ်များကို အလေးပေးဖော်ပြထားသည်။

| အရည်အသွေးပြ | အရေအတွက်ပြ |
|---|---|
| ကောင်းကျိုး | ကောင်းကျိုး |
| √ နိုင်ငံရေးအရေးကြီးသော လွှတ်တော်နယ်ပယ်တွင် မရှိမဖြစ် လိုအပ်သည်။<br>√ သိမ်မွေ့သောကွဲပြားချက်များကို ထင်ဟပ်စေသည်။<br>√ တွေ့ရှိချက်များကို သက်သေအထောက်အထားပြ၍ ရစေသည်။ | √ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းအရေအတွက်များစွာကို လက်လှမ်းမီနိုင်သည်။<br>√ ပုဂ္ဂလဓိဋ္ဌာန်ကျသော၊ အရည်အသွေးပြအချက်အလက်များကို ပံ့ပိုးပေးရန် ဓမ္မဓိဋ္ဌာန်ကျသော အချက်အလက်ဖြစ်သည်။<br>√ ရလဒ်များကို ကိုယ်ပိုင်အဖြစ် ပိုမိုသေချာစေသည်။ |
| ဆိုးကျိုး | ဆိုးကျိုး |
| √ ဩဇာရှိသူကြောင့်ဖြစ်သောဘက်လိုက်မှု ဖြစ်နိုင်သည်။<br>√ တုံ့ပြန်ဖြေဆိုသူအရေအတွက် ကန့်သတ်မှုရှိသည်။<br>√ နိုင်ငံရေးမတည်ငြိမ်သော အခြေအနေများတွင် အချက်အလက် ကောက်ယူရန် ခက်ခဲသည်။ | √ စစ်တမ်းကောက်ယူမှု တစ်ခုတည်းအပေါ် အားကိုး၍မရနိုင်ပေ။<br>√ ဓမ္မဓိဋ္ဌာန်ကျသောအချက်အလက်များဖြင့်သာ လွှတ်တော်များကိုထောက်ကူရန်မှာ သိမ်မွေ့လွန်းပြီး ရှုပ်ထွေးလွန်းလှသည်။ |

## ဘက်မျှသော ချဉ်းကပ်နည်းလမ်း

လိုအပ်ချက်ဆန်းစစ်လေ့လာမှုတွင် လွှတ်တော်တွင်းသက်ဆိုင်ရာအမြင်ရှုထောင့်အားလုံးထင်ဟပ်စေရန်မှာ မိမိတို့၏လုပ်ငန်းစဉ်များကိုထင်ဟပ်စေသောလေ့လာမ ဖြစ်စေလိုသည့် အဓိကအုပ်စုများ၏ 'ပါဝင်မှု'ကို လေ့လာရေးအဖွဲ့မှ သတိပြုရမည်ဖြစ်သည်။ ဤသို့ဖြစ်စေရန် လွှတ်တော်ကိုယ်စားလှယ်များ (အနိုင်ရနှင့် ကန့်ကွက် ပါတီ/အမျိုးသားနှင့်အမျိုးသမီး)ဖြစ်စေ၊ လွှတ်တော်ဝန်ထမ်းများ (အကြီးတန်းနှင့် အငယ်တန်း)နှင့် အနည်းစုဖြစ်သောအုပ်စုများ၊ အများစုဖြစ်သောအုပ်စုများဖြစ်စေ အုပ်စုအားလုံး၏ လိုအပ်ချက်များကို ဆန်းစစ်လေ့လာမှုတွင် ညီညီမျှမျှပါဝင်စေရန် ဘက်မျှသောချဉ်းကပ်နည်းလမ်းကို အသုံးပြုသင့်သည်။

## လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုလုပ်ဆောင်နေစဉ် ထည့်သွင်းစဉ်းစားရမည့် အဓိကအချက်များ

- အဓိကပါဝင်သက်ဆိုင်သူများ ၊အထူးသဖြင့် လွှတ်တော်ရေးရာသုတေသနရလဒ်များနှင့် ဝန်ဆောင်မှုများကို တိုက်ရိုက်အသုံးပြုသူများဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်မှု တန်ဖိုးနှင့်လိုအပ်ပုံကို သိရှိထားပါ။ (လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုသည် ပါဝင်လုပ်ဆောင်ရသော လုပ်ငန်းစဉ်ဖြစ်သည်။ အဆင်သင့်လုပ်ဆောင်ပြီးကိစ္စမျိုး မဟုတ်ပေ။)

- လွှတ်တော်အချိန်ဇယားများသည် မည်မျှအလုပ်များကြောင်းနှင့် ရံဖန်ရံခါတွင် လွှတ်တော်များကို နိုင်ငံရေးအရခေါ်ယူကြောင်း စိတ်တွင်မှတ်ထားပြီး အရေးကြီးပြဿနာများနှင့် အခြားအချက်အလက်များအကြောင်း အသင့်လျော်ဆုံး သတင်းအချက်အလက်စုဆောင်းသည့်နည်းလမ်းကို ရွေးချယ်ပါ။ လွှတ်တော်ရေးရာသုတေသန စွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်ဆန်းစစ်လေ့လာမှုများသည် အဆိုပါအရေးကြီးအချက်များကို လျစ်လျူမရှုသင့်ပေ။ ထို့အပြင် လိုအပ်ချက်ဆန်းစစ်လေ့လာမှုအဆုံးတွင် သတ်မှတ်ဖော်ထုတ်ခဲ့သော ဦးစားပေးအရာများသည် သက်ဆိုင်ရာလွှတ်တော်တစ်ရပ်၏ စနစ်ပိုင်း/ ခေါင်းဆောင်မှုအပိုင်းတွင် အခိုင်အမာအမြစ်တွယ်နေသောအရာများကို ဆန့်ကျင်ကောင်းဆန့်ကျင်နိုင်သည့်အချက်ကို သတိမူမိရန်အရေးကြီးသည်။ မည်သို့ဆိုစေကာမူ အဆိုပါတွေ့ရှိချက်များကို လိုအပ်ချက်လေ့လာမှု အစီရင်ခံစာအချောသတ်တွင် ထည့်သွင်းတင်ပြရန်နှင့် လွှတ်တော်ရေးရာခေါင်းဆောင်ပိုင်း နှင့်ဆွေးနွေးသင့်ပေသည်။

- လိုအပ်ချက်များကို လေ့လာမှုပြုခံရသည့် အဓိကအုပ်စုများ (ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ)ကို အသိအမှတ်ပြု၍ နားလည်ပေးပါ။

- သူတို့ကိုယ်တိုင်အချက်အလက်စုဆောင်းသောနည်းလမ်းများသည် လိုအပ်ချက်ဆန်းစစ်လေ့လာမှုများမဟုတ်ဘဲ၊ လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။

လိုအပ်ချက်ဆန်းစစ်လေ့လာမှုတစ်ခုပြီးဆုံးပါက စီမံချက်အဖွဲ့တွင် သက်ဆိုင်ရာလွှတ်တော်၏ လက်ရှိနှင့်ရောက်လိုသည့်အခြေအနေများအကြား ကွက်လပ်များ/ လိုအပ်ချက်များအကြောင်း ပိုမိုရှင်းလင်းသောအမြင်တစ်ခုရရှိစေမည့် လွှတ်တော်၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်းသည့် ပိုမိုကောင်းမွန်သော အသိပညာဗဟုသုတများရရှိလာ မည်ဖြစ်သည်။ ထို့ကြောင့်ပင် အဖွဲ့အစည်းတစ်ခု၏ သင်တန်းလိုအပ်သည်ဟူသောစိတ်ကူးသည် ဖော်ထုတ်ထားသော ကွက်လပ်များကိုဖြည့်ဆည်းပေးသည့် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်/မဖြစ် လိုအပ်ချက်ဆန်းစစ်လေ့လာမှုက ထပ်မံအတည်ပြုပေးသည်။ ဆန်းစစ်လေ့လာမှု ဆိုင်ရာ ဖြစ်ရပ်လေ့လာမှုများ၏ သာဓကများကို နောက်ဆက်တွဲ (က) တွင်လည်း ကြည့်ရှုနိုင်သည်။

# သင်တန်းများကို စီစဉ်ရေးဆွဲခြင်း

သင်တန်းအစီအစဉ်သည် အောက်ပါအရေးကြီးတာဝန်နှစ်ရပ်ကို ဆောင်ရွက်ပေးသည်။ (၁) သင်တန်းကို လမ်းညွှန်ခြင်းနှင့် အာရုံစိုက်စေခြင်း၊ (၂) သင်တန်းနှင့်ပက်သက်သော ဆုံးဖြတ်ချက်များချရန် ကူညီခြင်းတို့ဖြစ်သည်။ ၎င်းသည် ပေါ်ပေါက်လာနိုင်ခြေရှိသော ပြဿနာများနှင့် စီစဉ်ခြင်းအတွက် အဟန့်အတားများကို ဖော်ထုတ်ရန်လည်း အရေးကြီးသည့် နည်းကိရိယာတစ်မျိုးဖြစ်သည်။ ဥပမာအားဖြင့်- သင်တန်းအစီအစဉ်တစ်ခုသည် အဖွဲ့အစည်းများအား ၎င်းတို့လုပ်ဆောင်ရန်စီစဉ်ထားသည့်အရာများနှင့် ထိုသို့လုပ်ဆောင်ရာတွင် လိုအပ်မည့် အရင်းအမြစ်များအကြောင်းကို တွေးမိစေသည်။ [၃၈] သင်တန်းအစီအစဉ်တစ်ခုတွင် အောက်ပါအစိတ်အပိုင်းများ ပေါင်းစပ်ပါဝင်သင့်သည်။ ထိုအကြောင်းအရာများကို နောက်ပိုင်းတွင် အသေးစိတ်ရှင်းလင်းသွားမည်ဖြစ်သည်။

- သင်တန်းခေါင်းစဉ်
- သင်တန်းနယ်ပယ်အတိုင်းအတာကို အဓိပ္ပာယ်ဖွင့်ဆိုချက်
- ဦးတည်အုပ်စုသတ်မှတ်ခြင်း
- အဓိကခေါင်းစဉ်များနှင့် လုပ်ဆောင်ချက်များကို သတ်မှတ်ခြင်း
- လိုအပ်သော အရင်းအမြစ်များသတ်မှတ်ခြင်း
- သင်တန်းကာလ

## *သင်တန်းခေါင်းစဉ်*

သင်တန်း သို့မဟုတ် စီမံချက်တစ်ခုတွင် ယင်း၏ရည်ရွယ်ချက်ကို ထင်ဟပ်စေသည့် ခေါင်းစဉ်တစ်ခုရှိသင့်သည်။

## *သင်တန်းနယ်ပယ်အတိုင်းအတာကို အဓိပ္ပာယ်သတ်မှတ်ခြင်း*

သင်တန်းတစ်ခု၏အတိုင်းအတာသည် သူ၏ပန်းတိုင်များနှင့် ရည်မှန်းချက်များကို အဓိပ္ပာယ်သတ်မှတ်ပေးသည်။ သင်တန်းအတိုင်းအတာကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ထည့်သွင်းစဉ်းစားရန်မေးခွန်းအချို့ကို အောက်ပါဇယားတွင် အကျဉ်းချုပ်ဖော်ပြထားသည်။

| နမူနာမေးခွန်း | နမူနာအဖြေ |
|---|---|
| သင်တန်းကို ဘာကြောင့်လိုအပ်သလဲ။ | ကျား/မရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသနနယ်ပယ်တွင် ရှမ်းပြည်နယ်လွှတ်တော်၏ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအကြား အသိပညာအဆင့် တိုးတက်စေရန်။ |
| သင်တန်း၏ပန်းတိုင်သည် ဘာဖြစ်သင့်သနည်း။ | လွှတ်တော်ရေးရာသုတေသန၏အခြေခံနည်းဥပဒေသများကို နားလည်စေရန် |
| ဤသင်တန်းပြီးသောအခါ သင်တန်းသားများ ဘာတွေကို လုပ်ဆောင်နိုင်သင့်သနည်း။ | သုတေသနစာတမ်းအကျဉ်းတစ်စောင် ပြင်ဆင်ရေးဆွဲရာတွင် သုတေသနစည်းမျဉ်းများကို လက်တွေ့အသုံးချရန် |
| မည်သည့်အခြေအနေများတွင် လုပ်ဆောင်နိုင်သင့်သနည်း။ | အနာဂတ်ဖြစ်နိုင်ခြေရှိသော အလုပ်အခြေအနေများ၊ ဆိုလိုသည်မှာ - လွှတ်တော်၏ သုတေသနဌာနတွင် လုပ်ဆောင်ခြင်း |
| မည်သည့် ကျွမ်းကျင်မှုအဆင့်ထိ လုပ်ဆောင်နိုင်သင့်သနည်း။ | အနိမ့်ဆုံးအမှတ်ကို ၁ မှတ်ပေးပြီး၊ အမြင့်ဆုံးအမှတ်ကို ၅ မှတ်ပေးသော ၁ မှ ၅ မှတ်ရှိသော အတိုင်းအတာတွင် ၎င်းတို့၏အဆင့်သည် အဆင့် ၁ မှ အဆင့် ၂ သို့ တိုးမြင့်လာမည်ဖြစ်သည်။ |

[၃၈] ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းရေးအေဂျင်စီ၊ နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ ဒေသတွင်းအုပ်ချုပ်ရေးတိုးတက်မှုဆိုင်ရာ စီမံချက်၊ သင်တန်းအစီအစဉ် လက်စွဲစာအုပ်၊ စာမျက်နှာ ၄၊ အောက်ပါလင့်ခ်တွင် ရနိုင်သည်။
https://www.jica.go.jp/project/cambodia/0601331/pdf/english/2_Training_01.pdf

သင်တန်းသားများသင်ယူမည့်အရာများကို တိုင်းတာရန် ခိုင်မာသောနည်းလမ်းတစ်ခုရှိရန် လိုအပ်ကြောင်း မှတ်ထားရန်လည်း အရေးကြီးလှပေသည်။ ဤနည်းလမ်း၌ ယေဘုယျစိတ်ကူးတစ်ခုကို ရှင်းလင်းစွာဖော်ပြထားသော ခိုင်မာသည့်ပန်းတိုင်များ သို့မဟုတ် ရည်မှန်းချက်များအဖြစ် ပြောင်းလဲခြင်းပါဝင်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အဖွဲ့အစည်းတစ်ခုအား အလွန်အကျူးကတိပြုခြင်းကြောင့် ဖြစ်သော မထင်မှတ်သောအန္တရာယ်များကို ရှောင်ရှားရန်အပြင် အကောင်အထည်ဖော်သော အဖွဲ့အစည်းအတွင်းနှင့် အကျိုးခံစားခွင့် ရှိသူများအကြား မျှော်မှန်းချက်များစီမံခန့်ခွဲရာတွင်လည်း ကူညီပေးမည်ဖြစ်သည်။

ဥပမာအားဖြင့် ကျား/မရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသနလုပ်ဆောင်ရန် အတွေ့အကြုံနှင့် စွမ်းဆောင်ရည်လိုအပ် နေသေးသောလွှတ်တော်တစ်ရပ်သည် သင်တန်းကဏ္ဍတစ်ခု၏ အကျိုးခံစားခွင့်ရှိသူများပင်ဖြစ်သည်။ ဤသင်တန်း၏ ပန်းတိုင်များ သို့မဟုတ် ရည်မှန်းချက်များမှာ (က) လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား လွှတ်တော်ရေးရာ သုတေသန၏သဘော သဘာဝနှင့် ၎င်းတို့၏အလုပ်အတွက်အဖိုးတန်ပုံကို မိတ်ဆက်ရှင်းလင်းရန်၊ (ခ) လွှတ်တော်ရေးရာသုတေသနဆိုင်ရာ နည်းနာဗေဒ များအား မိတ်ဆက်ပေးရန်နှင့် (ဂ) လွှတ်တော်ကိုယ်စားလှယ်များနှင့်/သို့ ဝန်ထမ်းများ၏ လက်တွေ့သုတေသန အခြေခံကျွမ်းကျင်မှု များကို တည်ဆောက်ရာတွင် ကူညီပေးရန်ဟူ၍ဖြစ်ပေမည်။ သင်တန်းကဏ္ဍများ၏ အောင်မြင်မှုကိုတိုင်းတာရန်အတွက် အဆိုပါ ပန်းတိုင်များကို အသုံးပြုမည်ဖြစ်သည်။[၃၉]

သင်တန်းကဏ္ဍအတွက် ရည်မှန်းချက်များရေးဆွဲရာတွင် အောက်ပါတို့ဖြစ်သင့်ကြောင်း သတိရပါ။

- √ **တိကျမှုရှိခြင်း** - အဓိပ္ပာယ်မရေရာမသေချာမဖြစ်စေဘဲ ရှင်းလင်း၍ ဆိုလိုချက်ကို တိုတိုနှင့်လိုရင်းထိမိစေခြင်း

- √ **တိုင်းတာ၍ရခြင်း** - ပြုလုပ်ခဲ့ပြီးသောလုပ်ဆောင်ချက်တို့ကို အဖွဲ့အစည်းမှတိုင်းတာရာတွင်ကူညီပေးရန် တိုင်းတာ၍ရသော ရှင်းလင်းသည့် ပန်းတိုင်များ သို့မဟုတ် ရည်မှန်းချက်များကို ရေးဆွဲသင့်သည်။ ထို့အပြင် သင်တန်းဆရာနှင့် သင်တန်းသားများ အတွက်လည်း ပြီးမြောက်မှုရှိသည်ဟူသောအသိတစ်ခုကို ခံစားရစေရန်လည်း ကူညီပေးသည်။

- √ **လက်တွေ့ကျ ပြီးမြောက်ရရှိနိုင်ခြင်း** - အကယ်၍အဖွဲ့အစည်းမှ ပထမဆုံးသင်တန်းကဏ္ဍကို ရေးဆွဲနေပါက သတ်မှတ်ထား သော (ပုံမှန်အားဖြင့် အကန့်အသတ်ရှိသော) အချိန်အတွင်း အမှန်တကယ် လက်တွေ့ကျကျ ပြီးမြောက်နိုင်မှုကို ထင်ဟပ်စေ သင့်သည်။[၄၀]

## *ဦးတည်အုပ်စုသတ်မှတ်ခြင်း*

ဦးတည်အုပ်စုဆိုသည်မှာ စီမံချက်မှ အကျိုးခံစားရသော အုပ်စုကိုဆိုလိုသည်။[၄၁] သင်တန်းတစ်ခုကို စီစဉ်ရေးဆွဲရာတွင် အောက်ပါတို့ကို ထင်ဟပ်စေရမည်ဖြစ်သည် - **(၁)** သင်တန်းသားများ၏ လက်ရှိအသိပညာနှင့် ကျွမ်းကျင်မှုအဆင့်များ၊ **(၂)** ၎င်းတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုများရှိ လိုအပ်ချက်ကွက်လပ်များ၊ **(၃)** ရရှိရန်လိုအပ်သော အသိပညာနှင့်ကျွမ်းကျင်မှုများ၊ **(၄)** ယင်းအသိပညာနှင့် ကျွမ်းကျင်မှုများကို လက်ခံရရှိရန်လိုအပ်သော လူအရေအတွက်၊ **(၅)** သင်တန်းကလက်ခံမည့် သင်တန်းသားအရေအတွက်နှင့် **(၆)** သင်တန်းကိုပြင်ဆင်ရာတွင် ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့်ပထဝီဝင်အခြေအနေစသည့် အထူးတလည် ထည့်သွင်းစဉ်းစားရမည့်အရာများ ရှိ/မရှိ တို့ဖြစ်သည်။[၄၂] အမြင့်ဆုံးအကျိုးခံစားရသူများမှာ သင်တန်းမှ ရေရှည်အကျိုးကျေးဇူးရသူများပင်ဖြစ်သောကြောင့် လိုအပ်ချက် ဆန်းစစ်လေ့လာမှုပြုလုပ်နေစဉ်အတွင်း ၎င်းတို့၏ စွမ်းဆောင်ရည်ကို သေသေချာချာ အကဲဖြတ်ဆန်းစစ်လေ့လာရမည်ဖြစ်သည်။[၄၃]

---

[၃၉] Balinov, Ivo and Lola Giraldo, 'လွှတ်တော်ကိုယ်စားလှယ်များအတွက် သုတေသနသင်တန်းများ စီစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း,' လွှတ်တော်ရေးရာသုတေသန အကြောင်း ဆရာဖြစ်သင်တန်းတွင် ရှင်းလင်းတင်ပြချက်,ရန်ကုန်, ၂၀၁၇ စက်တင်ဘာ.

[၄၀] ရပ်ရွာလူထုနည်းကိရိယာအစု၊ မဟာဗျူဟာအစီအစဉ်တစ်ရပ်နှင့် အဖွဲ့အစည်းဖွဲ့စည်းပုံရေးဆွဲခြင်း, *အခန်း ၁၂ - သင်တန်းကဏ္ဍတစ်ခုပြင်ဆင်ခြင်း*၊ အောက်ပါလင့်ခ်တွင် ရနိုင်သည် - https://ctb.ku.edu/en/table-of-contents/structure/training-and-technical-assistance/design-training-session/main, ၂၀၁၈-မေလ-၁၀ ရက်နေ့။

[၄၁] အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၊ *စီမံချက်ဖွဲ့စည်းပုံလက်စွဲ*၊ စာမျက်နှာ ၃၁- အောက်ပါလင့်ခ်တွင်ရနိုင်သည်။ : http://www.ilo.org/wcmsp5/groups/public/---ed_emp/---emp_ent/---coop/documents/instructionalmaterial/wcms_159819.pdf

[၄၂] ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းရေးအေဂျင်စီနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ ဒေသတွင်းအုပ်ချုပ်ရေးတိုးတက်မှုဆိုင်ရာ စီမံချက်၊ သင်တန်းအစီအစဉ်လက်စွဲ စာအုပ်၊ စာမျက်နှာ ၁၀၊ အောက်ပါလင့်ခ်တွင်ရနိုင်သည်။ https://www.jica.go.jp/project/cambodia/0601331/pdf/english/2_Training_01.pdf.

[၄၃] အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၊ *စီမံချက်ဖွဲ့စည်းပုံလက်စွဲ*၊ စာမျက်နှာ ၃၁- အောက်ပါလင့်ခ်တွင် ရနိုင်သည်: http://www.ilo.org/wcmsp5/groups/public/---ed_emp/---emp_ent/---coop/documents/instructionalmaterial/wcms_159819.pdf

ဦးတည်အုပ်စု၏ အားသာချက်များနှင့် အားနည်းချက်များအပါအဝင် အုပ်စုအကြောင်းရှင်းလင်းစွာသိခြင်းသည် သင်တန်းကဏ္ဍများ၏ တိကျသော ပန်းတိုင်များနှင့် ရည်မှန်းချက်များ (သင်တန်းအတိုင်းအတာ)ကို ပြည့်မီစေသည်။ ဥပမာအားဖြင့် - ကျား/မရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသနအတွက် သင်တန်းရေးဆွဲရာ၌ သင်တန်းကဏ္ဍများတွင်ပါဝင်သင့်သော သင်တန်းသားများမှာ -

- *လွှတ်တော်ခေါင်းဆောင်ပိုင်း*
  - လွှတ်တော်ဥက္ကဋ္ဌ
  - လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်/ဒုတိယညွှန်ကြားရေးမှူးချုပ်ကဲ့သို့ စီမံအကြီးအကဲ
    - စီမံချက်ကာလတစ်လျှောက် ၎င်းတို့ပါဝင်မှုနှင့် ပံ့ပိုးမှုနှစ်မျိုးလုံး

- *လွှတ်တော်ကိုယ်စားလှယ်များ*
  - လွှတ်တော်တွင်ကိုယ်စားပြုသော နိုင်ငံရေးပါတီအားလုံးပါဝင်စေသည်။
  - ကျား/မ ညီမျှမှုရှိစေခြင်း- တစ်ခါတစ်ရံတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များတွင် ကွဲပြားခြားနားသော အမြင်များနှင့် လိုအပ်ချက်များရှိသည်။

- *လွှတ်တော်ရေးရာသုတေသနဝန်ထမ်း*
  - လွှတ်တော်ကိုယ်စားလှယ်များသည် ဝန်ထမ်းများနှင့်အတူ သင်တန်းတက်ရန် အမြဲတမ်း အဆင်သင့်မဖြစ်ကြပေ- လိုအပ်ပါက သီးခြားစီ ခွဲထုတ်စီစဉ်ပါ။
  - လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများတွင် မတူညီသောအခန်းကဏ္ဍများရှိကြသည်။
  - ကျား/မ ညီမျှမှုရှိရမည်။

- *ပြင်ပတက်ရောက်သူများ*
  - သုတေသနနှင့် အကဲဖြတ်လေ့လာရာတွင် လွှတ်တော်အားကူညီပံ့ပိုးနေသော အဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်များ[99]

သင်တန်းခေါင်းစဉ်အမျိုးမျိုးပါဝင်နိုင်သည့်အတွက် သင့်လျော်သောသင်တန်းသားများကို ဖော်ထုတ်ရာတွင်ကူညီနိုင်ရန် သင်တန်းစီစဉ်ရေးဆွဲရေး တာဝန်ရှိသောအဖွဲ့အစည်းမှ ထည့်သွင်းစဉ်းစားနိုင်သည့် မေးခွန်းများရှိသည်။

- ***သင်တန်းကဏ္ဍတစ်ခုအတွက် ဦးတည်ပရိသတ်မှာ မည်သူနည်း။***
  - ဤမေးခွန်းကိုဖြေခြင်းအားဖြင့် သင်တန်းနှင့်/အတွက် ဦးတည်သင့်သည့် သတ်မှတ်ထားသောလူများ သို့မဟုတ် လူအုပ်စုတို့ကို ဖော်ထုတ်ရာတွင် ကူညီသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်လွှတ်တော်၏ ကျား/မရေးရာ ထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်ကို ပိုမိုအားကောင်းလာစေရန်ရည်ရွယ်သော သင်တန်းတစ်ခုအတွက် ဦးတည်သင်တန်းသားအုပ်စုမှာ ရှမ်းပြည်နယ်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများပင်ဖြစ်ပေမည်။

- ***သင်တန်းသားများ၏ နောက်ခံအကြောင်းအရာများမှာ အဘယ်နည်း။***
  - ဤမေးခွန်းသည် သင်တန်းသားများ၏ ပညာရေးနောက်ခံသာမက ၎င်းတို့၏ပညာရှင်ဆန်သော အသိပညာများနှင့် ကျွမ်းကျင်မှုများကို ပိုမိုအာရုံစူးစိုက်ခြင်းဖြစ်သည်။ သင်တန်းတစ်ခုကို စီစဉ်ရေးဆွဲသောအခါ အဖွဲ့အစည်းတစ်ခုသည် သင်တန်းသား၏ အလုပ်အနေအထား သို့မဟုတ် လုပ်ငန်းတာဝန်အထူးသဖြင့် ရာထူးအတွက်လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဤသို့ဖြင့် သင်တန်းမှ/တွင် ဖြေရှင်းရန်လိုအပ်ချက်များကို ဦးစားပေးသတ်မှတ်ဖော်ပြရန်အတွက် ၎င်းတို့၏လက်ရှိအခြေအနေနှင့် လိုချင်သည့် အခြေအနေများကို သင်တန်းပို့ချသူမှ နှိုင်းယှဉ်နိုင်မည်ဖြစ်သည်။ ဥပမာ - ရှမ်းပြည်နယ်လွှတ်တော်တွင် လွှတ်တော်ဝန်ထမ်းများသည် မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များပြုလုပ်ရန် သတင်းအချက်အလက်များကို အသုံးပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအား သုတေသန၊ သတင်းအချက်အလက်တို့နှင့်ပြည့်စုံသော ပံ့ပိုးမှုပေးရန်အတွက် တာဝန်ရှိသည်။

[99] Balinov, Ivo and Lola Giraldo, 'လွှတ်တော်ကိုယ်စားလှယ်များအတွက် သုတေသနသင်တန်းများ စီစဉ်ရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ခြင်း,' PowerPoint ဖြင့် ရှင်းလင်းတင်ပြချက်၊ ၂၀၁၇ စက်တင်ဘာလ။

- ***သင်တန်းသားများသည် သင်တန်းမတက်မီ မည်သည့်ပစ္စည်းကိရိယာများကို လိုအပ်မည်နည်း။***
    - သင်တန်းသားများကြားတွင် အသိပညာကွာဟချက်များရှိသည်ဟု ဖော်ထုတ်ထားပါက၊ သင်တန်းမတက်ခင် ကြိုတင်ဖတ်ရှုထားရန်အတွက် သင်တန်းသားများအား စာရွက်စာတမ်းများမျှဝေခြင်းကို ထည့်သွင်းစဉ်းစားထားသင့်သည်။ ဤသို့ပြုခြင်းက သင်တန်းမစတင်မီ သင်တန်းသားများတွင် တူညီသော နောက်ခံအသိပညာများရှိစေရန် ကူညီပေးမည် ဖြစ်သည်။

- ***အချို့သော သင်တန်းသားများသည် အခြားသူများထက် သင်တန်းများပိုမိုလိုအပ်နိုင်သလား။***
    - ဤမေးခွန်းသည် သင်တန်းကဏ္ဍတစ်ခုကိုစီစဉ်ရေးဆွဲရာတွင် အကြီးမားဆုံးစိန်ခေါ်မှုများအနက်တစ်ခုဖြစ်သည်။ ဤသို့သော အခြေအနေတွင် သင်တန်းသားများအကြား အသိပညာအဆင့်ကွာခြားမှုကို ဖြေရှင်းရန်အတွက် သင်တန်းကဏ္ဍအချို့ကို ထည့်သွင်းစီစဉ်ထားသင့်သည်။[၅၅]

## *အဓိကခေါင်းစဉ်များနှင့် လုပ်ဆောင်ချက်များကို သတ်မှတ်ခြင်း*

အရေးကြီးခေါင်းစဉ်များနှင့် လုပ်ဆောင်ချက်များသည် သင်တန်းတွင်ပါသင့်သည့်အရာများဖြစ်ပြီး တစ်ခါတစ်ရံတွင် အပိုင်းများ သို့မဟုတ် အခန်းများဟူ၍လည်းခေါ်ကြသည်။[၅၆]

ကောင်းမွန်သောမူဝါဒရေးရာ ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် သုတေသနနှင့်သတင်းအချက်အလက်များသည် လွှတ်တော်ကိုယ်စားလှယ်များမှ ပိုမိုလိုအပ်ခြင်း သို့မဟုတ် လွှတ်တော်ဝန်ထမ်းများမှ ၎င်းတို့၏လုပ်ငန်းတာဝန်များတွင် ကျွမ်းကျင်မှုတိုးမြင့်ရန် လိုအပ်ခြင်းအစရှိသော အချို့လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အဖွဲ့အစည်းများသည် သင်တန်းကဏ္ဍများကို စီစဉ်ရေးဆွဲကြသည်။ အဆိုပါလိုအပ်ချက်များ သို့မဟုတ် လစ်ဟာမှုများကို လိုအပ်ချက်ဆန်းစစ်လေ့လာမှု အစတွင် ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။ အဖွဲ့အစည်းမှ အဓိကခေါင်းစဉ်များနှင့် လုပ်ဆောင်ချက်များကိုတစ်ဆက်တည်းဖော်ထုတ်ရေးဆွဲစဉ်တွင် စီမံချက်အခြေခံမူဉ်းကိုသတ်မှတ်ရန်အတွက် ကောက်ယူခဲ့သော သတင်းအချက်အလက်များက ကူညီပေးသည်။

အဓိကခေါင်းစဉ်များကို ဖော်ထုတ်ပြီးသည်နှင့်တပြိုင်နက် လိုအပ်သော သင်တန်းထောက်ကူကိရိယာများပြင်ဆင်ရာတွင် အသုံးပြုနိုင်သော မတူညီသောနည်းလမ်းများရှိသည် -

- **ရှိပြီးသားပစ္စည်းများကို အသုံးပြုခြင်း**
- **အဖွဲ့အစည်းတွင်း/သတ်မှတ်ထားသော သင်ကြားရေးပစ္စည်းများကို ဖော်ထုတ်ခြင်း**
- **ရောစပ်နည်းလမ်း (hybrid approach) ကို အသုံးပြုခြင်း - အထက်ဖော်ပြပါနည်းနှစ်နည်းကို ပေါင်းစပ်အသုံးပြုခြင်း** [၅၇]

---

[၅၅] ရပ်ရွာလူထု နည်းကိရိယာစု. မဟာဗျူဟာအစီအစဉ်တစ်ရပ် ရေးဆွဲခြင်း နှင့် အဖွဲ့အစည်းဖွဲ့စည်းပုံ၊ *အခန်း ၁၂ - သင်တန်းကဏ္ဍတစ်ခု ပြင်ဆင်ခြင်း*၊ အောက်ပါလင့်ခ်တွင် ရနိုင်သည်။ https://ctb.ku.edu/en/table-of-contents/structure/training-and-technical-assistance/design-training-session/main, ၂၀၁၈ မေလ ၁၀ ရက်နေ့။

[၅၆] ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ ဒေသတွင်းအုပ်ချုပ်ရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်၊ သင်တန်းစီစဉ်ရေးဆွဲခြင်းအကြောင်းလက်စွဲစာအုပ်၊ စာမျက်နှာ ၁၁၊ အောက်ပါလင့်ခ်တွင် ရနိုင်သည်။ https://www.jica.go.jp/project/cambodia/0601331/pdf/english/2_Training_01.pdf.

[၅၇] ရပ်ရွာလူထု နည်းကိရိယာစု. မဟာဗျူဟာအစီအစဉ်တစ်ရပ်ရေးဆွဲခြင်းနှင့် အဖွဲ့အစည်းဖွဲ့စည်းပုံ၊ *အခန်း ၁၂ - သင်တန်းကဏ္ဍတစ်ခု ပြင်ဆင်ခြင်း*၊ အောက်ပါလင့်ခ်တွင် ရနိုင်သည်။ https://ctb.ku.edu/en/table-of-contents/structure/training-and-technical-assistance/design-training-session/main, ၂၀၁၈ မေလ ၁၀ ရက်နေ့။

## *လိုအပ်သည့်အရင်းအမြစ်များ သတ်မှတ်ခြင်း*

သင်တန်းအဆင့်အားလုံး (စီစဉ်ရေးဆွဲပုံ၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်း)အတွက် လိုအပ်သောအရင်းအမြစ်များမှာ လူသားရင်းမြစ်များ (စီမံချက်အဖွဲ့ဝင်များ၊ သင်ကြားသည့်ဘာသာရပ်ကျွမ်းကျင်ပညာရှင်များစသည်)နှင့် ပစ္စည်းများ (ပစ္စည်းကိရိယာများ၊ အဆောက်အဦများ၊ ဝန်ဆောင်မှုများစသည်)တို့ဖြစ်သည်။ လိုအပ်သောအရင်းအမြစ်များ ဖော်ထုတ်သတ်မှတ်ခြင်းကို အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း မေးခွန်းများဖြင့် ပိုင်းခြားနိုင်သည်။[၄၈]

| နမူနာမေးခွန်းများ | နမူနာအဖြေများ |
|---|---|
| သင်တန်းအကောင်အထည်ဖော်ခြင်းအတွက် မည်သည့်အဆောက်အဦများလိုအပ်မည်နည်း။ | လူ ၃၀ ခန့်ဆန့်သော သင်တန်းခန်းမ |
| သင်တန်းရက်များတွင် မည်သည့်ပစ္စည်းများလိုအပ်မည်နည်း။ | ကွန်ပျူတာများ၊ ပရိုဂျက်တာများ၊ ပိတ်ကား၊ သင်တန်းသားများအတွက် စာရေးကိရိယာများ၊ မိုက်ခရိုဖုန်း စသည်။ |
| စီမံချက်အဖွဲ့တွင် မည်သည့်ကဏ္ဍများကို ဖြည့်ဆည်းပေးရန် လိုအပ်သနည်း။ | စီမံကိန်းမန်နေဂျာ၊ စီမံကိန်းအရာရှိ၊ စီမံကိန်းဘဏ္ဍာရေးအရာရှိ၊ စီမံကိန်းရုံးဝန်ထမ်းများ |
| မည်သည့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ လိုအပ်မည်နည်း။ | ကျား/မရေးရာထိခိုက်မခံသော လွှတ်တော်ရေးရာသုတေသနဆိုင်ရာ ကျွမ်းကျင်ပညာရှင် လိုအပ်မည်ဖြစ်သည်။ |

သင်တန်းတစ်ခုကို စီစဉ်ရေးဆွဲရာတွင် သင်တန်းများကိုဖွင့်လှစ်သင်ကြားရန်လိုအပ်သည့် ဘဏ္ဍာရင်းမြစ်ရနိုင်မှု၏ အရေးကြီးပုံကိုလည်း လျစ်လျူမရှုသင့်ပေ။ များသောအားဖြင့် ရန်ပုံငွေပံ့ပိုးပေးသူများမှပေးအပ်သော ငွေကြေးအရင်းအမြစ်များသည် အကန့်အသတ်ရှိသောကြောင့် ထိုသူများ၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သောအဖွဲ့အစည်းများမှ အကောင်းဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်။ သင်တန်းစီစဉ်ရေးဆွဲနေချိန်တွင် အောက်ဖော်ပြပါတို့ကို ထည့်သွင်းစဉ်းစားသင့်ပေသည်။

√ သင်တန်းကဏ္ဍ(များ)အတွက် ငွေမည်မျှသုံးစွဲ၍ရနိုင်မည်နည်း။

√ သင်တန်းကဏ္ဍတစ်ခု သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုချင်းစီသည် မည်မျှကုန်ကျမည်နည်း။

√ မည်သည့်အရင်းအမြစ်များသည် မဖြစ်မနေလိုအပ်သနည်း။

√ သင်တန်းကဏ္ဍတစ်ခုသင်ကြားရန် အခြား/စရိတ်သက်သာသော အရင်းအမြစ်များရနိုင်သလား။

ဖော်ပြပါအရေးကြီးမေးခွန်းများကို ဖြေဆိုခြင်းဖြင့် ရနိုင်သောအရင်းအမြစ်များအတွင်း ဖြစ်နိုင်ခြေများကို အဖွဲ့အစည်းမှ လျင်မြန်စွာ သတ်မှတ်နိုင်မည်ဖြစ်သည်။ အချို့သောအခြေအနေများတွင် အရင်းအမြစ်များသည် ကြိုတင်မျှော်မှန်းထားသည်ထက် လျော့နည်းခြင်းကြောင့် အဖွဲ့အစည်းများသည် သူတို့လိုချင်သောရလဒ်များရနိုင်ရန်အတွက် ဖြစ်နိုင်ခြေရှိသော အခြားသောရွေးချယ်မှုအချို့ ထည့်သွင်းစဉ်းစားနိုင်သည်။ ဥပမာ - ပေးထားသောအရင်းအမြစ်များအတွင်း ပိုမိုသေးငယ်ပြီး စီမံခန့်ခွဲရလွယ်သောသင်တန်းအဖြစ်လျှော့ချခြင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုချင်းစီ၏ ဘဏ္ဍာရေးအရင်းအမြစ်များကို စုပေါင်းလိုက်ပြီး ပိုမိုကြီးမားသော သင်တန်းကဏ္ဍတစ်ခုကို အတူတကွ လုပ်ဆောင်ရန် အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်းတို့ဖြစ်သည်။[၄၉]

---

[၄၈] ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ ဒေသတွင်းအုပ်ချုပ်ရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်၊ သင်တန်းစီစဉ်ရေးဆွဲခြင်းအကြောင်းလက်စွဲစာအုပ်၊ စာမျက်နှာ ၁၃၊ အောက်ပါလင့်ခ်တွင် ရနိုင်သည်: https://www.jica.go.jp/project/cambodia/0601331/pdf/english/2_Training_01.pdf.

[၄၉] ရပ်ရွာလူထုနည်းကိရိယာစု၊ မဟာဗျူဟာအစီအစဉ်တစ်ရပ်ရေးဆွဲခြင်းနှင့် အဖွဲ့အစည်းဖွံ့စည်းပုံ၊ *အခန်း ၁၂ - သင်တန်းကဏ္ဍတစ်ခု ပြင်ဆင်ခြင်း*၊ အောက်ပါလင့်ခ်တွင် ရနိုင်သည်။ https://ctb.ku.edu/en/table-of-contents/structure/training-and-technical-assistance/design-training-session/main, ၂၀၁၈ မေလ ၁၀ ရက်နေ့။

## *သင်တန်းကာလ*

သင်တန်းကို အကြိမ်မည်မျှ နှင့် မည်မျှအချိန်ကြာကြာသင်ကြားမည်ကို ရည်ညွှန်းသည်။ ဖြစ်ရပ်များစွာတွင် သင်တန်းလုပ်ဆောင်ချက်တစ်ခုဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းတစ်ခုတွင်ရနိုင်သော ဘဏ္ဍာအရင်းအမြစ်များက ဤအခြင်းအရာကို လွှမ်းမိုးနေသည်။ ထို့ကြောင့် သင်တန်းအကြိမ်ရေနှင့်ကြာချိန်ကို ဆုံးဖြတ်ရာတွင် စီမံချက်ဘတ်ဂျက်ကို ကောင်းကောင်းသိထားရန် အရေးကြီးသည်။ [၅၀]

ယေဘုယျအားဖြင့် သင်တန်းသားလိုအပ်ချက်များသည်လည်း သင်တန်းမှပေးနိုင်သောအကြိမ်အရေအတွက်အပေါ် သက်ရောက်မှုရှိသည်။ သို့သော် သင်တန်းကဏ္ဍတစ်ခုတွင် အချိန်သတ်မှတ်ပုံကို ကူညီလမ်းညွှန်ပေးရန် အဖွဲ့အစည်းများအသုံးပြုနိုင်သော မေးခွန်းများရှိသည်။ မေးခွန်းများတွင် -

- √ သင်တန်းကဏ္ဍသည် မည်မျှရှုပ်ထွေးသင့်သနည်း။
- √ အသိပညာ သို့မဟုတ် ကျွမ်းကျင်မှုအသစ်များကို လေ့လာသင်ယူရန် သင်တန်းသားများတွင် အချိန်မည်မျှရှိသနည်း။
- √ သင်တန်းသားများ ကြိုက်နှစ်သက်သည့် သင်ကြားရေးပုံစံများမှာ အဘယ်နည်း။
- √ သင်တန်းကဏ္ဍကို သင်တန်းသားများတက်ရောက်ရန် မည်သည်က ဆွဲဆောင်သိမ်းသွင်းနိုင်မည်နည်း။

အဆိုပါမေးခွန်းများ၏အဖြေများသည် သင်တန်းတစ်ခုနှင့်ဆက်စပ်နေသော အချိန်ကာလနှင့် ကုန်ကျစရိတ်များကို သက်ရောက်မှုရှိသည်။ ဥပမာ - မိတ်ဆက်ရှင်းလင်းရသော သင်တန်းကဏ္ဍသည် အကြောင်းအရာကိုသာ အာရုံစိုက်သင်ကြားသော ဦးတည်သင်တန်းတစ်ခုနှင့် ဆန့်ကျင်စွာပင် ပေးထားသောခေါင်းစဉ်ဆိုင်ရာ အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးသည့် စည်းမျဉ်းများနှင့် သင်တန်းသားများကို မိတ်ဆက်သင်ကြားပေးရန်လိုအပ်သောကြောင့် သင်ကြားချိန်ပိုကြာနိုင်သည်။

ဤလုပ်ငန်းစဉ်၏နောက်ဆုံးအဆင့်မှာ စီစဉ်ရေးဆွဲသည့်လုပ်ငန်းစဉ်တွင် စုဆောင်းပြင်ဆင်ခဲ့သောသတင်းအချက်အလက်များကို အသုံးချခြင်းနှင့် သင်တန်းအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းပင်ဖြစ်သည်။ သင်တန်းကဏ္ဍအတွက် အသေးစိတ်အစီအစဉ်တစ်ခုအဖြစ် ရှိနေမည်ဖြစ်ပြီး ပို၍အရေးကြီးသည့်အချက်မှာ မာတိကာဖွဲ့စည်းပုံကို ကူညီပေးခြင်းပင်ဖြစ်သည်။ သင်တန်းသင်ရိုးညွှန်းတမ်းတစ်ခုသည် သက်ဆိုင်ရာသင်တန်းတစ်ခု၏ ရည်ရွယ်ထားသောပန်းတိုင်များ နှင့် ရည်မှန်းချက်များကို ဖော်ပြမှု တစ်ခုပင်ဖြစ်သည်။ ထို့အပြင် ၎င်းတွင် သင်တန်းဖွဲ့စည်းပုံဖော်ပြချက်တစ်ခု (လိုအပ်သောပစ္စည်းကိရိယာများ၊ သင်တန်းကဏ္ဍတစ်ခုချင်းစီ၏ကြာချိန်စသည်ဖြင့်) သင်ကြားခြင်း၊ သင်ယူခြင်းနှင့်တုံ့ပြန်မှုကိုလက်ခံရန် အခွင့်အရေးများအတွက် နည်းလမ်းများလည်း ပါဝင်သင့်ပေသည်။ အချုပ်ဆိုရသော် ဤစာရွက်စာတမ်းသည် တစ်ချိန်တည်းမှာပင် တာဝန်ယူမှုကို အလေးပေးသိသာစေရင်း၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို လမ်းညွှန်မှုပေးသည်။[၅၁] သင်တန်းသင်ရိုးညွှန်းတမ်းတစ်ခုကို နမူနာအနေဖြင့် နောက်ဆက်တွဲ(ဂ)ကို ကြည့်ပါ။

---

[၅၀] ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ ဒေသတွင်းအုပ်ချုပ်ရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံချက်၊ သင်တန်းစီစဉ်ရေးဆွဲခြင်းအကြောင်းလက်စွဲစာအုပ်၊ စာမျက်နှာ ၁၃၊ အောက်ပါလင့်ခ်တွင် ရနိုင်သည်။
https://www.jica.go.jp/project/cambodia/0601331/pdf/english/2_Training_01.pdf.

[၅၁] ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကမ္ဘောဒီးယားနိုင်ငံ ဒေသတွင်းအုပ်ချုပ်ရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်၊ သင်တန်းစီစဉ်ရေးဆွဲခြင်းအကြောင်းလက်စွဲစာအုပ်၊ စာမျက်နှာ ၁၅၊ ၁၉ အောက်ပါလင့်ခ်တွင် ရနိုင်သည်။
https://www.jica.go.jp/project/cambodia/0601331/pdf/english/2_Training_01.pdf.

# သင်တန်းများကို အကဲဖြတ်ခြင်း



စီမံကိန်းအကဲဖြတ်ခြင်းသည် ပြီးမြောက်ခဲ့သော သို့မဟုတ် ဆောင်ရွက်ဆဲ လုပ်ဆောင်ချက်များမှ ၎င်းတို့ဖော်ပြခဲ့သော ရည်မှန်းချက်များ မည်သည့်အတိုင်းအတာအထိ ပြည့်မီသည်ကို ဆုံးဖြတ်ရာတွင် ပံ့ပိုးရာ၌ အသေးစိတ်ပြီး လွတ်လပ်မှုရှိသော ဆန်းစစ်လေ့လာမှုတစ်ခုဖြစ်သည်။[၅၂] စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာမှုနှင့် ဆန့်ကျင်စွာပင် အကဲဖြတ်ခြင်းကို ခြားနားသောအချိန်များတွင် ဆောင်ရွက်ပြီး ရံဖန်ရံခါ နည်းပညာကျွမ်းကျင်ပညာရှင်များထံမှ ပြင်ပအမြင်ရှုထောင့်ကိုလည်း ရှာဖွေဖော်ထုတ်ခြင်း ဖြစ်သည်။ အကဲဖြတ်ခြင်းဆိုင်ရာ စီစဉ်ပုံ၊ နည်းလမ်းနှင့်ကုန်ကျစရိတ်များသည် ၎င်းမှ အဖြေရှာလိုသည့် မေးခွန်းအမျိုးအစား ပေါ်တွင်မူတည်၍ သိသိသာသာကွဲပြားသည်။ အကဲဖြတ်ခြင်းအမျိုးအစားကွဲများတွင် စီမံချက်၊ စီမံကိန်း၊ ကဏ္ဍအလိုက်၊ ဘာသာရပ်အလိုက်၊ မူဝါဒနှင့်စီမံခန့်ခွဲမှု အကဲဖြတ်ခြင်းများပါဝင်သည်။ အခြားသော သက်ဆိုင်သည့်ဆန်းစစ်လေ့လာမှုများတွင် စာရင်းစစ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းများပါဝင်သည်။ ဖွံ့ဖြိုးတိုးတက်မှု၏ထိရောက်မှုကို ဆန်းစစ်လေ့လာရာတွင် စီမံကိန်းအကဲဖြတ်ခြင်းဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများသည် အောက်ပါတို့ကို ဆန်းစစ်လေ့လာရန် ရည်ရွယ်သည်[၅၃] -

၁။ ***ဆက်စပ်သက်ဆိုင်မှု***- စီမံချက်၏ရလဒ်များ၊ ဦးတည်ချက်နှင့် အလုံးစုံရည်မှန်းချက်များသည် အကျိုးခံစားရသူများ၏ လိုအပ်ချက်များ၊ ဆန္ဒတို့နှင့် စီမံချက်မူဝါဒတို့ ကိုက်ညီမှုရှိ/မရှိကို ဆိုလိုသည်။

၂။ ***သက်ရောက်မှု***- စီမံချက်၏ ဦးတည်ချက်ကိုရောက်ရှိခြင်း၏ အကျိုးဆက်အနေဖြင့် အလုံးစုံရည်မှန်းချက်(များ) အောင်မြင်မှုအပေါ် ပြောင်းလဲမှုရှိ/မရှိကို ဆိုလိုသည်။ ရည်ရွယ်သော၊ မရည်ရွယ်ဘဲဖြစ်သွားသော သက်ရောက်မှုနှစ်မျိုးလုံးကို ပြန်လည်ဆန်းစစ်သည်။

၃။ ***ထိရောက်မှု*** - ရရှိလာသော ရလဒ်များသည် စီမံချက်၏ဦးတည်ချက်သို့ ရောက်ရှိအောင်မြင်စေရန် မည်မျှလောက်ထိ ကောင်းစွာ အထောက်အပံ့ပေးသည်ဆိုသည်နှင့် သက်ဆိုင်၊ ဖော်ပြသည်။

၄။ ***အကျိုးဖြစ်ထွန်းမှု***- ရလဒ်များနှင့် နည်းလမ်းများကြားရှိ ဆက်စပ်မှုဖြစ်သည်။ ဆိုလိုသည်မှာ- နည်းလမ်းများကို ရလဒ်များ အဖြစ်သို့ ပြောင်းလဲသည့်လုပ်ငန်းစဉ်သည် စရိတ်သက်သာမှုရှိ/မရှိ ဖြစ်သည်။

၅။ ***ရေရှည်တည်တံ့မှု***- ပြင်ပထောက်ပံ့ကူညီမှုများပြီးဆုံးသွားပြီးနောက် စီမံချက်မှရရှိသော အကျိုးကျေးဇူးများ မည်သည့်အတိုင်းအတာအထိ ဆက်လက်တည်တံ့သည်ကို ဖော်ပြသည်။

ထို့အပြင် အကဲဖြတ်ခြင်းကို လက်တွေ့ဆောင်ရွက်ခြင်းနှင့် အသုံးပြုခြင်းကို အောက်ပါ စည်းမျဉ်းများမှ လမ်းညွှန်ပေးသည် [၅၄] -

√ ***အသုံးဝင်မှု*** - ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အကျိုးသက်ရောက်စေသော အကဲဖြတ်ခြင်းဖြစ်စေရန် ရှာဖွေတွေ့ရှိချက်များသည် လက်ရှိလုပ်ငန်းများအတွက် အသုံးဝင်ပြီး၊ ကိုက်ညီမှုရှိစေရန် စီစဉ်ထားရှိသည်။

√ ***လွတ်လပ်မှုရှိခြင်း*** - သမာသမတ်ကျသော အကဲဖြတ်ခြင်းဖြစ်စေရန် တွေ့ရှိချက်များ၊ သရုပ်ခွဲလေ့လာမှုနှင့် သုံးသပ်ချက်များတွင် ဘက်လိုက်မှုကင်းရမည်ဖြစ်သည်။ တစ်ဖန် နောက်ခံစီမံခန့်ခွဲမှုနှင့် ကင်းရှင်းရမည်ဟုဆိုလိုသည်။

[၅၂] UNDP (၂၀၀၉) အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း လက်စွဲစာအုပ်

[၅၃] စီမံကိန်းရေးဆွဲမှု၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာလမ်းညွှန်များ၊ ဖင်လန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန/စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းလမ်းညွှန်၊ (၂၀၀၂) အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့အစည်း၊

[၅၄] UNDP (2009) အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း လက်စွဲစာအုပ်

√ ***အများယုံကြည်လက်ခံနိုင်မှု*** - အကဲဖြတ်ချက်များသည် ဓမ္မဓိဋ္ဌာန်ကျသော၊ အသေးစိတ်သော၊ ဘက်လိုက်မှုကင်းသော အကဲဖြတ်ခြင်းဖြစ်ကြောင်း သိကြရမည်။ အများယုံကြည်လက်ခံနိုင်မှုသည် အကဲဖြတ်သူများ၏ ပညာရှင်ဆန်သော အရည်အသွေးနှင့် တိကျမှုရှိသာ နည်းလမ်းများအပေါ်တွင် တည်မှီနေသည်။

√ ***ပွင့်လင်းမြင်သာမှုရှိခြင်း*** - အများယုံကြည်လက်ခံနိုင်မှုနှင့် အသုံးဝင်မှုတို့သည် ပါဝင်သက်ဆိုင်သူများအားလုံးထံ တွေ့ရှိချက်များ အဆင်သင့်ရရှိစေနိုင်မှုဖြစ်သည့် အကဲဖြတ်ခြင်း၏ ပွင့်လင်းမြင်သာမှုရှိမှုအပေါ်လည်း မှီခိုနေသည်။

## *စီမံကိန်းအကဲဖြတ်မှု၏ အရေးကြီးပုံ*

အကဲဖြတ်မှုများက မန်နေဂျာများအား အသိအမြင်များသောဆုံးဖြတ်ချက်များချမှတ်စေပြီး မဟာဗျူဟာကျစီစဉ်ရေးဆွဲစေသည်။ ထို့ကြောင့် အမှီအခိုကင်းသော အကဲဖြတ်မှုတစ်ခုသည် သင်ကြားရေးနည်းလမ်းတစ်ခုအဖြစ်ရော တာဝန်ယူမှုကိုပြသပေးသောနည်းလမ်းတစ်ခုအဖြစ်ပါ ဆောင်ရွက်ပေးသည်။[၃၃]

၁။ ***သင်ယူလေ့လာခြင်း*** - အမှီအခိုကင်းသော အကဲဖြတ်မှုတစ်ခုသည် စီမံကိန်းများ/စီမံချက်များအား မည်ကဲ့သို့ အားကောင်းခိုင်မာစေနိုင်သည်၊ အရင်းအမြစ်များကို ပိုမိုထိရောက်စွာ မည်သို့အသုံးပြုနိုင်သည် စသည်တို့ကို သင်ယူလေ့လာရန်အတွက် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းသည် အောက်ပါတို့ကို နားလည်သဘောပေါက်စေနိုင်သည်။

၁။ စီမံကိန်းတစ်ခုသည် ယင်း၏အန္တိမပန်းတိုင်နှင့် ရည်ရွယ်ချက်ပန်းတိုင်ကို မည်မျှကောင်းကောင်းပြည့်မီအောင် လုပ်ဆောင်နေကြောင်း

၂။ လုပ်ဆောင်ချက်များ၏အရည်အသွေးနှင့် သင်တန်းသားများ၏လိုအပ်ချက်များကို ပြည့်မီစေရာတွင် ယင်းတို့ မည်မျှအသုံးဝင်ကြောင်းနှင့်

၃။ ဘဏ္ဍာရေးနှင့် အရာရှိအဆင့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့် နိုင်ငံအခြေပြု အရင်းအမြစ်များကဲ့သို့သော စွမ်းဆောင်ရည်များက အရည်အသွေးကို မည်သို့သက်ရောက်မှုရှိစေကြောင်း

ပိုမိုကောင်းမွန်သော စီမံကိန်းဆုံးဖြတ်ချက်များကိုပြုလုပ်ရန် လိုအပ်ချက်ကြောင့် လုပ်ဆောင်သောအကဲဖြတ်မှုသည် 'မည်သူက မည်သည်ကိုသင်ယူရန်လိုအပ်ကြောင်း' တိတိကျကျ ရှင်းလင်းသင့်သည်။ ဤသည်က လေ့ကျင့်ခန်းကို ဖော်ဆောင်ပေးပြီး၊ ပို၍တရားဝင်ဖြစ်စေကာ အာရုံစိုက်မှုကိုဖြစ်စေသည်။ သို့ဖြစ်သောကြောင့် အဖွဲ့ခေါင်းဆောင်များနှင့်မန်နေဂျာများအပါအဝင် မူလပုဂ္ဂိုလ်များဖြစ်သော အကဲဖြတ်သူများသည် ပြောင်းလဲမှုကိုဖော်ဆောင်သူများ ဖြစ်သင့်သည်။ ရန်ပုံငွေထောက်ပံ့ပေးသူများအတွက်လည်း မိမိတို့ထောက်ပံ့နေသော စီမံကိန်းသည် ရလဒ်များကို ပြည့်မီနေသည်ဟူသော အာမခံချက်များ လိုအပ်မည်ဖြစ်သည်။

၂။ ***တာဝန်ယူမှု*** - ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်များသည် အကန့်အသတ်ရှိပြီး ရလဒ်များကိုပြည့်မီရမည့်အချိန်သည်လည်း တိုတောင်းသောကြောင့် အလှူရှင်များသည် ရလဒ်များပြည့်မီစေရန် ပို၍အာရုံစိုက်လာကြသည်။ ထောက်ပံ့ရေးရင်းမြစ်များ အထူးရှားပါးလာပြီး လွတ်လွတ်လပ်လပ်စီမံအုပ်ချုပ်ကြသောကြောင့် စီမံကိန်းများသည် ပို၍စေ့စေ့စပ်စပ် စစ်ဆေးမှုအောက်တွင် ကျရောက်နေကြသည်။ အရင်းအမြစ်များကို မည်သို့အသုံးပြုကြောင်းနှင့် မည်သည့်ရလဒ်များရရှိကြောင်း ဖော်ထုတ်ပြသရန်အတွက် အမှီအခိုကင်းသော အကဲဖြတ်ခြင်းသည် အလွန်အရေးကြီးသည်။ တစ်ချိန်တည်းမှာပင် အကဲဖြတ်မှုများသည် ရလဒ်များနှင့် 'စီမံကိန်းသာ မရှိပါက မည်သို့ဖြစ်မည်နည်း၊ စီမံကိန်းရပ်တန့်သွားပါက မည်သို့ဖြစ်မည်နည်း' စသည့်မေးခွန်းများကို မေးရမည့်တာဝန်ကိုကျော်လွန်၍ အကဲဖြတ်ရန်လည်း အရေးကြီးသည်။

ထိရောက်မှုရှိသော အကဲဖြတ်မှုကို ဆောင်ရွက်ရန်နှင့် အသုံးပြုရန်မှာ လုံလောက်သော လူသားရင်းမြစ်နှင့် ဘဏ္ဍာရင်းမြစ်များ၊ အကဲဖြတ်ခြင်းဆိုင်ရာ နည်းစနစ်များကို ကောင်းကောင်းနားလည်ခြင်း နှင့် အရေးအကြီးဆုံးမှာ ရလဒ်အခြေပြုဓလေ့၊ သင်ယူလေ့လာခြင်း၊ မေးမြန်းစူးစမ်းခြင်း နှင့် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ လိုအပ်ကြောင်း သတိပြုသင့်သည်။

---

[၃၃] ကမ္ဘာ့ဘဏ်ဖွံ့ဖြိုးရေး ထောက်ပံ့ငွေပေးအပ်ရေးအဆောက်အဦ (DGF) နည်းပညာမှတ်စု (၂၀၀၃)

## *စီမံကိန်းအကဲဖြတ်ခြင်း အမျိုးအစားများနှင့် ပုံစံများ*

စီမံကိန်းအကဲဖြတ်ခြင်းဆိုင်ရာ အမျိုးအစားကွဲ များစွာရှိနေပြီး ယင်းတို့ကို ဖော်ပြရန်အတွက် ဝေါဟာရများစွာကိုလည်း အသုံးပြုကြသည်။ ၎င်းတို့မှာ -

၁။ ***လုပ်ငန်းစဉ်အကဲဖြတ်ခြင်း*** - စီစဉ်ရေးဆွဲထားသည့်အတိုင်း စီမံချက် သို့မဟုတ် စီမံကိန်းပုံစံကို အကောင်အထည်ဖော်မှု ရှိ/မရှိ၊ ရည်ရွယ်ထားသော ဦးတည်လူဦးရေကို ထိရောက်မှုရှိ/မရှိနှင့် စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ဆက်စပ်နေသော အဓိကအဟန့်အတားများနှင့် အောင်မြင်စေသော မဟာဗျူဟာများအကြောင်းကို ဆန်းစစ်လေ့လာခြင်းဖြစ်သည်။

၂။ ***ရလဒ် အကဲဖြတ်ခြင်း*** - ရလဒ်ငယ်များတွင် မျှော်မှန်းထားသော ပြောင်းလဲမှုများဖြစ်ပေါ်မှု ရှိ/မရှိနှင့် ထိုသို့ဖြစ်ပေါ်ပါကလည်း မည်သည့်အတိုင်းအတာအထိပြောင်းလဲကြောင်းနှင့် အဆိုပါပြောင်းလဲမှုများသည် စီမံကိန်း သို့မဟုတ် ယင်း၏လုပ်ဆောင်ချက်များအပေါ် ဖြည့်ဆည်းပေးမှုရှိ/မရှိကို ဆုံးဖြတ်သည်။

၃။ ***စီမံချက်အကဲဖြတ်ခြင်း***- ဤနည်းလမ်းသည် အသုံးအများဆုံးအကဲဖြတ်နည်းဖြစ်သည်။ စီမံချက်အကဲဖြတ်ခြင်း၏ မူလရည်ရွယ်ချက်မှာ တိုးတက်မှုများလုပ်ဆောင်ရန်၊ အစပျိုးမှုတစ်ခုကို ဆက်လက်လုပ်ဆောင်ရန် သို့မဟုတ် တိုးမြှင့်လုပ်ဆောင်ရန်၊ အခြားသောနေရာများရှိ တုပပုံတူပွားမှုများကို ဆန်းစစ်မှုပြုရန်၊ သို့မဟုတ် အခြားနည်းလမ်းများကို ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ ထို့ကြောင့်ပင် မိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများက လိုအပ်၍သာ စီမံချက်အကဲဖြတ်ခြင်းကို မဖြစ်မနေလုပ်ဆောင်ရသော်လည်း၊ တုပပုံတူပွားခြင်း သို့မဟုတ် အဆင့်မြှင့်ခြင်းမပြုလုပ်မီတွင် ရှေ့ပြေးစီမံကိန်းများ၊ နောက်တစ်ဆင့်သို့ တက်ရောက်မည့် စီမံချက်များနှင့် အချိန်ကာလငါးနှစ်ထက် ပိုကြာမည့်စီမံချက်များအတွက် အကဲဖြတ်ခြင်းများပြုလုပ်ရန် စီမံကိန်းဌာနများအား လေးလေးနက်နက်အကြံပြုလိုသည်။[၅၆]

၄။ ***ပန်းတိုင်အခြေပြု အကဲဖြတ်ခြင်း*** - စီမံကိန်းများသည် ကြိုတင်သတ်မှတ်ထားသော ပန်းတိုင်များ သို့မဟုတ် ရည်ရွယ်ချက်များကို မည်သည့်အတိုင်းအတာအထိ ပြည့်မီမှုရှိသည်ကို အကဲဖြတ်ခြင်းဖြစ်သည်။

၅။ ***ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ခြင်း*** - စီမံချက်နှင့် ရလဒ်အကဲဖြတ်ခြင်းများအပြင် စီမံကိန်းဌာန၏ အကြီးတန်းမန်နေဂျာများသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရလဒ်များအပေါ် ရေရှည်တည်တံ့သော ဖြည့်ဆည်းမှုပေးစွမ်းရာတွင် အရေးကြီးသည့် နယ်ပယ်များရှိ လုပ်ဆောင်ချက်ကို ဆန်းစစ်လေ့လာရန်အတွက် ဘာသာရပ်ဆိုင်ရာအကဲဖြတ်မှုများကို လုပ်ဆောင်ရန် ရွေးချယ်နိုင်ကြသည်။ ၎င်းတို့သည် တစ်ခုသောစီမံချက် သို့မဟုတ် အစပျိုးမှုတစ်ခုကိုကျော်လွန်၍ ထူးခြားမှုရှိသော ဘာသာရပ်နယ်ပယ်တစ်ခုသို့မဟုတ် အချို့ကို အာရုံစိုက်လုပ်ဆောင်မည်ဖြစ်သည်။

၆။ ***သက်ရောက်မှုအကဲဖြတ်ခြင်း*** - စီမံကိန်း သို့မဟုတ် စီမံချက်တစ်ခုကဲ့သို့သော သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ချက်တစ်ခုကြောင့် ဖြစ်လာသော အဖွဲ့အစည်းများအပေါ် အပြုသဘော သို့မဟုတ် အပျက်သဘော၊ ရည်ရွယ်ထားသော သို့မဟုတ် မရည်ရွယ်ဘဲဖြစ်လာသော အကျိုးသက်ရောက်မှုများအား အကဲဖြတ်ခြင်းဖြစ်သည်။ ဤကဲ့သို့သော အကဲဖြတ်ခြင်းများသည် နောက်ဆုံးသက်ရောက်မှု (ရေရှည်)နှင့် ရလဒ်အဆင့်၌ အကျိုးသက်ရောက်မှုများ (အလယ်အလတ်အဆင့်)တို့ကို ရည်ညွှန်းသည်။ ဖွံ့ဖြိုးရေးအထောက်အပံ့များ အကျိုးရှိ/မရှိကို ဖော်ထုတ်ခြင်းအားဖြင့် သက်ရောက်မှု အကဲဖြတ်ခြင်းသည် တာဝန်ယူမှုဟုသည့်လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးသည်။

၇။ ***ပူးတွဲအကဲဖြတ်ခြင်း*** - ကွဲပြားသောမိတ်ဖက်များမှ အတူပြုလုပ်သော အကဲဖြတ်ခြင်းဖြစ်သည်။ မည်သည့်အကဲဖြတ်ခြင်းမဆို ပူးတွဲအကဲဖြတ်ခြင်းတစ်ခုအဖြစ် လုပ်ဆောင်နိုင်သည်။

၈။ ***အချိန်နှင့်တပြေးညီအကဲဖြတ်ခြင်း*** - ကနဦးလုပ်ဆောင်မှုတွင် လက်ငင်းကွာခြားမှုတစ်ခု ပြုလုပ်ရန်အတွက် မန်နေဂျာများအား အချိန်နှင့်တပြေးညီဖြစ်သော တုံ့ပြန်ချက်ပေးရန် လုပ်ဆောင်မှုအစောပိုင်းအဆင့်တွင် ဆောင်ရွက်လေ့ရှိသည်။ ကနဦးတုံ့ပြန်မှု သို့မဟုတ် ပြန်လည်ထူထောင်မှုတို့သည် လိုချင်သောရလဒ်များ နှင့် လုပ်ငန်းစဉ်များအရ သင့်လျော်မှုရှိ/မရှိ သရုပ်ခွဲလေ့လာ

[၅၆] UNDP (2009) အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း လက်စွဲစာအုပ်

ခြင်းပြုလုပ်နေသော ဝန်ထမ်းများအားပေးရန်အတွက် ယင်းတို့ကို လူသားချင်းစာနာမှုဆိုင်ရာ သို့မဟုတ် ပဋိပက္ခအပြီး အခြေအနေများတွင် အသုံးများသည်။ အခြေခံအချက်အလက်များ မရှိခြင်း၊ (အဖွဲ့အစည်းမှတ်တမ်း သိမ်းဆည်းသည့်စနစ်မရှိသည့်အခါ) ဝန်ထမ်းအလုပ်ထွက်မှုကြောင့် အချက်အလက်ကောက်ယူရာတွင် ကန့်သတ်ချက်များရှိခြင်းနှင့် လုံခြုံရေးကိစ္စရပ်များကြောင့် အင်တာဗျူးများနှင့် စစ်တမ်းများလုပ်ဆောင်ရန် ခက်ခဲခြင်းစသည့် ရှုပ်ထွေးသော အကဲဖြတ်ခြင်းများလုပ်ဆောင်ရန် အဟန့်အတားများ ရှိကောင်းရှိနိုင်သည့် အကြပ်အတည်းအချိန်များတွင်လည်း ယင်းတို့ကိုအသုံးပြုနိုင်သည်။

၎င်းတို့လုပ်ဆောင်သည့်အချိန်အားဖြင့်လည်း အကဲဖြတ်ခြင်းများကို အဓိပ္ပာယ်ဖွင့်ဆိုရန် အရေးကြီးသည်။ [၅၇]

- √ ***ရှေးရှုအကဲဖြတ်ခြင်း*** သည် မူဝါဒများ၊ စီမံကိန်းများနှင့် မဟာဗျူဟာများစသည့် အစပျိုးမှုများနှင့် ထောက်ပံ့မှုအသစ်များ၏ အနာဂတ်အကျိုးသက်ရောက်နိုင်ခြေများကို ရှေးရှုသော ဆန်းစစ်လေ့လာမှုတစ်ခုဖြစ်သည်။ ယင်းကို အစပျိုးလုပ်ဆောင်မှုတစ်ခု အကောင်အထည်မဖော်မီ လုပ်ဆောင်သည်။

- √ ***ကြားဖြတ်အကဲဖြတ်ခြင်း***ကို အစပျိုးလုပ်ဆောင်မှုတစ်ခု အကောင်အထည်ဖော်သော ကြားကာလအချိန်တွင် လုပ်ဆောင်သောကြောင့် ပုံစံကျသည့် သဘောသဘာဝရှိသည်။

- √ ***ပုံစံတကျအကဲဖြတ်ခြင်း*** သည် လုပ်ဆောင်ချက်များကို တိုးတက်စေရန်ရည်ရွယ်ပြီး၊ စီမံချက်များ သို့မဟုတ် စီမံကိန်းအဆင့်များ၏ အကောင်အထည်ဖော်သည့်အဆင့်များ အတောအတွင်း အများဆုံးလုပ်ဆောင်ကြသည်။

- √ ***အဆုံးသတ် သို့မဟုတ် အဆုံး အကဲဖြတ်ခြင်း*** ကို စီမံချက်များ သို့မဟုတ် စီမံချက်များ၏ အကောင်အထည်ဖော်သည့်အဆင့်ပြီးဆုံးခါနီးတွင် လုပ်ဆောင်သောကြောင့် ပေါင်းရုံးအကဲဖြတ်ခြင်းတစ်ခု၏ ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်သည်။

- √ ***ပေါင်းရုံးအကဲဖြတ်ခြင်း*** သည် ကြိုတင်မျှော်မှန်းထားသော ရလဒ်များကို မည်သည့်အတိုင်းအတာထိ လုပ်ဆောင်နိုင်ကြောင်း သတ်မှတ်ရန် အစပျိုးလုပ်ဆောင်မှုတစ်ခု၏အဆုံးတွင် (သို့မဟုတ် အစပျိုးလုပ်ဆောင်မှု၏ အဆင့်တစ်ခုတွင်) ပြုလုပ်သည်။ ယင်းကို စီမံကိန်းတစ်ခု၏ အသုံးဝင်မှုအကြောင်း သတင်းအချက်အလက်များကို ပံ့ပိုးပေးရန် ရည်ရွယ်သည်။

- √ ***ပြီးဆုံးချိန်အကဲဖြတ်ခြင်း*** သည် အစပျိုးလုပ်ဆောင်မှုတစ်ခု ပြီးမြောက်သွားပြီးနောက်ပြုလုပ်သော ပေါင်းရုံးအကဲဖြတ်ခြင်း အမျိုးအစားတစ်ခုဖြစ်သည်။ များသောအားဖြင့် ပြီးဆုံးပြီးနောက် နှစ်နှစ် သို့မဟုတ် နှစ်နှစ်နှင့်အထက်နှစ်များတွင် ပြုလုပ်လေ့ရှိသည်။ ရည်ရွယ်ချက်မှာ အစပျိုးစီမံကိန်း သို့မဟုတ် စီမံချက်သည် ယင်း၏ရည်ရွယ်ချက်ကို မည်မျှလောက်ထိ ကောင်းစွာပြည့်မီစေသည်ကို လေ့လာရန်၊ ရလဒ်များနှင့် သက်ရောက်မှုများ၏ ရေရှည်တည်တံ့နိုင်စွမ်းကို ဆန်းစစ်လေ့လာရန်နှင့် အနာဂတ်တွင် အလားတူအစပျိုးလုပ်ဆောင်မှုများအတွက် နိဂုံးချုပ်ကောက်ချက်များချရန်ဖြစ်သည်။

## *အချက်အလက်ကောက်ယူသည့်နည်းလမ်းများ* [၅၈]

အချက်အလက်များကို ကောက်ယူနိုင်ပြီး၊ ကောက်ယူသည့်နည်းလမ်းများကိုလည်း အောက်ပါတို့ဖြင့်သတ်မှတ်သည်- အကဲဖြတ်မေးခွန်းများကိုဖြေရှင်းရန် လိုအပ်သည့်အထောက်အထားများ၊ အချက်အလက်များကို အဓိပ္ပာယ်ရှိသော တွေ့ရှိချက်များအဖြစ် ဘာသာပြန်ရာတွင်အသုံးပြုမည့် သရုပ်ခွဲလေ့လာမှု၊ ပေးထားသောအချိန်နှင့် အရင်းအမြစ်ကန့်သတ်ချက်များကြား မည်သည့်အချက်အလက်က အသုံးဝင်သည်ဟူသော အဆုံးအဖြတ်ကိုပေးသည်။ အကဲဖြတ်ခြင်းအများစုသည် စီမံကိန်း သို့မဟုတ် စီမံချက်အကောင်အထည်ဖော်သည့် စက်ဝန်းအတောအတွင်း စောင့်ကြည့်လေ့လာမှုများမှတစ်ဆင့် ထွက်ပေါ်လာသော အချက်အလက်များ (လုပ်ဆောင်မှုညွှန်ကိန်းများ)ပေါ်တွင် ကောက်ချက်ချထားခြင်းဖြစ်သည်။ လုပ်ဆောင်မှုညွှန်ကိန်းများသည် ဖွံ့ဖြိုးရေးအခြေအနေများ (ရလဒ်များ)၊ ထုတ်လုပ်မှု၊ သို့မဟုတ် ဖွံ့ဖြိုးရေးအစပျိုးလုပ်ဆောင်မှုတစ်ခုနှင့် ချိတ်ဆက်ထားသော ရလဒ်များနှင့် ဝန်ဆောင်မှုများ (ထွက်ကုန်)များပေးရာတွင်ရှိသော အပြောင်းအလဲများကို မှတ်တမ်းတင်ရန်အတွက် ရိုးရှင်း၍စိတ်ချရသော နည်းလမ်းတစ်ခုပင်ဖြစ်သည်။ အောက်ပါ အဓိကအချက်အလက်အမျိုးအစားနှစ်ခုကို ဖော်ထုတ်သတ်မှတ်ရန်လည်း အရေးကြီးသည်။

---

[၅၇] Ibid

[၅၈] နောက်ဆက်တွဲ ၁ - အကဲဖြတ်ခြင်းလုပ်ဆောင်နေစဉ် အချက်အလက်စုဆောင်းရာတွင် အသုံးပြုသည့် အဓိကနည်းလမ်းများအကျဉ်းချုပ်။

၁။ ***မူရင်းအချက်အလက်များ*** - မူရင်းအချက်အလက်တွင် ပါဝင်သက်ဆိုင်သူများ၏ အစပျိုးလုပ်ဆောင်မှုနှင့်အတူ ရရှိလာသည့် လက်ဦးအတွေ့အကြုံများအကြောင်း ၎င်းတို့ထံမှ အကဲဖြတ်သူများက တိုက်ရိုက်လေ့လာသော သို့မဟုတ် ကောက်ယူသော သတင်းအချက်အလက်များပါဝင်သည်။ ဤအချက်အလက်တွင် မေးခွန်းများ၊ စစ်တမ်းကောက်ယူမှုများ၊ အင်တာဗျူးများ၊ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှုများ၊ အဓိကသတင်းပေးသူများ၊ ကျွမ်းကျင်သူများနှင့် စကားဝိုင်းဖွဲ့ဆွေးနွေးမှုများ၊ တိုက်ရိုက်လေ့လာမှုများနှင့် ကိစ္စရပ်အထူးပြုလေ့လာမှုများကြောင့် ရရှိလာသော ပါဝင်သက်ဆိုင်သူများ၏ အစီရင်ခံ၍ရရှိသော သို့မဟုတ် လေ့လာထားသော တန်ဖိုးများ၊ ယုံကြည်မှုများ၊ သဘောထားများ၊ အမြင်များ၊ အမူအကျင့်များ၊ စိတ်အားထက်သန်မှုများနှင့် အသိပညာများပါဝင်သည်။ အဆိုပါနည်းလမ်းများသည် ပိုမိုအသေးစိတ်သော ရှာဖွေလေ့လာမှုကို ခွင့်ပြုပေးပြီး၊ (ရည်ရွယ်၍ ရလာသော၊ မရည်ရွယ်ဘဲရလာသော) ရလဒ်များနှင့်ထွက်ကုန်များရှိ လေ့လာ၍သိလာသည့် အပြောင်းအလဲများနှင့် ယင်းတို့အတွက် လုပ်ငန်းပိုင်းဆိုင်ရာအခြေအနေကို ဖြည့်ဆည်းပေးမည့်အချက်များအား ပို၍နက်နဲစွာ နားလည်သဘောပေါက်စေနိုင်သော သတင်းအချက်အလက်များပေးသည်။

၂။ ***တစ်ဆင့်ခံအချက်အလက်များ*** - ဤအရာသည် တစ်ဆင့်ခံရင်းမြစ်တစ်ခုမှ ကောက်ယူပြီး စုစည်းထုတ်ဝေထားသော အချက်အလက်ဖြစ်သည်။ တစ်ဆင့်ခံအချက်အလက်သည် ပုံစံများစွာဖြင့်ရှိနိုင်သော်လည်း အကဲဖြတ်ခြင်းဆိုင်ရာဦးတည်ချက်များအတွက် တိုက်ရိုက်သက်ဆိုင်မှုရှိသော စာရွက်စာတမ်းသက်သေပါဝင်လေ့ရှိသည်။ ထွက်ကုန်များနှင့်ရလဒ်များ တိုင်းတာရာတွင် လုပ်ငန်းတိုးတက်မှုကိုဆန်းစစ်ရန်အတွက် စီမံချက် သို့မဟုတ် စီမံကိန်းတွင် အခြေခံညွှန်ကိန်းများနှင့် ဦးတည်ချက်များမရှိသည့်အခါ စာရွက်စာတမ်းသက်သေသည် အထူးအသုံးဝင်သည်။ ရွေးချယ်လိုသည့် နည်းလမ်းမဟုတ်သော်လည်း အချက်အလက်များနှင့် ဦးတည်ချက်များကို အခြေခံအဖြစ်ပြန်လည်ဖန်တီးလိုသောအခါ တစ်ဆင့်ခံအချက်အလက်များကို အသုံးပြုနိုင်သည်။ တစ်ဆင့်ခံ သတင်းအချက်အလက်များသည် မူလနည်းလမ်းများဖြင့် ကောက်ယူခဲ့သောအချက်အလက်များကို ပြည့်စုံစေပြီး၊ ဖြည့်စွက်ပေးသော်လည်း မူလရင်းမြစ်များထံမှ ကောက်ယူခဲ့သော အချက်အလက်များကို အစားမထိုးနိုင်ပေ။

## *အကဲဖြတ်နည်းလမ်းတစ်ခုကို ရွေးချယ်ခြင်း*

အကဲဖြတ်ခြင်းနည်းလမ်းတစ်ခုကို ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်အလုံးစုံမှာ အဓိကဆုံးဖြတ်ချက်ချသူများထံမှ အသုံးအဝင်ဆုံး သတင်းအချက်အလက်များကို စရိတ်အသက်သာဆုံးနှင့် လက်တွေ့အကျဆုံးနည်းဖြင့် ရရှိရန်ဖြစ်သည်။ သို့ဖြစ်သောကြောင့် အောက်ပါမေးခွန်းများကို ထည့်သွင်းစဉ်းစားသင့်သည် -

၁။ ထုတ်ကုန်တစ်ခု သို့မဟုတ် စီမံကိန်းနှင့်ဆိုင်သော လက်ရှိဆုံးဖြတ်ချက်များကိုချမှတ်ရန် မည်သည့်သတင်းအချက်အလက်များကို လိုအပ်သနည်း။

၂။ အဆိုပါသတင်းအချက်အလက်ကို ဥပမာ - မေးခွန်းများ၊ စစ်တမ်းများနှင့် ဆောင်ရွက်ရန်စာရင်းများကို အသုံးပြုခြင်းဖြင့် စရိတ်သက်သာ၍ လက်တွေ့ကျကျ မည်မျှကောက်ယူနိုင်ပြီး သရုပ်ခွဲလေ့လာနိုင်သနည်း။

၃။ သတင်းအချက်အလက်များသည် မည်မျှမှန်ကန်တိကျမှု ရှိနိုင်မည်နည်း။

၄။ အဆိုပါနည်းလမ်းများသည် လိုအပ်သော သတင်းအချက်အလက်အားလုံးကို ရနိုင်စေသလား။

၅။ ထပ်ဆောင်းသတင်းအချက်အလက်များကို လိုအပ်ပါက မည်သည့်အပိုဆောင်းနည်းလမ်းများကို အသုံးပြုသင့်သနည်း၊ အသုံးပြုနိုင်သနည်း။

၆။ ဆုံးဖြတ်ချက်ချသူများ (ဥပမာ - ရန်ပုံငွေထောက်ပံ့သူများ သို့မဟုတ် ထိပ်ပိုင်းစီမံခန့်ခွဲရေး)အတွက် သတင်းအချက်အလက်များသည် ယုံကြည်စိတ်ချရပုံပေါ်သလား။

၇။ ရည်ရွယ်ရာပရိသတ်၏ သဘောသဘာဝသည် အဆိုပါနည်းလမ်းများအပေါ် သဘောထားကိုက်ညီမှုရှိနိုင်သလား (ဥပမာ- ၎င်းတို့သည် မေးခွန်းများကို ဂရုတစိုက်ဖြည့်စွက်မည်လား၊ အင်တာဗျူးများနှင့် ဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ပါဝင်နိုင်သလား၊ ၎င်းတို့၏ စာရွက်စာတမ်းများကို သင့်အားစစ်ဆေးခွင့်ပြုနိုင်သလား အစရှိသည်)

၈။ ယခုအခါ နည်းလမ်းများကို မည်သူမှစီမံမည်နည်း သို့မဟုတ် ထိုအခြင်းအရာအတွက် သင်တန်းလိုအပ်သလား။

၉။ သတင်းအချက်အလက်များကို မည်သို့သရုပ်ခွဲလေ့လာနိုင်သနည်း။

အကဲဖြတ်သူသည် နည်းလမ်းများကို ပေါင်းစပ်အသုံးပြုနိုင်သည်။ ဥပမာ - သတင်းအချက်အလက်များစွာကို ကောက်ယူရန်အတွက် မေးခွန်းစာစောင်နှင့် အချို့သော ပါဝင်သက်ဆိုင်သူများထံမှ ပိုမိုအသေးစိတ်သော သတင်းအချက်အလက်များကိုရယူရန် အင်တာဗျူး များဖြင့် နောက်ဆက်တွဲမေးမြန်းခြင်းမျိုးဖြစ်သည်။ အချို့သော အခြေအနေများတွင် ကိစ္စရပ်အထူးပြုလေ့လာမှုများသည် ထူးခြား ထင်ရှားသောဖြစ်ရပ်များကို အသေးစိတ်လေ့လာရန် အသုံးပြုနိုင်သည်။ ဥပမာ တစ်ခုသောစီမံကိန်းမှ အကျိုးခံစားခွင့်ရသော သို့မ ဟုတ် မရသောလူများအကြောင်း။ ထို့အပြင် ပါဝင်သက်ဆိုင်သူများထံမှ စုဆောင်းရရှိသော သတင်းအချက်အလက်များအား အကဲ ဖြတ်ခြင်းဆိုင်ရာ အဆင့်လေးဆင့်ရှိရာ အောက်ပါတို့ပါဝင်သည်။

√ တုံ့ပြန်မှုများနှင့် ခံစားချက်များ (ခံစားချက်များသည် သက်ရောက်မှုကြာရှည်ခံစေရန် သင့်ဝန်ဆောင်မှု၏ အားနည်းသော ညွှန်ကိန်းများဖြစ်သည်။)

√ သင်ယူလေ့လာခြင်း (သဘောထားများ၊ ရှုထောင့်အမြင်များ သို့မဟုတ် အသိပညာကို တိုးမြင့်စေသည်)

√ ကျွမ်းကျင်မှုအပြောင်းအလဲ (အမူအကျင့်ကောင်းမွန်စေရန်အတွက် သင်ယူလေ့လာမှုများကို လက်တွေ့အသုံးချခြင်းဖြစ်သည်)

√ ထိရောက်မှု (ကောင်းမွန်လာသော အမူအကျင့်များကြောင့် လုပ်ဆောင်မှုများတိုးတက်လာသည်)

များသောအားဖြင့် အကဲဖြတ်မှုတစ်ခု ပို၍အသေးစိတ်လာလေလေ၊ ပို၍ထိရောက်မှုရှိလာလေလေ ဖြစ်သည်။

## *သတင်းအချက်အလက်များကို သရုပ်ခွဲလေ့လာခြင်းနှင့် ဘာသာပြန်ခြင်း*

အချက်အလက်သရုပ်ခွဲလေ့လာမှုသည် အကဲဖြတ်မေးခွန်းများကိုတုံ့ပြန်ပြီး အကဲဖြတ်ခြင်းရည်ရွယ်ချက်ကိုပြည့်မီစေသည့် အသုံးဝင် သော သတင်းအချက်အလက်များကို ထုတ်ယူရန်အတွက်နှင့် အခြားသင့်လျော်ရာ သတင်းအချက်အလက်များနှင့် ရလဒ်နှိုင်းယှဉ်ခြင်း နှင့် ကောက်ယူခဲ့သော သတင်းအချက်အလက်များကို စုစည်းခြင်း၊ အမျိုးအစားခွဲခြင်း၊ ဇယားတွင်ထည့်သွင်းခြင်း၊ အနှစ်ချုပ်ခြင်းတို့ ပါဝင်သော စနစ်ကျသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ၎င်းသည် အချက်အလက်များကို စနစ်တကျ ကောက်နုတ်ခြင်း၊ မှန်ကန်တိကျ စေခြင်း၊ စာရင်းအင်းဆိုင်ရာ စိစစ်မှုများပြုလုပ်ခြင်းနှင့် အချက်အလက်များကို သရုပ်ခွဲလေ့လာမှုဆိုင်ရာ အသုံးပြု၍ရသောပုံစံများ သို့မဟုတ် ဌာနများအဖြစ် ဘာသာပြန်ခြင်း စသည်တို့ပြုလုပ်ခြင်းအားဖြင့် သက်သေသာဓကပြည့်စုံသော အစုတစ်ခုမှ အချက်အလက် ဖော်ထုတ်ခြင်း လုပ်ငန်းစဉ်ဖြစ်သည်။ အချက်အလက်သရုပ်ခွဲလေ့လာမှုသည် အရေးကြီးတွေ့ရှိချက်များကို သီးခြားခွဲထားခြင်း(စိစစ်မှု) အားဖြင့် သို့မဟုတ် ပိုမိုနားလည်မှုရရှိစေရန် ရရှိသတင်းရင်းမြစ်များကို ပေါင်းစည်းခြင်း (ပေါင်းစပ်မှု)အားဖြင့် စံပုံစံများကိုသိရှိရန် ရှာဖွေခြင်းဖြစ်သည်။ နည်းလမ်းများရောစွ၍အကဲဖြတ်ခြင်းတွင် တူညီသောပုံစံကို စစ်ဆေးရန်အတွက် သက်သေသာဓက တစ်ခုချင်းစီ အား သီးခြားစိစစ်ရန်နှင့် ရင်းမြစ်အားလုံးကို ပေါင်းစည်းရန် လိုအပ်သည်။



ကောက်ယူခဲ့သောအချက်အလက်အားလုံးကို သဘောပေါက်စေရန် အဖွဲ့အစည်းတစ်ခုအားကူညီနိုင်သည့် အချို့သော အခြေခံ အဆင့်များရှိသည်။ ၎င်းတို့မှာ -

၁။ **အကဲဖြတ်ခြင်းရည်ရွယ်ချက်နှင့် အမြဲစတင်ပါ။**

- (မေးခွန်းစာစောင်များ၊ အင်တာဗျူးများ၊ ဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှုများမှ) အချက်အလက်များကို သရုပ်ခွဲလေ့လာသောအခါတွင် အကဲဖြတ်ခြင်းရည်ရွယ်ချက်များကို ပြန်လည်ဆန်းစစ်ခြင်းဖြင့်စတင်ပါ။ အချက်အလက်ကို စုစည်းရန်နှင့် သရုပ်ခွဲလေ့လာမှုကို အာရုံစိုက်ရန် ဤသည်က ကူညီမည်ဖြစ်သည်။

၂။ **အရေအတွက်ပြ သတင်းအချက်အလက်များဆိုင်ရာ အခြေခံသရုပ်ခွဲလေ့လာမှု**

- သတင်းအချက်အလက်များကို ဇယားတွင်ထည့်သွင်းခြင်း၊ ဥပမာ- အဆင့်သတ်မှတ်သည့်၊ အဆင့်ခွဲသည့် ကိန်းဂဏန်းများပေါင်းထည့်ခြင်း၊ မေးခွန်းတစ်ချင်းစီအတွက် 'ဟုတ်သည်'၊ 'မဟုတ်ပါ' များထည့်ခြင်း။
- အဆင့်များနှင့် အဆင့်သတ်မှတ်ချက်များအတွက် မေးခွန်းတစ်ခုချင်းစီ၏ ပျမ်းမျှတန်ဖိုးတွက်ခြင်းကို စဉ်းစားကြည့်ပါ။ ဥပမာအားဖြင့် - 'မေးခွန်းနံပါတ် ၁ အတွက် ပျမ်းမျှအဆင့်မှာ ၂.၄ ဖြစ်သည်'။ ဤသည်က ဥပမာအားဖြင့် - တုံ့ပြန်ဖြေဆိုသူအရေအတွက် မည်မျှသည် ၁၊ ၂ သို့မဟုတ် ၃ အဆင့်ရသည်ဟု ဖော်ပြခြင်းထက် ပို၍အဓိပ္ပာယ်ရှိသည်။

၃။ **အရည်အသွေးပြ သတင်းအချက်အလက်များဆိုင်ရာ အခြေခံသရုပ်ခွဲလေ့လာမှု**

- အချက်အလက်အားလုံးကို ဖတ်ကြည့်ပါ။
- ထင်မြင်ချက်များကို တူညီသောအမျိုးအစားအလိုက် စုစည်းလိုက်ပါ။ ဥပမာ - အလေးထားစရာကိစ္စများ၊ အကြံပေးချက်များ၊ အားသာချက်များ၊ အားနည်းချက်များ၊ ဘုံအတွေ့အကြုံများ၊ စီမံကိန်းသွင်းအားစုများ၊ ထောက်ခံအကြံပြုချက်များ၊ ထွက်ကုန်များ၊ ရလဒ်ညွှန်ကိန်းများ စသည်တို့ဖြစ်သည်။
- အမျိုးအစားများ သို့မဟုတ် အကြောင်းအရာများကို အမည်တပ်ပါ၊ ဥပမာ - အလေးထားစရာကိစ္စများ၊ အကြံပေးချက်များ၊ အစရှိသဖြင့်။
- အကြောင်းအရာများအတွင်းရှိ ပုံစံများ သို့မဟုတ် ဆက်စပ်မှုများနှင့် ပုံမှန်ရင်းနှီးဆက်သွယ်မှုများကို ဖော်ထုတ်ရန် အားထုတ်ပါ (ဥပမာ - ပရိဂရမ်သို့ ညနေပိုင်းတွင် တက်ရောက်သော လူအားလုံးတွင် တူညီသောအလေးထားစရာကိစ္စရပ်များရှိသည်၊ လူအများစုသည် တူညီသောနေရာဒေသမှ လာကြသည်၊ လူအများစုသည် တူညီသော လစာသတ်မှတ်ချက်အတွင်းရှိကြသည်၊ ပရိဂရမ်အတောအတွင်း သင်တန်းသားများသည် မည်သည့်လုပ်ငန်းစဉ်များ သို့မဟုတ် ဖြစ်ရပ်များကို တွေ့ကြုံခံစားကြရသည်၊ အစရှိသဖြင့်။
- အနာဂတ်တွင် ရည်ညွှန်းကိုးကားအသုံးပြုရန် လိုအပ်လာနိုင်သည့်အတွက် ထင်မြင်ချက်များအားလုံးကို နှစ်ပေါင်းများစွာကြာသည်အထိ သိမ်းဆည်းထားပါ။

## *သတင်းအချက်အလက်များ/တွေ့ရှိချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း*

သတင်းအချက်အလက်များ/တွေ့ရှိချက်များကို ဘာသာပြန်ခြင်းသည် အကဲဖြတ်ရလဒ်များအား အနက်အဓိပ္ပာယ်ဖွင့်ပေးသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ဘာသာပြန်ခြင်းသည် တွေ့ရှိချက်များ မည်သည့်အဓိပ္ပာယ်ရှိနေသည်ကို ရှာဖွေဖော်ထုတ်ပြီး၊ စုဆောင်းရရှိလာသည့် သာဓကများနှင့် ယင်းတို့၏ လက်တွေ့အသုံးချမှုကို အဓိပ္ပာယ်နားလည်အောင်ပြုလုပ်ရသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ၎င်းသည် အချက်များ၊ အခိုင်အမာပြောဆိုမှုများ၊ ထင်မြင်ချက်များနှင့် စာရွက်စာတမ်းများမှရရှိလာသော သတင်းအချက်အလက်များဆိုင်ရာ အနှစ်ချုပ်နှင့်/သို့မဟုတ် ပေါင်းစည်းမှုတစ်ခုကို ဖန်တီးပေးသည်။ ထို့ထက် ပို၍အရေးကြီးသောလုပ်ဆောင်မှုမှာ ရလဒ်များအကြောင်း အဆိုပါတွေ့ရှိချက်များကို ကောက်ချက်များအဖြစ် ပြောင်းလဲပေးခြင်းပင်ဖြစ်သည်။ ထိုကောက်ချက်များကို အခြေခံ၍ အနာဂတ်လုပ်ဆောင်ချက်များအတွက် အကြံပြုချက်များပေးနိုင်သည်။

## *ကောက်ချက်ချခြင်း*

ကောက်ချက်ချခြင်းဆိုသည်မှာ အကဲဖြတ်ရလဒ်များကို ပေါင်းစည်းထားသည့်ပေါ်မူတည်၍ ကျိုးကြောင်းဆီလျော်သော ဆုံးဖြတ်ချက်တစ်ခု ဖြစ်သည်။ ကောက်ချက်များသည် တွေ့ရှိချက်များမဟုတ်ပေ။ ယင်းတို့သည် တွေ့ရှိချက်များ၏ အဓိပ္ပာယ်ဖော်ဆောင်ပေးသည့် ဘာသာပြန်ဆိုချက်များပင်ဖြစ်သည်။ တွေ့ရှိချက်များကို အနှစ်ချုပ်ရန်အသုံးပြုသည့် သရုပ်ခွဲမှုနှင့် ပေါင်းစည်းမှုနည်းလမ်းများကို အခြေခံ၍ သက်သေ-သာဓကနှင့် တိုက်ရိုက်ချိတ်ဆက်ထားပြီး ရှင်းပြချက်ပေးနိုင်သည့်အခါတွင် ကောက်ချက်များသည် ကျိုးကြောင်း

ညီညွတ်ပြီး အများယုံကြည်လက်ခံနိုင်မှုရှိသည်။ ကောက်ချက်ချမှုများတွင် ထည့်သွင်းစဉ်းစားသင့်အချက်များမှာ-

√ ရလဒ်များကို နှိုင်းယှဉ်ရန်အတွက် အခြားနည်းလမ်းများကို ထည့်သွင်းစဉ်းစားပါ (ဉပမာ - စီမံကိန်းရည်မှန်းချက်များ၊ နှိုင်းယှဉ်အုပ်စု၊ အမျိုးသားရေးဓလေ့ထုံးတမ်းများ၊ ယခင်လုပ်ဆောင်မှုများ သို့မဟုတ် လိုအပ်ချက်များနှင့် နှိုင်းယှဉ်ကြည့်ပါ)

√ တွေ့ရှိချက်များအတွက် နောက်တစ်နည်းဖြင့် ရှင်းလင်းချက်များကို ထုတ်ဖော်ပြီး အဆိုပါရှင်းလင်းချက်များ အဘယ်ကြောင့် တန်ဖိုးလျော့ကြောင်း ဖော်ပြပါ။

√ ကောက်ချက်များနှင့် ကိုက်ညီမှုရှိသော လုပ်ဆောင်ချက်များ သို့မဟုတ် ဆုံးဖြတ်ချက်များ အကြံပြုရန်အတွက် အခြေခံတစ်ခု ဖော်ဆောင်ပါ။

√ တွေ့ရှိချက်များကို အသုံးချနိုင်သော အခြေအနေများ၊ အချိန်ကာလများ၊ လူများ၊ အနေအထားများနှင့် ဦးတည်ချက်များအတွင်း ကန့်သတ်ထားပါ။



## *အကြံပြုချက်များပေးခြင်း*

အကြံပြုချက်များသည် အကဲဖြတ်မှုကို အသုံးပြုသူများအား ဦးတည်သောလုပ်ဆောင်ချက်အတွက် အထောက်အထားအခြေပြုသော အဆိုပြုချက်များပင်ဖြစ်ပြီး ကောက်နုတ်ချက်များအပေါ်တွင် အခြေခံသင့်သည်။ သို့သော် အကြံပြုချက်များပေးခြင်းသည် ကောက်ချက်များဖြစ်လာစေရန် လိုအပ်သော သတင်းအချက်အလက်များထက် ကျော်လွန်တောင်းဆိုသည့် အကဲဖြတ်ခြင်း၏ ထင်ရှားသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အကြံပြုချက်များကို ဖော်ထုတ်ရေးဆွဲရာတွင် ထိရောက်သော အခြားနည်းလမ်းများ၊ မူဝါဒ၊ ရန်ပုံငွေဆိုင်ရာဦးစားပေးများ အစရှိသည်တို့ကို ပိုမိုကျယ်ပြန့်သော နယ်ပယ်အတွင်း ချိန်ဆခြင်းတို့ပါဝင်သည်။ ၎င်းသည် အထူးသဖြင့် အစပျိုးလုပ်ဆောင်မှုကို ဆောင်ရွက်မည့်အခြေအနေတွင် မူဝါဒနှင့် စီမံကိန်းဆိုင်ရာဆုံးဖြတ်ချက်များချမည့် အဖွဲ့အစည်းအခြေအနေနှင့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေအကြောင်း စသည်တို့နှင့် ဆက်စပ်နေသော စေ့စေ့စပ်စပ်ရှိသည့် အသိပညာလိုအပ်သည်။ အကြံပြုချက်များအား စီမံခန့်ခွဲမှုဆိုင်ရာတုံ့ပြန်မှု၏ တိုးတက်မှုကို ပံ့ပိုးကူညီပေးမည့် နည်းလမ်းတစ်ခုအဖြစ်ဖော်ထုတ်သင့်သည်။ အကြံပြုချက်များသည် လက်တွေ့ကျပြီး အဖွဲ့အစည်း၏လုပ်ပိုင်ခွင့်/ရည်မှန်းချက်ပန်းတိုင်အပေါ် နားလည်သဘောပေါက်မှုကို ထင်ဟပ်နေရမည်။ ထို့အပြင် အကြံပြုချက်တစ်ခုချင်းစီသည် ယင်း၏ဦးတည်အုပ်စုကို ရှင်းလင်းစွာဖော်ထုတ်သင့်ပြီး၊ အကြံပြုသည့် လုပ်ဆောင်ချက်နှင့် အကြောင်းပြချက်ကိုလည်း ရှင်းရှင်းလင်းလင်းဖော်ပြသင့်သည်။

## *သင်ခန်းစာများ*

အကဲဖြတ်မှုတစ်ခုမှ သင်ယူခဲ့ရသော သင်ခန်းစာများတွင် အခြားသောအခြေအနေများတွင်လည်း အသုံးပြုနိုင်ပြီး အသုံးဝင်သော အသိပညာအသစ်များ ပါဝင်သည်။ မကြာခဏဆိုသလိုပင် သင်ခန်းစာများသည် လုပ်ဆောင်မှု၊ ရလဒ်နှင့်သက်ရောက်မှုများကို အကျိုးသက်ရောက်စေသည့် အကောင်အထည်ဖော်မှု၊ ဒီဇိုင်း၊ ကြိုတင်ပြဆင်မှုစသည်တို့တွင် အားနည်းချက် သို့မဟုတ် အားသာချက်များကို မီးမောင်းထိုးပြသည်။

# နောက်ဆက်တွဲများ

# နည်းကိရိယာများ (Tools) နှင့် အရင်းအမြစ်များ

## (က) လိုအပ်ချက်ဆန်းစစ်လေ့လာမှုဆိုင်ရာ ကိစ္စရပ်လေ့လာမှုများ

### *ဘာကီနာဖာဆို*

| | |
|---|---|
| စီမံချက်အမည် - | ဘာကီနာဖာဆိုတွင် ဒီမိုကရေစီဖွံ့ဖြိုးရေးထောက်ပံ့ပေးခြင်း |
| အချိန်ကာလ - | ၂၀၁၆- ၂၀၁၉ (ဆောင်ရွက်ဆဲ) |
| အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့ - | ပါလီမန်စင်တာ (ကနေဒါ) |
| ရန်ပုံငွေပံ့ပိုးသူ - | ကမ္ဘာ့ရေးရာကနေဒါအဖွဲ့ (GAC) |

### အကြောင်းအရာ

၂၀၁၄ အုံကြွမှုများက အစိုးရဖြုတ်ချမှုဖြစ်ပေါ်စေခဲ့သည်။ အကူးအပြောင်းကာလအပြီး အောင်မြင်သော ၂၀၁၅ နိုဝင်ဘာ ရွေးကောက်ပွဲက လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာနှင့် ပွင့်လင်းမြင်သာမှုရှိစာဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်တိုးမြှင့်ရန် ရည်ရွယ်ပြီး အမျိုးသားလွှတ်တော်သစ်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

### မူလရည်ရွယ်ချက်များ -

၁၂၇ ယောက်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ ၎င်းတို့၏ကိုယ်စားပြုရေး၊ ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးတာဝန်များကို ထိရောက်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ တာဝန်ယူမှုရှိသောပုံစံဖြင့် တာဝန်ထမ်းဆောင်ရာတွင် ကူညီပေးရန်အတွက် ဦးတည်ရာနှင့် ရှုထောင့် မျိုးစုံမှ အထောက်အပံ့ပေးရန်။

လွှတ်တော်ကိုယ်စားလှယ်များ အဆိုပါအခန်းကဏ္ဍများ နှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်နေစဉ်တွင်လည်းကောင်း၊ ကျား/မ ၎င်းတို့၏အလုပ်များ၌ နိုင်ငံသားများနှင့်ချိတ်ဆက်မှုရှိစေရန် နည်းကိရိယာများနှင့်စွမ်းဆောင်ရည်ကို ပံ့ပိုးပေးစဉ်နှင့် ၎င်းတို့၏နေ့စဉ်ဘဝကို သက်ရောက်နေသည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အကြံပေးဆွေးနွေးရာတွင်လည်းကောင်း ကျား/မရေးရာရှုထောင့်ကို ထည့်သွင်းစဉ်းစားလုပ်ဆောင်နိုင်စေရမည် ဖြစ်သည်။

### စီမံချက်မှ ယနေ့အချိန်ထိပံ့ပိုးပေးသော အထောက်အပံ့များ -

- **အမျိုးသားလွှတ်တော်အတွက် လိုအပ်ချက်ဆန်းစစ်လေ့လာမှု**ကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများပါဝင်ဆောင်ရွက်မှုဖြင့် လုပ်ဆောင်ခဲ့ပြီး များစွာသော ပါဝင်သက်ဆိုင်သူများနှင့် မျှဝေခဲ့သည်။ ဤပြည့်စုံကျယ်ပြန့်သော ဆန်းစစ်လေ့လာမှုသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ အထူးလိုအပ်ချက်များကို ပြည့်မီစေရန်အတွက် ဦးတည်ထားသော အထောက်အပံ့ကို ပံ့ပိုးပေးနိုင်ခဲ့သည်။ ယနေ့အချိန်ထိ လိုအပ်ချက်ဆန်းစစ်လေ့လာမှုစာစောင် ၁၁၀ စောင်ရေ မျှဝေခဲ့ပြီး ဖြစ်သည်။

- အမျိုးသားလွှတ်တော်၏ **၄ နှစ်ကြာ မဟာဗျူဟာစီမံချက်** (၂၀၁၆-၂၀၂၀)ကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အားလုံးပါဝင်ဆောင်ရွက်မှုရှိသည့် ရလဒ်အခြေပြုနည်းလမ်းဖြင့် ရေးဆွဲဖော်ထုတ်ခဲ့သည်။ စီမံချက်၏ ထောက်ပံ့ပေးမှုဖြင့် အမျိုးသားလွှတ်တော်တွင် ယခုအခါ ပိုမို၍ထိရောက်ပွင့်လင်းသော အဖွဲ့အစည်းတစ်ခုဖြစ်လာစေရေးအတွက် လုပ်ဆောင်ရမည့် အဆင့်များနှင့် ဦးတည်လိုသည့်လမ်းကြောင်းများအပေါ် ရှင်းလင်းသော အမြင်တစ်ရပ်ရှိနေပြီဖြစ်သည်။ အဆိုပါအမြင်တွင် လွှတ်တော်ရေးရာသုတေသန စွမ်းဆောင်ရည်အားကောင်းစေရေးလည်း ပါဝင်သည်။

| မဟာဗျူဟာကျဦးတည်ချက် 'အဖွဲ့အစည်းစွမ်းဆောင်ရည်ကို အားကောင်းစေခြင်း' |
|---|

⬇

| ရလဒ် 'လွှတ်တော်ကိုယ်စားလှယ်များအတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကူညီပေးသော သုတေသနဝန်ဆောင်မှုများ တိုးတက်မှုသည် ထိရောက်မှုရှိစေခြင်း' |
|---|

⬇

လုပ်ဆောင်ချက်များကို ဖွဲ့စည်းတည်ဆောက်ခြင်း-

- အမျိုးသားလွှတ်တော်၏အုပ်ချုပ်ရေးဖွဲ့စည်းပုံတွင် သုတေသနကို နှစ်မြုပ်လုပ်ဆောင်သော ဌာနတစ်ခုဖွဲ့စည်းရန်
- လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ၏ သုတေသနစွမ်းဆောင်ရည်တိုးမြှင့်ရန်
- မှတ်တမ်းတင်ခြင်းနှင့် မော်ကွန်းတိုက်ကို လိုအပ်သည့်အရာများပံ့ပိုးကာ ပြန်လည်အားကောင်းစေရန်

မဟာဗျူဟာအစီအစဉ်အား အသက်ဝင်စေမည့် **လုပ်ငန်းစီမံချက်** (၂၀၁၇-၂၀၂၀) နှင့် **အထူးစီမံချက်များ**၏ စီစဉ်တင်ဆက်မှုများကို စီမံချက်၏အထောက်အပံ့ဖြင့် ရေးဆွဲပြီးဖြစ်သည်။ လက်ငင်းအကျိုးရလဒ် ၁၆ ခု၊ ရလဒ် ၄၅ ခု နှင့် ဖော်ထုတ်သတ်မှတ်လိုက်သော ၁၈၂ မျိုးသော လုပ်ဆောင်ချက်များနှင့်အတူ ဤရလဒ်အခြေပြုအစီအစဉ်သည် ပုံစံတူကြိုးပမ်းအားထုတ်မှုများကို ရှောင်ရှားရန်နှင့် ပေါင်းစပ်ညှိနှိုင်းမှုပုံစံဖြင့် အမျိုးသားလွှတ်တော်အား ထောက်ကူပေးရန် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းနှင့်မိတ်ဖက်ပြုခြင်းအတွက် ခိုင်မာသောလမ်းကြောင်းများကို ပံ့ပိုးဖန်တီးပေးသည်။ ဤအစီအစဉ်သည် အလှူရှင်အချို့ထံမှ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇.၅ သန်း နီးပါးခန့် ထောက်ပံ့ပေးရန် ကတိကဝတ်များရရှိပြီးဖြစ်သည်။

လုပ်ငန်းစီမံချက်တွင် လွှတ်တော်ရေးရာသုတေသနစွမ်းဆောင်ရည်တိုးမြှင့်ခြင်းကို အာရုံစိုက်သည့် သတ်မှတ်ထားသော လုပ်ဆောင်ချက်များ ပါဝင်သည်။

| ရလဒ်များ | သုတေသနနယ်ပယ်တွင် လွှတ်တော်ရုံးဝန်ထမ်းများ၏ ကျွမ်းကျင်မှုများသည် တိုးမြှင့်လာသည်။ | မော်ကွန်းတိုက် စာအုပ်စုဆောင်းမှုများကို ပြန်လည်ထိန်းသိမ်းသည်။ | ခေတ်မီသောစာကြည့်တိုက်တစ်ခုကို ရရှိဖွင့်လှစ်သည်။ |
|---|---|---|---|
| လုပ်ဆောင်ချက် များ | လွှတ်တော်ဝန်ထမ်းများအတွက် သုတေသနနှင့် အသိပညာစီမံခန့်ခွဲမှု လက်စွဲစာအုပ်တစ်အုပ်ကို ရေးသားပြုစုခြင်း | စုဆောင်းမှုများကို ပြန်လည်ထိန်းသိမ်းရန်အတွက် မူကြမ်းတစ်စောင် ပြင်ဆင်ခြင်း | စာကြည့်တိုက်အား စာရွက်စာတမ်းစီမံခန့်ခွဲမှုဆော့ဖ်ဝဲလ်တစ်ခု ပံ့ပိုးပေးခြင်း |
| | သုတေသနနှင့် စာလုံးကြီးရေးသားခြင်း နည်းကိရိယာများ (Capitalization tools)ကို ရယူခြင်း | မော်ကွန်းတိုက် စာအုပ်စုဆောင်းမှုများပြန်လည်ထိန်းသိမ်းခြင်းအတွက် စီမံချက်အကောင်အထည်ဖော်ခြင်း | အထူးစီစဉ်ထားသော သတင်းစာနှင့် မဂ္ဂဇင်း လစဉ်ကြေးများကို စီစဉ်ဆောင်ရွက်ခြင်း |
| | ပါဝင်သော လွှတ်တော်ရုံးဝန်ထမ်းများအား သင်တန်းပေးခြင်း | | စာကြည့်တိုက်အား ခေတ်မီသော ထောက်ပံ့ရေးပစ္စည်းများဖြင့် ပံ့ပိုးပေးခြင်း |
| | သုတေသနလက်စွဲစာအုပ်ကို အကောင်အထည်ဖော်ခြင်း | | |

## ယခုအထိသင်ယူခဲ့သော သင်ခန်းစာများ

အောင်မြင်မှုရရှိရန်အတွက် အားကောင်းသော အတူတကွပါဝင်လုပ်ဆောင်သည့် နည်းလမ်းတစ်ခု မရှိမဖြစ် လိုအပ်သည်။ လွှတ်တော်သည် မဟာဗျူဟာစီမံချက်ရေးဆွဲခြင်းကို ဦးစီးဦးဆောင်မှုပြုပြီး ကိုယ်ပိုင်ဖြစ်စေရမည်။ စီမံချက်၏အခန်းကဏ္ဍမှာ ဤလုပ်ငန်းစဉ်ကို တွဲဖက်ကူညီရန်သာဖြစ်သည်။

### *ဘော့စနီးယားနှင့် ဟာဇဂိုဗီးနား*

| | |
|---|---|
| စီမံချက်အမည် - | အရှေ့တောင်ဥရောပ လွှတ်တော်ရေးရာစီမံကိန်း |
| အချိန်ကာလ - | ၂၀၀၄-၂၀၀၈ |
| အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့ - | ပါလီမန်စင်တာ (ကနေဒါ) |
| ရန်ပုံငွေပံ့ပိုးသူ - | ကနေဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CIDA) |

## လွှတ်တော်ရေးရာသုတေသနနှင့် သက်ဆိုင်သော အထူးလုပ်ငန်းများ

## ဘော့စနီးယားနှင့်ဟာဇဂိုဗီးနား (BiH) ၏ လွှတ်တော်ရေးရာသုတေသနဌာန ဖွဲ့စည်းတည်ထောင်ရေးတွင် အထောက်အကူပေးမှု

## မူလရည်ရွယ်ချက်များ -

(၁) လွှတ်တော်ကိုကူညီပေးရန် သုတေသနစင်တာ (RC)တစ်ခု ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် လွှတ်တော်ရေးရာကြီးကြပ်မှုတွင် ပါဝင်သော လွှတ်တော်ကော်မတီများကို အကူအညီပေးရန်အတွက် BiH လွှတ်တော်၏စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့်

(၂) လွှတ်တော်ရေးရာကော်မတီများကို ကူညီရာတွင် သုတေသနဌာနတစ်ခုဖွဲ့စည်းတည်ထောင်ခြင်း၏ အရေးကြီးပုံအကြောင်း လွှတ်တော်ကိုယ်စားလှယ်များအကြား အသိမြင့်မားစေရန်

## စီမံချက်မှပံ့ပိုးပေးသော အထောက်အပံ့ -

၁။ **လုပ်ဆောင်ခဲ့သော လိုအပ်ချက်ဆန်းစစ်လေ့လာမှု** - လွှတ်တော်ခေါင်းဆောင်များသည် သုတေသနစွမ်းဆောင်ရည်မရှိခြင်းကို ဖြည့်ဆည်းရမည့် အရေးကြီးကွက်လပ်တစ်ခုအဖြစ် အသိအမှတ်ပြု မှတ်ယူကြသည်။

၂။ **ရေးဆွဲခဲ့သော လုပ်ငန်းစီမံချက်**

၃။ **သုတေသနစင်တာအတွက် ဝန်ထမ်းရွေးချယ်ခန့်အပ်ခြင်း** - လွှတ်တော်အထွေထွေအတွင်းရေးမှူးကို လုပ်ငန်းစဉ်ထဲတွင် ပါဝင်စေလျက် စီမံချက်မှ ကူညီပေးခဲ့သည်။ ကနဦးတွင် ဝန်ထမ်းများနှင့် RC လုပ်ငန်းများကို စီမံချက်မှ ရန်ပုံငွေထောက်ပံ့ပေးခဲ့ပြီး စီမံချက်ပြီးဆုံးပြီးနောက်တွင် နောက်ထပ်ထောက်ပံ့သူမှ လက်လွှဲတာဝန်ယူခဲ့သည်။ အဆုံးသတ်ပန်းတိုင်မှာ လွှတ်တော်တွင် သင့်လျော်ရာဘဏ္ဍာရေးရင်းမြစ်များ ရရှိလာပါက လွှတ်တော်မှ လက်လွှဲတာဝန်ယူရေးဖြစ်သည်။

၄။ **သုတေသနစင်တာအတွက် သင်တန်းနှင့်ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး** - သုတေသနနည်းစနစ်များဆိုင်ရာ ကျယ်ပြန့်သော လုပ်ငန်းခွင်သင်တန်းနှင့် ဝန်ဆောင်မှုအစီအစဉ်ရေးဆွဲခြင်းနှင့် RC မှ ပံ့ပိုးပေးမည့် အထူးတွဲဖက်ဝန်ဆောင်မှုများ ဖော်ထုတ်ခြင်း

၅။ **ရောစပ်ဝန်ဆောင်မှုနှင့် အဖွဲ့အစည်းလုပ်ငန်းစဉ်များအား ပုံမှန်ပြန်လည်ဆန်းစစ်လေ့လာမှုနှင့် ချိန်ညှိမှု**

၆။ **လွှတ်တော်ခေါင်းဆောင်ပိုင်းများနှင့် ကိုယ်စားလှယ်များထံ RC ၏လုပ်ငန်းများအကြောင်း တိုးမြှင့်ခြင်း-** လူထုကြားနာမှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခြင်းနှင့် ကော်မတီ၏စဉ်းစားချိန်ဆသည့် အဆင့်တိုင်း၌ အသေးစိတ် သုတေသနအထောက်အပံ့ပေးခြင်းတွင် ရှေ့ပြေးစီမံချက်လုပ်ဆောင်ခြင်း။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်လုံး၏ ဥပဒေ/ဖွဲ့စည်းပုံအခြေခံဥပဒေကော်မတီမှ အဆင့်မြင့်ပညာရေးခေါင်းစဉ်ဖြင့် ကော်မတီကြားနာမှုများကို နိုင်ငံတွင်း မြို့တော် ၈ မြို့အနှံ့ ကျင်းပခဲ့သည်။ ကော်မတီများအတွက် အကြံပြုချက်များပါဝင်သော အချောသတ် အစီရင်ခံစာမူကြမ်းများရေးသားခြင်း၊ ကျွမ်းကျင်မျက်မြင်သက်သေများကို ထောက်ခံအကြံပြုခြင်း၊ နှိုင်းယှဉ်သရုပ်ခွဲလေ့လာမှုအပါအဝင် ခေါင်းစဉ်နှင့်စပ်လျဉ်းသော အသေးစိတ်စာတမ်းများပြင်ဆင်ခြင်းအားဖြင့် သုတေသနစင်တာသည် ကော်မတီများအား သရုပ်ခွဲလေ့လာမှုကိုအခြေခံသော ထောက်ပံ့မှုပေးခဲ့သည်။

## ခေတ်နှင့်လျော်ညီသောအကြောင်းအရာ - ကျား/မရေးရာ

ကျား/မရေးရာအပေါ် မတူညီသောသက်ရောက်မှုများအတွက် ဥပဒေပြုမှုများကို မည်သို့သရုပ်ခွဲလေ့လာကြောင်းနှင့် စပ်လျဉ်း၍ သုတေသီများမှ သင်တန်းပေးခဲ့သည်။ သုတေသနစင်တာ၏မန်နေဂျာ အမျိုးသမီးမှ စီမံကိန်းရေးဆွဲပုံ၊ ဝန်ဆောင်မှုပေးပုံနှင့် အကောင်အထည်ဖော်ခြင်းတို့အား လမ်းညွှန်မှုပေးခဲ့သည်။

## ရလဒ်များ -

RC နှင့်ထိတွေ့ဆောင်ရွက်သော ဝန်ထမ်းအရည်အသွေးနှင့် ပံ့ပိုးပေးခဲ့သော ပညာရပ်ဆိုင်ရာသင်တန်းအဆင့်များက ရလဒ်များကို ထုတ်ပေးကြောင်း သုတေသနပြုလုပ်ရန် တောင်းဆိုမှုများတိုးတက်လာသည့်အရေအတွက်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ကောင်းစွာလက်ခံသော သုတေသနအစီရင်ခံစာများ၏ အရည်အသွေးများက သက်သေပြနေသည်။

**သင်ယူခဲ့သော သင်ခန်းစာများ**

**ခိုင်မာမြင်သာသောရလဒ်များက လက်ခံမှု နှင့် ရေရှည်တည်တံ့မှုကို သေချာစေခြင်း**
ပါတီအားလုံးမှ ရွေးချယ်ခံ ကိုယ်စားလှယ်များအတွက် သုတေသနစင်တာကို ဖွဲ့စည်းတည်ထောင်ပြီး၊ သင့်လျော်လိုအပ်သော ဝန်ဆောင်မှုများပေးခြင်းကို လွှတ်တော်အတွင်း မြင်သာသောရလဒ်များအဖြစ် သိမြင်ကြသည်။

**သုတေသနဌာနများ၏အလုပ်အတွက် အားကောင်းသောစီမံခန့်ခွဲမှုစနစ်များ အရေးကြီးသည်** - ဖွဲ့စည်းပုံအသစ် စတင်တည်ထောင်ရာတွင် အားကောင်းသောစီမံခန့်ခွဲမှုစနစ်များ လိုအပ်သည်။ အားကောင်းသောစီမံခန့်ခွဲမှုစနစ် တည်ဆောက်ရန် RC တွင် သုတေသီကောင်းတစ်ယောက်သာမက မန်နေဂျာကောင်းတစ်ယောက်ပါဖြစ်သော ခေါင်းဆောင်တစ်ဦး လိုအပ်သည်။

# (ခ) လိုအပ်ချက်ဆန်းစစ်လေ့လာရေး နည်းကိရိယာများ (Needs Assessment Tools)

## နောက်ခံအကြောင်းအရာ ပြန်လည်ဆန်းစစ်ခြင်း (DESK REVIEWS)



ရှိပြီးသားနောက်ခံသတင်းအချက်အလက်များကို ပြန်လည်ဆန်းစစ်ခြင်း။

ဥပမာများ - လွှတ်တော်ရေးရာအလုပ်များကို လွှမ်းမိုးမှုရှိသောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မဟာဗျူဟာစီမံချက်၊ ယခင်ဆန်းစစ်လေ့လာမှု အစီရင်ခံစာများ၊ လွှတ်တော်ကိုထောက်ပံ့မှုပေးသော အခြား စီမံချက်များ၏အစီရင်ခံစာများ၊ လွှတ်တော်ရုံးဝန်ထမ်းများအတွက် ဝန်ထမ်းလက်စွဲစာအုပ်၊ လွှတ်တော်၏အလုပ်များဆိုင်ရာ သတင်းဖော်ပြမှု အစရှိသည်။

နောက်ခံအကြောင်းအရာပြန်လည်ဆန်းစစ်ခြင်းသည် သီးခြားအစည်းအဝေးများနှင့် ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်းစသည့် အခြားနည်းကိရိယာများအား ပိုမိုကောင်းမွန်စွာကြိုတင်ပြင်ဆင်ရန်နှင့် အချိန်နှင့်အရင်းအမြစ်အကန့်အသတ်ကို အကျိုးရှိရှိအသုံးချရာတွင် ကူညီနိုင်သည်။

## သီးသန့်အစည်းအဝေးများ

လွှတ်တော်ခေါင်းဆောင်မှု၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အကြီးတန်းဝန်ထမ်းများအတွက် အကောင်းဆုံးဖြစ်သည်။



| ကောင်းကျိုးများ | ဆိုးကျိုးများ |
|---|---|
| တိုက်ရိုက်ဖြစ်ပြီး ပွင့်လင်းသောဆက်သွယ်မှု- အခြားနည်းလမ်းများနှင့် ရရှိရန်ခက်ခဲသော သို့မဟုတ် မဖြစ်နိုင်သော သတင်းအချက်အလက်များနှင့် အမြင်များကို မျှဝေခြင်း။ | ■ စီစဉ်ရန်ခက်ခဲနိုင်သည်။<br>■ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံရန်အတွက် ပုံမှန်အားဖြင့် အချိန် အကန့်အသတ်ရှိသည်။ |

## မေးခွန်းလွှာများ

အချိန်တိုအတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းအရေအတွက်များများထံမှ အမြင်သဘောထားများရရှိနိုင်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

မှတ်သားထားရမည့် အဓိကအချက်များမှာ -

- ဆန်းစစ်လေ့လာမှုမစတင်ခင် မေးခွန်းများကို ပြင်ဆင်ခြင်း (နောက်ခံအကြောင်းအရာပြန်လည်ဆန်းစစ်သည့်အဆင့်)
- စစ်တမ်းသည် အလွန်ရှည်ကြာခြင်းမဖြစ်ရ
- စစ်တမ်းကိုလက်ခံဖြေဆိုသင့်သည့် လွှတ်တော်ဝန်ထမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး (ပါတီအားလုံး)ကို ဖော်ထုတ်ခြင်း

---

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

- စစ်တမ်းများပြည့်စုံမှုရှိစေရန် လွှတ်တော်၏ အခရာဖြစ်သူ(များ)နှင့် အလုပ်လုပ်ပါ
- လိုအပ်ပါက တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်စုစည်းပြီး စစ်တမ်းပြည့်စုံအောင်ဖြေဆိုရန် ထောက်ကူပေးပါ
- မေးခွန်းများနှင့် တုံ့ပြန်ဖြေဆိုမှုများကို ဇယားဆွဲ၍ ဆန်းစစ်လေ့လာမှုဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများတွင်ထည့်ပါ
- ရလဒ်များထည့်သွင်းပါ



| ကောင်းကျိုးများ | ဆိုးကျိုးများ |
|---|---|
| ဆန်းစစ်လေ့လာမှုကို ထောက်ကူသော အရည်အသွေးပြ အချက်အလက်များ | တုံ့ပြန်ဖြေဆိုမှုများအား နောက်ဆက်တွဲ မေးမြန်းခြင်းများလုပ်ဆောင်ရန် အခွင့်အလမ်းမရှိခြင်း |
| တုံ့ပြန်ဖြေဆိုသူများပြားခြင်း | မေးခွန်းအရေအတွက် အကန့်အသတ်ရှိခြင်း |
| ကြိုတင်ဆက်သွယ်မထားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများထံ ရောက်ရှိနိုင်ခြင်း | ဖြေဆိုသူအားလုံး ရောထွေးပါဝင်ဖြေဆိုရန် ခက်ခဲမှုရှိနိုင်ခြင်း |
| မည်သူဖြေဆိုသည်ကို မသိခြင်း | |

# ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း (FOCUS GROUPS)

တူညီသော ပါဝင်သက်ဆိုင်သူအနည်းငယ်စုစည်း၍ အတူတကွအင်တာဗျူးပြုလုပ်သည်။ (ဥပမာ - လွှတ်တော်ရေးရာ သုတေသနဝန်ထမ်း)

| ကောင်းကျိုးများ | ဆိုးကျိုးများ |
|---|---|
| တွေးခေါ်ပုံတူညီသော ပါဝင်သက်ဆိုင်သူများအကြား နှစ်ဦးနှစ်ဘက်အပြန်အလှန်ပြောဆိုဆွေးနွေးမှုတစ်ခု ဖြစ်စေသည်။ ဥပမာ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၊ သုတေသန ဝန်ထမ်း။ | အချို့ပါဝင်သူများမှာ အမြင်သဘောထားများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးမည်မဟုတ်ပေ။ |
| လျင်မြန်ထိရောက်သော သတင်းအချက်အလက် စုဆောင်းမှု | ပိုမိုရှုပ်ထွေးသော သတင်းအချက်အလက်များကို စုဆောင်းရန် အခွင့်အလမ်းနည်းပါးသည်။ |
| ရောနှောဖွဲ့စည်းထားသည့်နည်းလမ်း (semi-structured approach)အတွက် အကောင်းဆုံးဖြစ်သည်- ဆွေးနွေးမှု/အပြန်အလှန် ပြောဆိုမှုကို ဖြစ်စေသည်။ | နောက်ဆက်တွဲမေးမြန်းခြင်း သို့မဟုတ် သက်သေပြခြင်းတို့အတွက် ပို၍ခက်ခဲသည်။ |

# အရည်အသွေးပြ အချက်အလက် နှင့် အရေအတွက်ပြ အချက်အလက်

| အရည်အသွေးပြ | အရေအတွက်ပြ |
|---|---|
| **ကောင်းကျိုးများ**<br>√ နိုင်ငံရေး အရေးကြီးသော လွှတ်တော်နယ်ပယ်တစ်ခုတွင် မရှိမဖြစ် လိုအပ်သည်<br>√ သိမ်မွေ့သောကွဲပြားမှုများကို ထင်ဟပ်စေသည်။<br>√ တွေ့ရှိချက်များကို အတည်ပြုရန် ဖြစ်နိုင်သည်။ | **ကောင်းကျိုးများ**<br>√ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းအရေအတွက်များများကို မေးမြန်းနိုင်သည်။<br>√ ပုဂ္ဂလဓိဋ္ဌာန်ကျသော၊ အရည်အသွေးပြအချက်အလက်များကို ပံ့ပိုးပေးရန် ဓမ္မဓိဋ္ဌာန်ကျသော အချက်အလက်ဖြစ်သည်။<br>√ ရလဒ်များကို ကိုယ်ပိုင်အဖြစ် ပိုမိုသေချာစေသည်။ |
| **ဆိုးကျိုးများ**<br>√ သြဇာရှိသူကြောင့်ဖြစ်သော ဘက်လိုက်မှု ဖြစ်လာနိုင်သည်။<br>√ တုံ့ပြန်ဖြေဆိုသူအရေအတွက် အကန့်အသတ်ရှိသည်။ | **ဆိုးကျိုးများ**<br>√ စစ်တမ်းကောက်ယူမှု တစ်ခုတည်းအပေါ် အားကိုး၍မရနိုင်ပေ။<br>√ ဓမ္မဓိဋ္ဌာန်ကျသောအချက်အလက်များဖြင့်သာ လွှတ်တော်များကို အထောက်အကူပြုခြင်းမှာ သိမ်မွေ့လွန်းပြီး ရှုပ်ထွေးလွန်းလှသည်။ |

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေအကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

# (ဂ) သင်တန်း သင်ရိုးညွှန်းတမ်းပုံစံ

<table>
<tr><td colspan="3">သင်တန်းအမည်:</td></tr>
<tr><td>သင်တန်းအမျိုးအစား</td><td colspan="2">❑ သင်တန်း ❑ နမူနာလေ့လာခြင်း ❑ အလုပ်ရုံဆွေးနွေးပွဲလုပ်ခြင်း ❑ ရှင်းလင်းတင်ပြခြင်း</td></tr>
<tr><td>သင်တန်းတာဝန်</td><td colspan="2"></td></tr>
<tr><td>သင်တန်း ရည်ရွယ်ချက်များ</td><td colspan="2">•<br>•</td></tr>
<tr><td>သင်တန်းနည်းနာ</td><td colspan="2">(သင်တန်း၏ယေဘုယျအကြောင်းအရာ၊ သင်တန်းသင်ကြားပုံနှင့်စပ်လျဉ်းသည့်ဖော်ပြချက်၊ ဥပမာ- တီဗီရှိုးတစ်ခုဖြစ်ကြောင်း၊ ကျွမ်းကျင်သူများနှင့် စကားရည်လုပွဲ သို့မဟုတ် အလှည့်ကျစားပွဲဝိုင်းများပုံစံဖြင့် ကျင်းပခြင်း - အနာဂတ်တွင် တူညီသော သို့မဟုတ် အလားတူ သင်တန်းဖွင့်လှစ်ရန်အတွက် ဤပုံစံအတိုင်းလုပ်နိုင်ရန် စာကြောင်း ၂-၃ ကြောင်းပြောကြားရန်)</td></tr>
<tr><td rowspan="3">သင်တန်းသား/သူများ</td><td colspan="2">(အကြောင်းအရာနှင့်ပတ်သက်၍ သင်တန်းသားများ မည်မျှကျွမ်းဝင်မှုရှိကြောင်း ဖော်ပြချက်အတို (မရှိပါ၊ အခြေခံ၊ အဆင့်မြင့်)နှင့် သူတို့၏ကျွမ်းကျင်မှု(များ) အဆင့်(များ)</td></tr>
<tr><td colspan="2">သင့်လျော်သောသင်တန်းသား/သူ အရေအတွက်: #</td></tr>
<tr><td colspan="2">ဦးတည်သင်တန်းသားများ<br>❑ လွှတ်တော်ကိုယ်စားလှယ်များ ❑ လွှတ်တော်ရုံးဝန်ထမ်းများ ❑ စီမံအုပ်ချုပ်ရေး<br>❑ အခြား ____________________</td></tr>
<tr><td>နေ့ရက်နှင့်အချိန်</td><td colspan="2"></td></tr>
<tr><td>သင်တန်းကူ/နည်းပြ</td><td colspan="2">(သင်တန်းပေးမည့်အဖွဲ့ နှင့် ၎င်းတို့၏အခန်းကဏ္ဍများ၊ တာဝန်များကို ဖော်ပြရန်)</td></tr>
<tr><td rowspan="2">သင်ထောက်ကူ လိုအပ်ချက်များ</td><td>သင်တန်းတွင်း လိုအပ်ချက်က ဘာလဲ?</td><td>သင်တန်းခန်းမကို မည်သို့နေရာချထားမည်လဲ?</td></tr>
<tr><td>❑ Flip chart ဒေါက်နှင့် စာရွက်များ<br>❑ White board<br>❑ ပရောဂျက်တာနှင့် ပိတ်ကား<br>❑ ကွန်ပျူတာ<br>❑ စကားပြောစင်<br>❑ ပရင်တာ သို့မဟုတ် မိတ္တူကူးစက်<br>❑ ဘာသာပြန် (တစ်ပြိုင်တည်းပြန်ဆိုခြင်း/ တစ်ခုပြီးတစ်ခုပြန်ဆိုခြင်း)<br>❑ ပရင့်ထုတ်ထားသောစာရွက်များ (အစီအစဉ်၊ လက်ကမ်းစာစောင်များ၊ လမ်းညွှန်များ၊ စာရွက်စာတမ်းများ၊ ရှင်းလင်း တင်ပြချက်များ စသည်ဖြင့်)<br>❑ စာရွက်၊ ဘောပင် စသည်<br>❑ အခြား ____________________</td><td>❑ စာသင်ခန်းပုံစံ<br>❑ U ပုံသဏ္ဌာန်<br>❑ စားပွဲဝိုင်းများ<br>❑ စက်ဝိုင်းပုံသဏ္ဌာန်<br>❑ အခြား ____________________</td></tr>
</table>

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

## သင်တန်းဖွဲ့စည်းပုံ

ကဏ္ဍများ၊ ကဏ္ဍတစ်ခုချင်းစီအတွက် လျာထားသည့်အချိန်၊ ကဏ္ဍအား မည်သူက နည်းပြပေးမည်ဖြစ်ကြောင်းနှင့် ရည်ရွယ်ချက်။ တစ်ရက်လျှင် ၁ နာရီခွဲကြာသည့် ကဏ္ဍ ၄ ခုထက်ပို၍ သင်ကြားမည်မဟုတ်ပေ။

ကဏ္ဍတိုင်းသည် အသုံးပြုမည့်နည်းနာဗေဒကို ဆုံးဖြတ်ပေးသည်။ ဥပမာ- 'သင်တန်းဆရာ၏ ရှင်းလင်းတင်ပြချက်ပြီးနောက် အမေးအဖြေကဏ္ဍပါမည်'၊ 'လက်တွေ့လေ့ကျင့်ခန်း'၊ 'အုပ်စုငယ်ဖွဲ့ဆွေးနွေးခြင်း'၊ 'စကားဝိုင်းထိုင် တင်ပြဆွေးနွေးခြင်း နောက်တွင် အမေးအဖြေကဏ္ဍပါရှိမည်'

| | | | |
|---|---|---|---|
| **ပထမနေ့** | | | |
| **အပိုင်း (ကဏ္ဍ) / သင်ရိုး:** ______________________ | | **ကြာချိန်** | ________ |
| ရည်ရွယ်ချက် | | | |
| နည်းနာဗေဒ | | | |
| သင်တန်းအကူ/နည်းပြ | | | |
| လိုအပ်သည့် သင်ထောက်ကူပစ္စည်း | | | |
| **အပိုင်း (ကဏ္ဍ) / သင်ရိုး:** ______________________ | | **ကြာချိန်** | ________ |
| ရည်ရွယ်ချက် | | | |
| နည်းနာဗေဒ | | | |
| သင်တန်းအကူ/နည်းပြ | | | |
| လိုအပ်သည့် သင်ထောက်ကူပစ္စည်း | | | |
| **အပိုင်း (ကဏ္ဍ) / သင်ရိုး:** ______________________ | | **ကြာချိန်** | ________ |
| ရည်ရွယ်ချက် | | | |
| နည်းနာဗေဒ | | | |
| သင်တန်းအကူ/နည်းပြ | | | |
| လိုအပ်သည့် သင်ထောက်ကူပစ္စည်း | | | |
| **အပိုင်း (ကဏ္ဍ) / သင်ရိုး:** ______________________ | | **ကြာချိန်** | ________ |
| ရည်ရွယ်ချက် | | | |
| နည်းနာဗေဒ | | | |
| သင်တန်းအကူ/နည်းပြ | | | |
| လိုအပ်သည့် သင်ထောက်ကူပစ္စည်း | | | |
| | | ***သင်တန်းစုစုပေါင်းကြာချိန်*** | ________ |

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေအကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

# (ဃ) အင်္ဂလိပ်ဘာသာဖြင့် ရရှိနိုင်သော သုတေသနရင်းမြစ်များ

## စိုက်ပျိုးရေးကဏ္ဍ

***ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း** - FAOLEX: မြန်မာ*
http://www.fao.org/faolex/country-profiles/general-profile/en/?iso3=MMR

(ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း) စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် ပြန်လည်အသုံးပြုနိုင်သော သဘာဝအရင်းအမြစ်များဆိုင်ရာ အမျိုးသားဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ သိမ်းဆည်းရာ အချက်အလက်ဘဏ်။

***ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း** - FAOSTAT:*
http://www.fao.org/faostat/en/#home

FAOSTAT သည် နိုင်ငံပေါင်း ၂၄၅ နိုင်ငံကျော်နှင့် ပိုင်နက်နယ်မြေများအတွက် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအချက်အလက်များကို အခမဲ့အသုံးပြုခွင့်ပေးပြီး ၁၉၆၁ မှ အနီးစပ်ဆုံးရနိုင်သည့်နှစ်များအထိ FAO ဒေသလိုက်အုပ်စုများအားလုံး ပါဝင်သည်။
မြန်မာ: http://www.fao.org/faostat/en/#country/28

***ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း - ပုံနှိပ်ထုတ်ဝေမှုများ***
http://www.fao.org/publications/en/

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းတွင် အခမဲ့ရနိုင်သော ပုံနှိပ်ထုတ်ဝေမှုများ။

***နိုင်ငံတကာစားနပ်ရိက္ခာမူဝါဒဆိုင်ရာ သုတေသနအဖွဲ့အစည်း - ပုံနှိပ်ထုတ်ဝေမှုများနှင့် နည်းကိရိယာ (နည်းလမ်း)များ***
http://www.ifpri.org/publications

ဤအဖွဲ့အစည်းသည် ကမ္ဘာအနှံ့ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး တခါတရံတွင် မူရင်းအချက်အလက်များ ကောက်ယူခြင်းနှင့် တစ်ဆင့်ခံအချက်အလက်များကို စုစည်းပြီး အသုံးပြု၍ရသောပုံစံသို့ပြောင်းရာတွင် ပါဝင်ခဲ့သည်။ ရလာသော အချက်အလက်အစုများသည် ဒေသ(အိမ်ထောင်စုနှင့် ရပ်ရွာလူထု)၊ နိုင်ငံနှင့်ကမ္ဘာအဆင့်တို့တွင် များပြားသော သတင်းအချက်အလက်များကို ပံ့ပိုးပေးသည်။ အောက်ပါအချက်အလက်အမျိုးအစားများကို ရနိုင်သည်- ပုံပြအချက်အလက်များ၊ အိမ်ထောင်စုနှင့် ရပ်ရွာလူထုအဆင့်စစ်တမ်းများ၊ အဖွဲ့အစည်းအဆင့်စစ်တမ်းများ၊ ဒေသဆိုင်ရာအချက်အလက်များ (တရုတ်နိုင်ငံ)၊ လူမှုစာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းများ၊ စိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာညွှန်ကိန်းများဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှုညွှန်ကိန်း (Global Hunger Index) လည်း ပါဝင်သည်။

# ဘဏ္ဍာရေး အရင်းအမြစ်များ

***အာရှတိုက်ဒေသတွင်း ပေါင်းစည်းရေးစင်တာ - မြန်မာ***
*https://aric.adb.org/myanmar/overview*

အသားတင်ပြည်တွင်းထုတ်လုပ်မှု (GDP)ဆိုင်ရာ အချက်အလက်

***နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) - မြန်မာ***
*http://www.imf.org/external/country/mmr/*

မြန်မာနိုင်ငံနှင့် သက်ဆိုင်သော နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ သတင်းများ။

***စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဖွဲ့အစည်း (OECD) စာကြည့်တိုက်***
*http://www.oecd-ilibrary.org/#*

ECD အီလက်ထရောနစ်စာကြည့်တိုက်သည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD) ၏ အွန်လိုင်း စာကြည့်တိုက်ဖြစ်ပြီး စာအုပ်များ၊ စာတမ်းများ နှင့် စာရင်းအင်းများပါဝင်ကာ၊ OECD ၏ သရုပ်ခွဲလေ့လာမှုနှင့် အချက်အလက်များသို့ သွားရာ တံခါးဖြစ်သည်။ OECD အီလက်ထရောနစ်စာကြည့်တိုက်တွင် အပြည်ပြည်ဆိုင်ရာစွမ်းအင်အဖွဲ့ (IEA)၊ နျူကလီးယား စွမ်းအင်အေဂျင်စီ (NEA)၊ OECD ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ အပြည်ပြည်ဆိုင်ရာကျောင်းသားများ ဆန်းစစ်လေ့လာမှုစီမံကိန်း (Programme for International Student Assessment - PISA) နှင့် အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးဖိုရမ် (ITF) မှ ပုံနှိပ်ထုတ်ဝေသော အကြောင်းအရာများပါဝင်သည်။

***စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဖွဲ့အစည်း (OECD)***
*http://www.oecd.org/*

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဖွဲ့အစည်း (OECD)၏ ရည်မှန်းချက်ပန်းတိုင်မှာ ကမ္ဘာအနှံ့ရှိလူများ၏ စီးပွားရေးနှင့် လူမှုဖူလုံရေးတို့ တိုးတက်ကောင်းမွန်စေမည့် မူဝါဒများကို မြှင့်တင်ရန်ဖြစ်သည်။

မြန်မာ *http://www.oecd.org/countries/myanmar/*

သတင်းအချက်အလက်များကို ပြင်သစ်ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ရယူနိုင်သည်။

***ကမ္ဘာ့ဘဏ် - အချက်အလက်ဘဏ်***
*http://databank.worldbank.org/data/home.aspx*

ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးညွှန်ကိန်းများကဲ့သို့သော ကမ္ဘာ့ဘဏ်၏အချက်အလက်များ သိမ်းဆည်းရာနေရာသို့ လက်လှမ်းမီအသုံးပြုခြင်း။ ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးညွှန်ကိန်းများသည် နိုင်ငံပေါင်း ၂၀၈ နိုင်ငံနှင့် နိုင်ငံအုပ်စုပေါင်း ၁၈ အုပ်စုတို့အတွက် ၁၉၆၀ ခုနှစ်မှ လက်ရှိအချိန်အထိ အချိန်အတွဲဆက်များဖြင့် ဖွံ့ဖြိုးရေးညွှန်ကိန်း ၇၀၀ ကျော်အား တိုက်ရိုက်လက်လှမ်းမီသည်။

---

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

## ပညာရေး

***UNESCO ဘန်ကောက် - အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ပညာရေးဌာန***
*http://bangkok.unesco.org/*

ကျန်းမာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု ဆိုင်ရာ ကုလသမ္မဂ္ဂအဖွဲ့အစည်း (UNESCO) တွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်ပေါင်း ၁၉၅ ဦးနှင့် လက်ထောက်အဖွဲ့ဝင် ၁၀ ဦးပါဝင်သည်။
*http://en.unesco.org/countries/myanmar*

မြန်မာဘာသာအပါအဝင် ဘာသာအမျိုးမျိုးဖြင့် ထုတ်ဝေဖြန့်ချိမှုကို အောက်ပါနိုင်ငံမှ ပြုလုပ်ထားပြီး ရှာဖွေနိုင်သည်။
*http://bangkok.unesco.org/publications*

## စွမ်းအင်

***အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA)***
*https://www.iea.org/*

IEA သည် ကမ္ဘာ့စွမ်းအင်ရှုမြင်သုံးသပ်ချက်၊ IEA စွမ်းအင်ဂျာနယ်နှင့် နိုင်ငံဆန်းစစ်ချက်များကဲ့သို့သော အခမဲ့ပုံနှိပ်ထုတ်ဝေမှု ၇၀ ခန့်ကို ပုံနှိပ်ထုတ်ဝေသည်။

မြန်မာ *https://www.iea.org/countries/non-membercountries/myanmar/*

## သဘာဝပတ်ဝန်းကျင်

***သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုညွှန်ကိန်း***
*http://epi.yale.edu/*

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုညွှန်ကိန်း (EPI) သည် လူသားကျန်းမာရေးကာကွယ်စောင့်ရှောက်မှုနှင့် ဂေဟစနစ်များကို ကာကွယ်စောင့်ရှောက်မှုဟူသော နယ်ပယ်နှစ်ခုရှိ ဦးစားပေးအဆင့်မြင့်သော ပတ်ဝန်းကျင်ပြဿနာများအပေါ် နိုင်ငံများ၏လုပ်ဆောင်ချက်ကို အဆင့်သတ်မှတ်ပေးသည်။

***ရေအရင်းအမြစ်အချက်အလက်***
*http://waterdata.iwmi.org/*

ရေအရင်းအမြစ်အချက်အလက် (WaterDate) ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာရေစီမံခန့်ခွဲမှုအဖွဲ့အစည်း၏ မော်ကွန်းတိုက်အတွင်းတွင် သိမ်းဆည်းထားသော အချက်အလက်ရင်းမြစ်များအားလုံးအား တစ်နေရာတည်းမှ လက်လှမ်းမီမှုကိုပေးသော အပြည်ပြည်ဆိုင်ရာ ရေစီမံခန့်ခွဲမှုအဖွဲ့အစည်းမှ ပေါင်းစည်းထားသော အွန်လိုင်းနေရာတစ်ခုဖြစ်သည်။

---

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

# ကျန်းမာရေး

*ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစာကြည့်တိုက်*
*http://www.globalhealthlibrary.net/php/index.php*

AIM (AFRO), LILACS (AMRO/PAHO), IMEMR (EMRO), IMSEAR (SEARO), WPRIM (WPRO) တို့အပါအဝင် ဒေသအလိုက် ဆေးဝါးကုသမှုညွှန်ကိန်းများဆိုင်ရာ စာပေတို့ကို ရှာဖွေနိုင်ရန် WHO ၏ အချက်အလက်ဘဏ်ဖြစ်သည်။

*ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအချက်အလက်ဖလှယ်ခြင်း (IMHE)*
*http://ghdx.healthdata.org/*

ကျန်းမာရေးမက်ထရစ်အဖွဲ့အစည်းမှ စစ်တမ်းများ၊ သန်းခေါင်စာရင်းများ၊ အရေးကြီးအချက်အလက်များနှင့် အခြားကျန်းမာရေးနှင့် ဆိုင်သော အချက်အလက်များနှင့် ဝါရှင်တန်တက္ကသိုလ်မှ အကဲဖြတ်မှုများ။

မြန်မာအချက်အလက် *http://ghdx.healthdata.org/geography/myanmar*

*WHO မှ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးကို စောင့်ကြည့်လေ့လာမှု*
*http://www.who.int/gho/en/*

ကမ္ဘာအနှံ့ကျန်းမာရေးစောင့်ကြည့်လေ့လာခြင်းအတွက် အချက်အလက်များနှင့် သရုပ်ခွဲလေ့လာမှုများကို လက်လှမ်းမီစေမည့် WHO ၏ အွန်လိုင်းနေရာ။ အဆိုပါလင့်ခ်သည် အရေးကြီးကျန်းမာရေးအခြေအနေများအတွက် အချက်အလက်များနှင့် သရုပ်ခွဲလေ့လာမှုများသာမက အချက်အလက်ဘဏ်ကို တိုက်ရိုက်လက်လှမ်းမီ အသုံးပြုနိုင်စေသည်။

*လူဦးရေစာရင်းကောက်ခြင်းနှင့် ကျန်းမာရေးစစ်တမ်း (USAID)*
*http://dhsprogram.com/Data/*

DHS သည် ဖွံ့ဖြိုးသောနိုင်ငံများတွင် ကျန်းမာရေးနှင့်လူဦးရေနှင့်စပ်လျဉ်းသော တိကျသည့် နိုင်ငံကိုယ်စားပြုအချက်အလက်များကို ကောက်ယူခြင်းနှင့် ဖြန့်ဝေခြင်းတို့အတွက် တာဝန်ရှိသည်။

မြန်မာအချက်အလက် *http://dhsprogram.com/Where-We-Work/Country-Main.cfm?ctry_id=64&c=Myanmar&Country=Myanmar&cn=&r=4*

*ကမ္ဘာ့ဘဏ် - ကျန်းမာရေး၊ အာဟာရနှင့် လူဦးရေပြစာရင်း*
*http://datatopics.worldbank.org/health/*

နိုင်ငံပေါင်း ၂၀၀ အတွက် ကျန်းမာရေးထူးခြားညွှန်ကိန်းများကို လက်လှမ်းမီရန် စီမံစုဆောင်းထားသည်။

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

*ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)*
http://www.who.int/en/

မြန်မာ http://www.who.int/countries/mmr/en/

*ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ သတင်းအချက်အလက်မျှဝေရေးဆိုင်ရာ အဖွဲ့အစည်းရင်းမြစ် (IRIS)*
http://apps.who.int/iris/

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ သတင်းအချက်အလက်မျှဝေရေးဆိုင်ရာ အဖွဲ့အစည်းရင်းမြစ် (IRIS) သည် ၁၉၄၈ ခုနှစ်ကတည်းက ထုတ်ဝေခဲ့သော WHO ၏ ပုံနှိပ်ထုတ်ဝေခဲ့သော စာတမ်းများနှင့် နည်းပညာသတင်းအချက်အလက်များဆိုင်ရာ ဒစ်ဂျစ်တယ်စာကြည့်တိုက် ဖြစ်သည်။ ယင်းတွင်ပါဝင်သော အကြောင်းအရာများကို အခမဲ့အသုံးပြုနိုင်ပြီး တရားဝင်ဘာသာစကားပေါင်း ခြောက်မျိုးဖြင့်ရှာဖွေနိုင်သည်။

# သမိုင်းဝင်ပစ္စည်းကိရိယာများ

*ကမ္ဘာ့ဒီဂျစ်တယ်စာကြည့်တိုက် - မြန်မာ*
https://www.wdl.org/en/search/?countries=MM

ပညာရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်း (UNESCO)၏ ထောက်ပံ့ပေးမှုဖြင့် အမေရိကန်လွှတ်တော် စာကြည့်တိုက်မှ စုစည်းပေးသော မြန်မာနိုင်ငံမှသမိုင်းဝင်အကြောင်းအရာများပါဝင်သော ဒစ်ဂျစ်တယ်စာကြည့်တိုက်တစ်ခုဖြစ်သည်။

*အရှေ့တောင်အာရှဒီဂျစ်တယ်စာကြည့်တိုက်*
http://sea.lib.niu.edu/

မြောက်ပိုင်း အစ်လီနိုက်တက္ကသိုလ်မှကျင်းပသော အရှေ့တောင်အာရှတွင် ပုံနှိပ်ထုတ်ဝေသော သို့မဟုတ် ထုတ်လုပ်သောအကြောင်း အရာများစွာပါဝင်သော ဒစ်ဂျစ်တယ်စာကြည့်တိုက်တစ်ခုဖြစ်သည်။

မြန်မာဘာသာဖြင့်စုစည်းမှု http://sea.lib.niu.edu/Burma

# နိုင်ငံတကာသုတေသန

ဗဟိုစုံစမ်းစစ်ဆေးရေးဌာန (CIA) - ကမ္ဘာ့အချက်အလက်စာအုပ်
https://www.cia.gov/library/publications/resources/the-world-factbook/

ကမ္ဘာ့အချက်အလက်စာအုပ်မှ သမိုင်း၊ လူ၊ အစိုးရ၊ စီးပွားရေး၊ ပထဝီ၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ စစ်တပ်နှင့် နိုင်ငံတကာကိစ္စ များနှင့်ဆိုင်သော သတင်းအချက်အလက်များကို ကမ္ဘာ့နိုင်ငံ ၂၆၇ နိုင်ငံအတွက် စီမံစုဆောင်းထားသည်။

မြန်မာ https://www.cia.gov/library/publications/resources/the-world-factbook/geos/bm.html

---

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

# တရားမျှတမှုနှင့် လူမှုရေးကိစ္စရပ်များ

***အာရှတိုက်လူမျိုးများဆိုင်ရာ ဥပဒေသတင်းအချက်အလက်အဖွဲ့အစည်း (AsianLII)***

နိုင်ငံပေါင်း ၂၇ နိုင်ငံနှင့် နယ်မြေများမှ အာရှတိုက်လူမျိုးများဆိုင်ရာ ဥပဒေပြုရေးနှင့် အမှုအခင်းများကို အခမဲ့ရယူနိုင်ရန် စီမံစုဆောင်းထားသည်။

မြန်မာ *http://www.asianlii.org/resources/239.html*

***ကမ္ဘာ့ဥပဒေသတင်းအချက်အလက်ဌာန (WorldLII)***

မြန်မာ့ဥပဒေဆိုင်ရာသတင်းအချက်အလက် *http://www.worldlii.org/mm/*

မြန်မာ့တရားရုံးနှင့် အမှုအခင်းဥပဒေ *http://www.worldlii.org/catalog/57123.html*

***ကုလသမဂ္ဂဒုက္ခသည်မဟာမင်းကြီးရုံး (UNHCR) - Refworld***

မြန်မာနိုင်ငံဥပဒေဆိုင်ရာသတင်းအချက်အလက် *http://www.refworld.org/category,LEGAL,,,MMR,,,0.html*

နိုင်ငံတကာတရားရုံးမှ မြန်မာနိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာဥပဒေကို ပုံနှိပ်ထုတ်ဝေမှုများ။

*ထိုထုတ်ဝေဖြန့်ချိမှုသည် ပြင်ပရင်းမြစ်များမှ ဖန်တီးမှုဖြစ်သောကြောင့် ထိရှလွယ်နိုင်သည်။

# အလုပ်သမား

***အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း - NATLEX***
*http://www.ilo.org/dyn/natlex/natlex4.countrySubjects?p_lang=en&p_country=MMR*

အလုပ်သမားများ၊ လူမှုဖူလုံမှုနှင့် သက်ဆိုင်ရာလူ့အခွင့်အရေးများနှင့်စပ်လျဉ်းသည့် အမျိုးသားရေးဥပဒေများဆိုင်ရာ မြန်မာနိုင်ငံ (အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း) အချက်အလက်ဘဏ်

# စာရင်းအင်းနှင့် အချက်အလက်

***မြန်မာနိုင်ငံသတင်းအချက်အလက် စီမံခန့်ခွဲမှုအဖွဲ့ (MIMU)***
*http://www.themimu.info/*

မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) မှ မြန်မာနိုင်ငံအတွင်းရှိ လူသားချင်းစာနာ ထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များနှင့် သုံးသပ်ဆန်းစစ်ချက်များ ပိုမိုအားကောင်းလာစေရန်အတွက် သတင်းအချက်အလက်စီမံခန့်

---

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

ခွဲရေးဝန်ဆောင်မှုများပေးလျက်ရှိသည်။ အထွေထွေအချက်အလက်များနှင့် နိုင်ငံအဝန်းရှိ ကဏ္ဍအသီးသီး၏ နောက်ဆုံးအဆင့်ထိ (ဥပမာ- ပြည်နယ်/တိုင်း၊ မြို့နယ်အဆင့် စသည်) ရရှိနိုင်သည့် အချက်အလက်အမျိုးမျိုးကို သတင်းအချက်အလက်ဘဏ်အဖြစ် ထိန်းသိမ်းထားရှိပါသည်။ အဆိုပါအချက်အလက်များကို လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အစီအမံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းကဏ္ဍများ၌ UN၊ NGO၊ အလှူရှင်နှင့် အစိုးရဌာနများအား အထောက်အကူဖြစ်စေရန်အတွက် မြေပုံများ၊ database များနှင့် အခြားနည်းလမ်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

***စာရင်းအင်းဆိုင်ရာယူနက်စကိုအဖွဲ့အစည်း***
*http://uis.unesco.org/*

စာရင်းအင်းဆိုင်ရာ ယူနက်စကိုအဖွဲ့အစည်း (UIS)သည် ပညာရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှုနှင့်ဆက်သွယ်ရေးတို့နှင့်စပ်လျဉ်းသော နိုင်ငံတကာနှင့်ယှဉ်နိုင်သော အချက်အလက်များဆိုင်ရာ တရားဝင်ဖြစ်ပြီး ယုံကြည်ရသော ရင်းမြစ်တစ်ခုပင်ဖြစ်သည်။

***ကုလသမဂ္ဂ ESCAP (အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်)***

ပုံနှိပ်ထုတ်ဝေမှုများ
*http://www.unescap.org/publications*

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) သည် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလက်ရုံးတစ်ခုဖြစ်သည်။ ထုတ်ဝေမှုများတွင် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စာရင်းအင်းနှစ်ချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ လူမှုရေးစစ်တမ်းများနှင့် အာရှ-ပစိဖိတ်ဖွံ့ဖြိုးတိုးတက်ရေးဂျာနယ်တို့ ပါဝင်သည်။

***ကမ္ဘာ့ဘဏ်ဖွံ့ဖြိုးရေးညွှန်ကိန်းများ***
*http://databank.worldbank.org/data/home.aspx*

နိုင်ငံပေါင်း ၂၀၀ ခန့်ရှိ စီးပွားရေး၊ ပတ်ဝန်းကျင်၊ ကျန်းမာရေး၊ နိုင်ငံရေးနှင့် လူမှုရေးအညွှန်ကိန်းများစွာအား လက်လှမ်းမီစေသည်။ ၁၉၆၀ မှ နောက်ပိုင်းနှစ်များအတွက် ၇၀၀ ထက်မကသော ညွှန်ကိန်းများစွာနှင့် အချိန်အလိုက်အချက်အလက်ကိုလည်း ရရှိနိုင်သည်။ ကမ္ဘာ့စာရင်းအင်းများအပြင် WDI သည် မိုက်ကရိုဆော့ဖ်၊ အိတ်ဖဲလ်နှင့် အခြားစာရင်းအင်းဆော့ဖ်ဝဲလ်များတွင် အချက်အလက်များ အသုံးပြုနိုင်စေသည့် အချက်အလက်ထုတ်ယူသည့် နည်းကိရိယာများကိုလည်း ပံ့ပိုးပေးသည်။

***ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) လူသားဖွံ့ဖြိုးရေးအစီရင်ခံစာ***
*http://hdr.undp.org/en/data*

မြန်မာ *http://hdr.undp.org/en/countries/profiles/MMR*

လူသားဖွံ့ဖြိုးရေးအစီရင်ခံစာရုံး (HDRO) ၏ ရည်မှန်းချက်ပန်းတိုင်မှာ လူသားဖွံ့ဖြိုးတိုးတက်မှုကို အဆင့်မြင့်ရေးဖြစ်သည်။ HDRO သည် ကမ္ဘာလုံးဆိုင်ရာ လူသားဖွံ့ဖြိုးတိုးတက်မှုအကြောင်းအစီရင်ခံစာများနှင့် စာရင်းအင်းများကို ပုံနှိပ်ထုတ်ဝေသည်။

---

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

# (င) ကျား/မရေးရာထိခိုက်မခံသောသုတေသနဆိုင်ရာ မြန်မာဘာသာရင်းမြစ်များ

**ညီမျှခြင်းမြန်မာ (EQMM)**
*http://equalitymyanmar.org/book/archives/category/reference*

လွန်ခဲ့သော ၁၅ နှစ်အတွင်း ညီမျှခြင်းမြန်မာ(EQMM)သည် အမျိုးသမီးများ၊ တက္ကသိုလ်ကျောင်းသားများ၊ ဘုန်းတော်ကြီးများနှင့် ခရစ်ယာန်ဘုန်းကြီးများ၊ တက်ကြွလှုပ်ရှားသူများနှင့် ပြည်သူလူထုခေါင်းဆောင်များအား သင်တန်းများပေးခဲ့ပြီး လူ့အခွင့်အရေးသင်တန်းနည်းပြများနှင့် အားကောင်းသော ကွန်ရက်တစ်ခုတည်ဆောက်ကာ၊ နိုင်ငံအနှံ့နှင့် နယ်နမိတ်ကပ်လျက်ရှိသော ဒေသများ တစ်လျှောက် စည်းရုံးလှုံ့ဆော်ခဲ့သည်။ ၎င်းသည် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှစ်မျိုးလုံးနှင့်ရနိုင်သော လူ့အခွင့်အရေးဆိုင်ရာ ပညာပေးစာစောင်များ၊ အသံပိုင်း/ရုပ်မြင်နည်းကိရိယာများနှင့် အခြားရုပ်သံစုံရင်းမြစ်များစွာကို ထုတ်ဝေခဲ့သည်။

**မြန်မာနိုင်ငံ ကျား/မရေးရာတန်းတူညီမျှမှုကွန်ရက် (GEN)**
*( http://www.genmyanmar.org/research_and_publications*

GEN ၏ ထုတ်ဝေမှုများတွင် စာတမ်းတိုများ၊ လက်ကမ်းစာစောင်များ နှင့် ဥပဒေဘာသာပြန်ဆိုမှုများမှ အစီရင်ခံစာအပြည့်အစုံထိ ပါဝင်သည်။ GEN မှ ထုတ်ဝေသော 'ကန့်လန့်ကာကို လှစ်ဟကြည့်ခြင်း' ခေါင်းစဥ်ဖြင့် စာအုပ်တွင် မြန်မာနိုင်ငံ၏ ကျား/မရေးရာ တန်းတူညီမျှမှုအမြင်ဖြင့် ဓလေ့ထုံးတမ်းများနှင့် လူမှုအလေ့အကျင့်များကို ဖော်ထုတ်ပြသထားသည်။ ဤစာအုပ်မတိုင်မီတွင် မြန်မာနိုင်ငံအတွင်း ကျား/မရေးရာအခြေပြု အကြမ်းဖက်မှု (GBV) ပြဿနာအပေါ် အာရုံစိုက်အလေးပေးသော 'ရိုက်ကွင်းနောက်ကွင်းမှ ကိစ္စရပ်များ' ခေါင်းစဥ်ဖြင့် သုတေသနစာစောင်အားထုတ်ဝေခဲ့ပြီး GBV ပျံ့နှံ့မှုနှင့် GBV အားတိုက်ထုတ်ရန် လုပ်ဆောင်ချက်များကိုပါ ရှာဖွေဖော်ထုတ်ထားသည်။ အခြားပုံနှိပ်မှုများနှင့်အတူ အဆိုပါပုံနှိပ်ထုတ်ဝေမှုနှစ်မျိုးလုံးကို GEN ၏ သုတေသနနှင့် ထုတ်ဝေမှုများ စာမျက်နှာတွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရနိုင်ပေသည်။

**မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုဌာန (MIMU)**
*http://www.themimu.info/*

မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုဌာန (MIMU) မှ မြန်မာနိုင်ငံအတွင်းရှိ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များနှင့် သုံးသပ်ဆန်းစစ်ချက်များ ပိုမိုအားကောင်းလာစေရန်အတွက် သတင်းအချက်အလက် စီမံခန့်ခွဲရေး ဝန်ဆောင်မှုများပေးလျက်ရှိသည်။ အထွေထွေအချက်အလက်များနှင့် နိုင်ငံအဝန်းရှိ ကဏ္ဍအသီးသီး၏ နောက်ဆုံးအဆင့်ထိ (ဥပမာ ပြည်နယ်/တိုင်း၊ မြို့နယ်အဆင့် စသည်) ရရှိနိုင်သည့် အချက်အလက်အမျိုးမျိုးကို သတင်းအချက်အလက်ဘဏ်အဖြစ် ထိန်းသိမ်းထားရှိပါသည်။ အဆိုပါအချက်အလက်များကို လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အစီအမံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းကဏ္ဍများ၌ UN၊ NGO၊ အလှူရှင်နှင့် အစိုးရဌာနများအား အထောက်အကူဖြစ်စေရန်အတွက် မြေပုံများ၊ database များနှင့် အခြားနည်းလမ်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီအသုံးပြုနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

**ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP)**
*https://www.agipp.org/*

ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP) သည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ပါဝင်မှု ပိုမိုတိုးမြင့်လာစေရေး လုပ်ဆောင်ရန် ရည်ရွယ်ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်၏ ညှိနှိုင်းဆွေးနွေးမှုများနှင့် သဘောတူညီမှုများ၌လည်း ကျား၊ မရေးရာ ရှုထောင့်များနှင့် ဦးစားပေးမှုများကို ပါဝင်နိုင်အောင် လုပ်ဆောင်သွားရန်လည်း ရည်ရွယ်ထားပါသည်။

**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF)**
*https://emref.org/mm/publications/social-impact-assessments*

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) သည် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများ၊ လွှတ်တော်၏စွမ်းဆောင်မှုနှင့် အဓိကကျသော ဖွံ့ဖြိုးရေးမူဝါဒကိစ္စရပ်များနှင့်ပတ်သက်၍ စိတ်ချယုံကြည်နိုင်သည့် သတင်းအချက်အလက်များကို ပံ့ပိုးခြင်းအားဖြင့် နိုင်ငံရေးအသိနိုးကြားမှုနှင့် နိုင်ငံသားများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၏ ပါဝင်ဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးခြင်း၌ ၎င်း၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် အခြေခံအုတ်မြစ် တည်ဆောက်ခြင်းသဖွယ်ဖြစ်သည့် သတင်းအချက်အလက်စနစ်တစ်ခုကို ရေးဆွဲဖန်တီးလျက်ရှိရာ ယင်းစနစ်၌ သတင်းအချက်အလက်ကောက်ယူခြင်း၊ လေ့လာသုံးသပ်ခြင်းနှင့် ဝက်ဘ်ဆိုက်၊ လူမှုမီဒီယာနှင့် စာတိုပေးပို့ခြင်းနှင့် Applications များ အသုံးပြုခြင်းကဲ့သို့သော အခြားသော အီလက်ထရွန်နစ်ဆက်သွယ်မှုနည်းလမ်းများဖြင့် လူထုထံသို့ သတင်းအချက်အလက်ဖြန့်ဖြူးခြင်းဟူ၍ လုပ်ငန်းသုံးရပ်ပါဝင်ပါသည်။ ယခုလက်ရှိတွင် EMReF သည် အသက်မွေးဝမ်းကျောင်း၊ ကျား-မ ရေးရာ၊ နိုင်ငံရေးဘောဂဗေဒနှင့် အုပ်ချုပ်မှုပုံစံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေး၊ လူမှုရေးအကျိုးသက်ရောက်မှုများနှင့် လူမှုရေးအကဲဖြတ်တိုင်းတာမှုများ စသည်တို့တွင် သုတေသနလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

**OXFAM**
*https://policy-practice.oxfam.org.uk publications/a-case-for-gender- responsive-budgeting-in-myanmar- 603484*

Oxfam သည် ၎င်း၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာမှု နှင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများတွင် အခွင့်အရေးအခြေပြုနည်းလမ်းကို အသုံးပြုသည်။ လူသားအားလုံးသည် သင့်လျော်ရာအလုပ်နှင့် ဝင်ငွေလုံခြုံစိတ်ချရမှု ရှိသင့်ကြောင်း၊ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ အသုံးပြုနိုင်သင့်ကြောင်းနှင့် လူတိုင်းတွင် ကျား/မတန်းတူညီမျှမှု၊ ပဋိပက္ခများနှင့် ဘေးအန္တရာယ်များ၏ ဘေးမှလုံခြုံစိတ်ချမှုရှိပြီး လူမှုရေးနှင့် နိုင်ငံရေးဘဝများတွင် ပါဝင်ဆောင်ရွက်နိုင်သင့်ကြောင်း လက်ခံယုံကြည်ထားသည်။ ၎င်းတို့၏ဝက်ဘ်ဆိုက်တွင် အဆိုပါရည်ရွယ်ချက်များ ပြည့်မီစေရန်အတွက် OXFAM မှဆောင်ရွက်သော စီမံကိန်း၊ စည်းရုံးလှုံ့ဆော်မှုနှင့် သုတေသနအကြောင်း အစီရင်ခံစာများနှင့်စာတမ်းများကို အမျိုးအစားများစွာ ရွေးချယ်ကြည့်ရှုနိုင်သည်။

**အာရှဖောင်ဒေးရှင်း (TAF)**
*https://asiafoundation.org/wp-content/uploads/2016/05/MM-Gender-Paper_MM.pdf*

အာရှဖောင်ဒေးရှင်း (TAF) သည် စီမံအုပ်ချုပ်မှု အားကောင်းခိုင်မာစေခြင်း၊ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ စီးပွားရေးအခွင့်အရေးများ တိုးချဲ့ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ခြင်းနှင့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း လုပ်ငန်းများတွင် အာရှတိုက်ရှိ နိုင်ငံပေါင်း ၁၈ နိုင်ငံ၌ အခြေချလုပ်ဆောင်နေသည်။ ၎င်း၏ ဝက်ဘ်ဆိုက်တွင် ကျား/မ တန်းတူညီမျှမှု ပြဿနာရပ်များအပေါ် အာရုံစိုက်သော သရုပ်ခွဲလေ့လာမှုအပါအဝင် အစီရင်ခံစာများစွာကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဝင်ရောက်ကြည့်ရှုနိုင်သည်။

---

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

**Care Myanmar**

*http://www.caremyanmar.org/wp-content/uploads/2014/10/Gender-Analysis-Report-_Final.pdf*

CARE သည် ကျား/မတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်၊ ပြည်သူ့ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ရေသန့်ရှင်းရေး၊ HIV/AIDS ရောဂါကာကွယ်ခြင်းနှင့် စောင့်ရှောက်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်စောင့်ရှောက်ခြင်း၊ (စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်း အလေ့အကျင့်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ထောက်ပံ့ရေး အပါအဝင်) စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းလုံခြုံစိတ်ချမှုနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းတို့အပါအဝင် ခေတ်နှင့်လျော်ညီသော အကြောင်းအရာများမှတစ်ဆင့် လူမှုအဆင့်အတန်း တိုးတက်မြင့်မားရေးကို ရည်ရွယ်လျက် မြန်မာနိုင်ငံတွင် ၁၉၉၅ ခုနှစ်မှစတင်၍လုပ်ကိုင်ခဲ့သည်။ ၎င်း၏ ဝက်ဆိုဒ်တွင် အမျိုးသမီးပြောင်းရွှေ့နေထိုင်သူများနှင့် အမျိုးသမီးလိင်အလုပ်သမားများ၏ ကျား/မရေးရာ သရုပ်ခွဲလေ့လာမှုတစ်ခုအပါအဝင် အစီရင်ခံစာများစွာအား ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

**ဖန်တီးအိမ် (Creative Home)**

*https://www.phanteeeain-myanmar.org/publication/*

ဖန်တီးအိမ် (PTE) အဖွဲ့ကို ပြည်သူ့နီတိနှင့် ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲပေးသူ ပညာပေးခြင်းတို့ဆောင်ရွက်ရန်အတွက် ၂၀၀၉ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၂၀၁၂ မှစတင်၍ မြန်မာနိုင်ငံတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ခံ အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်နှင့် ကျွမ်းကျင်မှုတို့ကို အားကောင်းစေခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများအကြား ကျား/မရေးရာတန်းတူညီမျှမှု မြှင့်တင်ရေးများကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

*ဤစာတမ်းကို ကမ္ဘာ့ရေးရာအဖွဲ့ ကနေဒါ နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ၊ အိုတဝါ၊ ကနေဒါမှ ထောက်ပံ့ငွေ အကူအညီဖြင့် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။*

ဤစာအုပ်ကို **ကနေဒါနိုင်ငံဆိုင်ရာ ကမ္ဘာ့ရေးရာအဖွဲ့** (GAC)**နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ** (IDRC) တို့ထံမှ ရန်ပုံငွေထောက်ပံ့မှုဖြင့် စီစဉ်ရေးဆွဲခြင်းဖြစ်သည်။

Government of Canada Gouvernement du Canada

IDRC | CRDI

